
www.burmeseclassic.com




BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် – ၅၀၀၀၃၉၀၁၀၉
အဖုံးခွင့်ပြုချက်အမှတ် – ၅၀၀၁၆၄၀၂၀၉

■

စီစဉ်သူ ။ ကိုတင်ထွန်း

■

ပုံနှိပ်ခြင်း
ပထမအကြိမ် ။ ၂၀၀၉၊ ဧပြီလ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ မြတ်မင်းဟန်
ကွန်ပျူတာစာစီ ။ *Welfare*
အတွင်းဖလင် ။ *Quality*

■

ပုံနှိပ်သူ
ဦးမန်းနော်တင် (ဖိုးကာရင်ပုံနှိပ်တိုက်) (၀၂၈၀၁)
အမှတ်(၁၂၀)၊ မင်းရဲကျော်စွာလမ်း၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။

■

ထုတ်ဝေသူ
ဦးတင်ထွန်း ( မြ )(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

■

တန်ဖိုး – ၁၂၀၀ကျပ်

ဓ၉၅ • ဓ၃

ညီမှိုင်း၊မောင်၊သန်လျင်
ဘဝပေါင်းကမ်းခင်ကြီးနှင့်ကဗျာရဝတ္ထုတိုများ /
မောင်ညီမှိုင်း(သန်လျင်)———ရန်ကုန်
**New Idea** စာပေ၊ ၂၀၀၉။
စာ –၁၇၅ ၊ ၂၁၆ စင်တီ။

# မာတိကာ

| စဉ် | ဝတ္ထုအမည် | စာမျက်နှာ |
|---|---|---|
| ၁။ | ဘဝပေါင်းကမ်းခင်ကြီးအားလည်း ကျေးဇူးတင်ပါသည်ရှင်<br>မောင်ညီမှိုင်း (သန်လျင်) | ၁ |
| ၂။ | ရေတက်လှေထော်သဲရေကျလှေထော်သဲ<br>နတ်ကျူး | ၃၆ |
| ၃။ | သစ်နက်ရေမိုးညဉ့်<br>ဝညားကျော် | ၅၀ |
| ၄။ | ကြမ္မာရယ်<br>သီဟထိန်တင်စော | ၇၄ |
| ၅။ | ယုံရခက်တဲ့ ကြံ့ရှုံ့<br>စောင်းမှူးကြီးသိန်းဝင်း | ၁၀၄ |

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# ဘဝဟောင်းက မိခင်ကြီးအားလည်း ကျေးဇူးတင်ပါသည်ရှင့်

မောင်ညီမှိုင်း(သန်လျင်)

ဘုရားရှင်ကိုယ်တော်မြတ် ဟောကြားခဲ့သည့် တရားဓမ္မဆိုးမ စကားတစ်ခွန်းကြားသိဖတ်ရှု တစ်ဆင့်ခံနားကြား မှတ်သားရဖူးဒါ။

ဤလောကဌ် အဆွေအမျိုးတော်စပ်ခဲ့ဖူးသူ မရှိတဲ့။

ဘဝဟောင်းနှင့် ဘဝသစ်တို့သည်း အဆက်အစပ်ရှိခဲ့ဒါ။

အဆွေအမျိုးတော်ခဲ့ဖူးကြဒါ။

လူနှင့်လူချင်း

လူနှင့် တိရစ္ဆာန်ချင်း

ပရိဒေဝလောကနှင့် လက်ရှိလူ့ဘဝ

တိရိစ္ဆာန်နှင့် တိရိစ္ဆာန်ချင်း . . .





ဘဝကူးအမျိုးမျိုး . . . အကြောင်းအမျိုးမျိုးဖြင့် တော်စပ်ခဲ့ကြဖူးဒါ။ အချို့က ဘဝရဲ့ အဆက်အစပ် အကူးအပြောင်းကို လှုဝင်စားဘဝနှင့် သိရှိခံစားနားလည်ကြဒါ။ အချို့က ဘဝဟောင်းရဲ့ အဆက်အစပ်ကို မသိရှိကြ။

အတိတ်ဘဝကို ဇာတိဿရဉာဏ်ဖြင့် တစ်ဘဝသိသူ၊ တစ်ဘဝထက်ပိုသိသူ များစွာရှိကုန်သည်ဟု ကျမ်းဂန်များ၌ ဆိုခဲ့ဒါ။

ဇာတိဿရဉာဏ်ထက် ပို၍အဆင့်မြင့်သော ပုဗ္ဗေနိဝါသဉာဏ်ဖြင့် လွန်လေပြီးသော အတိတ်ဘဝပေါင်းများစွာကို သိမြင်နိုင်သည်ဟုလည်း ကျမ်းဂန်များက ဆိုခဲ့၍

ငင်းပုဂ္ဂိုလ်များမှာ

သာသနာပ ရသေ့များ . . .

ပကတိသာဝကများ . . .

မဟာသာဝကများ . . .

အဂ္ဂသာဝကများ . . .

ပစ္စေကဗုဒ္ဓါများ . . . နှင့်

သမ္မာသံဗုဒ္ဓဘုရားရှင်တို့ ဖြစ်ကြသည်တဲ့။

ဇာတိဿရ ဉာဏ်ကျတော့တစ်မျိုး။ ငင်းဇာတိဿရဉာဏ်က ပါရမီဓာတ်ခံ အနုအရင့်ကိုလိုက်၍ ဖြစ်တတ်၏။

လူဖြစ်စေ နတ်ဖြစ်စေ တိရစ္ဆာန်ဖြစ်စေ အတိတ်ဘဝမှ သေလွန်၍ ယခုဘဝလူပြန်ဖြစ်ပြီးနောက် ရှေးဘဝသိမြင်သူများကို ဇာတိဿရဉာဏ်ရသူ (ဝါ) လှုဝင်စားဟု ခေါ်ကြဒါ။

လူသတ္တဝါတို့ဒါ သံသရာကို သရက်ပင်နှင့် ဥပမာပြုကြဒါ၊

www.burmeseclassic.com



အသီးသီးပြီးလျှင် အစေ့ပြန်ပေါ်လာပြန်၏။

ထိုအစေ့မှာ အပင်ပေါက်ပြီး အသီးသီးပြန်၏။

တစ်ဖန်အစေ့ဖြစ်လာပြန်၏။

အစေ့မှအပင်ပေါက်ပြန်၏။ သံသရာမဆုံးနိုင်။

ကမ္မဝဋ်ရှိလျှင် ဝိပါကဝဋ်ဖြစ်၏။ ဝိပါကဝဋ်ဖြစ်လျှင် ကိလေသာဝဋ် ဖြစ်ပေါ်လာ၏။ ဝိပါကဝဋ်ဖြစ်လျှင် ကိလေသာဝဋ်ဖြစ်ပေါ်လာပြန်သည်။ ဤသို့လျှင် ဝဋ်သုံးပါး သံသရာစက်ကြီးသည် စက်သီးပမာ ချာချာလည်သကဲ့သို့ နိဗ္ဗာန်မရောက်မချင်း လည်နေတော့သတည်း။

မြတ်စွာဘုရားရှင်သည် သတ္တဝါတို့၏ အစမထင်မှုကို အနမတဂ္ဂသုတ်၊ တိဏကဋ္ဌသုတ် ပထဝီသုတ်တို့၌

"ရဟန်းတို့ သံသရာ၏ အစကို မသိနိုင်။ အဝိဇ္ဇာဖုံးကွယ်အပ်ကုန်၏။ တဏှာနှောင်ကြိုး ဆွဲချည်အပ်ကုန်သည်ဖြစ်၍ ဤဘဝမှ ထိုဘဝ၊ ထိုဘဝမှ ဤအဘဝသို့ ပြေးလွှားကျင်လည်ရသော သတ္တဝါတို့၏ ရှေးအစွန်းသည် မထင်နိုင်ချေ။

"ဥပမာသော်ကား ယောက်ျားတစ်ယောက်သည် ဇမ္ဗူဒိပ်ကျွန်းတွင် ရှိသမျှသော ထင်း၊ မြက်၊ သစ်ခက်၊ သစ်ရွက်များကိုဖြတ်၍တစ်ပေါင်းတည်း စုပုံထားပြီး လက်လေးသစ်မျှ ကျည်းသားလောက်ပြု၍ ဤကား ငါ၏အမိအဘစသည်ဖြင့် ချ၍ရေတွက်သော် ဤဇမ္ဗူဒိပ်ကျွန်း၌ ရှိသမျှသော ထင်း၊ သစ်ခက်၊ သစ်ရွက်တို့သာ ကုန်သွားမည်။ ထိုယောက်ျား၏ အမိအဘတို့ကား မကုန်နိုင်သည်သာတည်း"ဟု ဟောကြားခဲ့၏။

ထို့နည်းတူ မဟာမြေကြီးကို ဇီးစေ့လောက်အလုံးများ ပြုလုပ်





ကာ ဤကား ငါ၏အဖ ဤကား အဖေ၏အဖဟုချ၍ ရေတွက်သည်ရှိသော် ဤပထဝီမြေကြီးသာ ကုန်ရာ၏။ ထိုယောက်ျား၏ အဖအဆက်သည်ကား မကုန်နိုင်ရာ။

ကျမ်းကိုး – တက္ကသိုလ်သျှင်သီရိ(လူဝင်စား)

* * *

(၂)

တစ်နေ့သောအခါ ကျွန်ုပ်သည် ဒေါ်ညိမ်းမြခင်ဆိုသော ဘွားအေအရွယ် မိန်းမကြီးတစ်ဦးနှင့် စကားလက်ဆုံကျမိပြီးနောက် ထူးဆန်းအံ့ဖွယ် ဖြစ်ရပ်အကြောင်းကို ကြားသိခဲ့ရ၏။

ကံတရား၏ ဆန်းကြယ်မှု . . .

သံသရာ၏ အံ့ဩဆန်းကြယ်မှုများအကြောင်း ဘုရားဟောနှင့် ယှဉ်ထိုးခံစားကြည့်မိပြီးသောအခါ

လူဝင်စားတို့ရဲ့ဘဝ . . .

www.burmeseclassic.com

www.burmeseclassic.com



ဘဝဟောင်းက တော်စပ်ခဲ့ဖူးသော ဇာတိသဿရဉာဏ်စဉ် အနှုန်းမမြင်ခဲ့ရသော မိခင်(သို့မဟုတ်)ဖခင်တို့ရဲ့ မေတ္တာကျေးဇူးများကို နှဒိတာစိတ်နှင့် ခံစားနားလည်သလို ရှိလာခဲ့၏။

သို့နှင့်

ဒေါ်ညိမ်းမြခင်ရဲ့ဘဝကို ကျွန်တော်ခံစားဖွဲ့သီဖြစ်ခဲ့တော့သည်။

✿ ✿ ✿

(၃)

ညိမ်းမြခင် ၅ နှစ်သမီးအရွယ်အရောက်မှာ အမေ ဒုတိယ ကလေးကို မီးဖွားရင်း ကွယ်လွန်အနိစ္စရောက်သွားခဲ့ရ၏။

အမေသည် သားစိမ်းငါးစိမ်းချက်ကို အလွန်ကြိုက်၏။

နွတ်ဝသီကြမ်း၏။

သို့သော် သမီးလုပ်သူ သူမကို ရင်နှင့်အမျှ ချစ်ခဲ့သည်။ ဝင်သားလုပ်သူ အဖေ့ကို ချက်စိအောက်က အပျောက်မခံချင်အောင် ဖြစ်ခဲ့သည်။ ခုတော့ မီးတွင်းထဲမှာ မချိမဆန့်အော်ဟစ် ညည်းတွားရင်း

www.burmeseclassic.com



ကလေးရော လူကြီးပါ ကွယ်လွန်သွားခဲ့ပြီ။

သည်တုံးက . . .

ကလေးအရွယ်အသိနှင့် ညိမ်းမြခင်အမေ့အလောင်းကို ဖက်ပြီး ငိုခဲ့ရသည်။ အမေ့ကို "ပြန်ထပါတော့ အမေရဲ့"ဟု လှုပ်နှိုးအော်ဟစ် ပြောဆိုခဲ့၏။ အမေလုံးဝ ပြန်မထူးခဲ့။

သုဿန်သချိုင်းမှာ မြေမြှုပ်တော့

"အမေ" ဟု အော်ဟစ်ငိုကြွေးရင်း သတိလစ်သွားခဲ့ရသည်။

ခုတော့

ကျွန်မ ညိမ်းမြခင်ရဲ့ အနီးဝန်းကျင်မှာ ဆဲဆိုခေါင်းခေါက်ပြီး ရင်ခွင်ထဲချော့သိပ် အတူအိပ်စက်ခဲ့ရတဲ့ အမေမရှိတော့။

နောင်နှစ်အတန်ကြာ . . .

အဖေရဲ့ ရင်ခွင်ကို အမေ့ရင်ခွင်အမှတ်နှင့် ခိုဝင်တွယ်ဖက်ပြီး အိပ်စက်ခဲ့ရသည်။

အလွမ်းရိပ်ညများ

မျက်ရည်ဖွဲ့နေ့ခင်းများ

ရင့်ရောင်တင်းမာခဲ့ရလေပြီတကား။

✿ ✿ ✿

www.burmeseclassic.com

(၄)

ဘဝရာသီက အပြောင်းအလဲ မြန်လွန်းလှ၏။

ဘဝပန်းချီသည်လည်း အရောင်ယှဲ့ယိုင်လာ၏။

ညိမ်းမြခင် (၁၁)နှစ် သမီးအရွယ်မှာ အဖေနောက်အိမ်ထောင်ပြု ခဲ့သည်။ အဖေ့နောက်မိန်းမ (မိထွေး)ရဲ့အမည်က"မဂျင်"(ခေါ်)မဂျက်တဲ့။

နာမည်နှင့်လိုက်အောင်လည်း၏။

အပလီအနွဲ့များဖြင့် အဖေ့ကို ယုယ၏။ ဤအယုအယ သမုဒ်ပြင်မှာ အဖေနစ်ခဲ့၏။ မိထွေးရဲ့ ဩဇာအတိုင်း အဖေရုပ်သေး ဖြစ်ခဲ့ရ၏။

သို့နှင့် ညိမ်းမြခင် . . .

မိထွေး မဂျက်ရောက်သည့်နေ့မှစ၍ အဖေ့ရင်ခွင်ကျယ်ကြီးကို ကျောခိုင်းခဲ့ရကာ အိမ်ရှေ့ဘုရားစင်အောက်မှာ တစ်ယောက်တည်း အိပ်ခဲ့ရသည်။

မိထွေးသည် အဖေ့ရှေ့မှာ ညိမ်းမြခင်ကို ဆူဆဲ၏။

နောက် ရိုက်နှက်ကန်ကျောက်၏။ အတွန့်များ တက်မိလျှင် ဆံပင်ကျွတ်အောင် ဆွဲဆောင့်ခံရ၏။ အဖေကဝင်တားလျှင် အဖေ့ပါး နီးရာပစ္စည်းနှင့် ကောက်ပေါက်ခံရ၏။ အဖေ့မျက်ဝန်းမှာ ကြေကွဲရိပ်ကို





မြင်ရသော်လည်း ထိုကြေကွဲရိပ်သည် ညိမ်းမြခင်ရဲ့မျက်ရည်စက်များကို ငြိမ်းအေးအောင် မလုပ်နိုင်ခဲ့။

ကြာတော့ . . .

အဖေစိတ်ညစ်ရင်း အလုပ်ပင်ပန်းရင်း အရက်စွဲလာခဲ့၏။

မိထွေးကွယ်ရာမှာ သားအဖနှစ်ဦး ဆုံကြလျှင် အဖေက ညိမ်းမြခင်ကိုဖက်၍ မျက်ရည်များ ကျလေ့ရှိ၏။

အဲဒီလိုနေ့မျိုးရောက်မှ အဖေ့ရဲ့ အကြင်နာမေတ္တာကို ပြည့် ပြည့်ဝဝ ရရှိခံစားရ၍လည်း ကျော်ပေါ်မှ အရှိုးအထစ်ရာများကိုမေ့ပြီး အဖေ့ကို အားရပါးရ ညိမ်းမြခင် ငိုခဲ့ရသည့်နေ့များ အခါအားလျော်စွာ ရှိခဲ့ပါ၏။

"သမီး"

"ရှင် . . . အဖေ"

"အဖေမှားသွားခဲ့ပြီ . . . သမီး"

"အို . . . အဖေရယ်"

"အဖေ . . . လူမိုက်၊ လူအတ္တကို ခွင့်လွှတ်ပါတော့ သမီးရယ်"

"အင့် . . . ဟီး"

"သ . . . မီး"

"အဖေ"

"သ . . . မီး . . . ဟီး . . . ဟီး"

ဤမျက်ရည်များသည် အမေသာ မသေဘဲ သက်ရှိထင်ရှားရှိ လျှင် ပန်းပွင့်များဖြစ်နိုင်ကောင်းရဲ့ဟု ညိမ်းမြခင်တွေးခဲ့ဖူးလေ၏။

* * *

www.burmeseclassic.com

www.burmeseclassic.com

(၅)

ခုတော့ ကံကြမ္မာအရိုင်းက ပန်းပွင့်တိုင်းကို ရက်စက်စွာခြွေခဲ့ပါပြီ။ အဖေ့သင်္ဘောသိပ်မှာ ကုန်ထမ်းရင်း ကုန်းဘောင်ပေါ်က ရေထဲချော်ကျပြီး ရေနစ်ကွယ်လွန်ခဲ့ရပြန်၏။

ဘယ်ညာဝန်းရံခဲ့ဖူးသော

မဟာမြင့်မိုရ်ရွှေတောင်နှစ်လုံးသည် "ဂုန်း"ခနဲလဲပြိုရ၍ အစိပ်စိပ်အမွှာမွှာ ကွဲကြေခဲ့ပါပြီ။

ခုတော့ တိတ်တခိုး အကြင်နာ အနမ်းများ ကွယ်လွင့်ခဲ့ပြန်ပြီ။

မျက်ရည်ရှိရာသို့ မျက်ရည်သည် စီးဝင်လာခဲ့၏။

နောက်ဆုံး ဒီအိမ်မှာ သူမနှင့်မိထွေး"မကျက်"ပဲ ကျန်ရစ်ခဲ့ရ၏။ မိထွေးကို သေလုနဘန်း ကြောက်ရလွန်း၍ မိထွေးရဲ့ ထမီအကျီ ဘော်လီမှအစ လျှော်ဖွပ်ခဲ့ရ၏။ နံနက်စာ ညစာချက်ရ၏။ ပြီး ကျောင်းမှထွက်၍ ဆေးလိပ်ခုံမှာ ဆေးလိပ်သမလုပ်ခဲ့ရ၏။

နေ့စဉ်ရသမျှ မိထွေးကို အပ်ခဲ့ရ၏။

ဆွေမျိုးဉာတိကလည်း မရှိ . . .



သည်အိမ်နှင့်ခြံသည် ကိုယ့်အိမ်ကိုယ့်ခြံ အမွေခံဖြစ်ပါလျက် ကိုယ်မပိုင် အလိုမကျလျှင် မိထွေးက နှိပ်စက်သေးသည်။

အဝတ်အစားမှန်သမျှကို မိထွေးရဲ့အကျကိုပဲ ဝတ်ခဲ့ရ၏။

ဘော်လီအတွင်းခံ ရှိနေတာကို အသစ်ဝယ်ချင်လို့ မပြောရဲ။

တစ်ခါမှာ . . .

ဆေးလိပ်ခုံပိုင်ရှင်မိန်းမက မြင်မကောင်း၍ ထမီဟောင်းတစ်ထည်ပေးခဲ့၏။ အဟောင်းဆိုသော်လည်း ညိမ်းမြခင်ဘဝမှာတော့ အသစ်။

ဒီထမီလေးက အလှူမင်္ဂလာဆောင် ဝတ်သွားလျှင် တင့်တယ်၏။

အဲဒီထမီလေး တစ်နေ့ဝတ်မလို့အလုပ်မှာ မိထွေးမြင်သွားပြီး "ထားခဲ့" ဆို၍ ဆက်မဝတ်ရဲ ခေါက်၍ပေးခဲ့ရသည်။

တစ်ည . . . အိပ်ပျော်သွားခိုက်

"သ . . . မီး"

"သ . . . မီး"

"ဟင် . . . ဘယ်သူလဲ"

ခြေရင်းမှ ခေါ်သံလိုလို . . . လှုပ်နှိုးသံလိုလိုကြားလို့ မျက်လုံးဖွင့်ကြည့်လိုက်တော့ မိန်းမတစ်ယောက် . . . လူလုံးလူဖန်ကို သဲသဲကွဲကွဲမမြင်ရ မိန်းမကြီးက သူမအနီးသို့ တိုးကပ်လာ၏။

"သမီး"

"ဟင်"

အသံက ကွယ်လွန်သူ အမေ့ရဲအသံမျိုးရယ်။

"ဘယ် . . . သူ . . . လဲ . . . အမေလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် . . . အမေပါ . . . သမီးရဲ့"

"အ . . . မေ"

ညိုမ်းမြခင် ဖျာပေါ်မှ ဝုန်းခနဲထလိုက်ပြီး 'အမေ'ကို ဖက်ထားလိုက်သည်။ ဖက်သမှ အားရပါးရ လွတ်မသွားအောင်ကို ဖက်ထားလိုက်တော့ . . .

အမေကလည်း သူမကို ပွေ့ဖက်ထားသည်။

အမေ့ကိုယ်ငွေ့သည် မီးကျိုခဲလို ပူနေ၏။

"ပူ ပူ လှချည်လား အမေ။ အမေနေကောင်းရဲ့လား။ အခု အမေ ဘယ်ရောက်နေတာလဲဟင် . . . သမီးက အမေ့ကိုမျှော်နေတာ"

ဒီမှာပဲ ညိုမ်းမြခင် "အမေ"ဆိုသူရဲ့ မျက်နှာကို အနီးကပ်မြင်လိုက်ရပြီး လွန်စွာအံ့ဩသွားခဲ့ရ၏။

"ဟင် . . . ရှင် . . . ရှင်"

"အမေလေ . . . သမီးရဲ့ . . . အမေပါ . . . ဘာဖြစ်လို့လဲ"

"အို . . . ကျွန်မအမေအရင်း . . . မ . . . မဟုတ်ဘူး"

ညိုမ်းမြခင်မြင်လိုက်ရသည်က မီးတွင်းထဲမှာ ကွယ်လွန်သွားခဲ့သည့် မိခင်အရင်း ဒေါ်ညိုမ်းမြမဟုတ် . . . ခုမြင်နေရသည်က မျက်နှာမှာ အဖုအသီးအပိန့်များနှင့် မိန်းမကြီးတစ်ယောက် ညိုမ်းမြခင်ကြောက်လန့်ပြီး ရုန်းခွာလိုက်သည်။

"အမေပါ သမီးရယ် . . . အမေဟာသမီးရဲ့ အမေအရင်းပါ"

"အို . . . မဟုတ်ဘူး အဒေါ်ကြီး . . . ဘယ်သူလဲ"

"သမီးသိချင်လို့လား"

"အင်း . . . အင်း သိချင်တယ် ဘယ်သူလဲ"





"သမီးရဲ့ ဟိုးတစ်ဘဝဟောင်းက အမေ"

"ရှင် . . . ကျွန်မရဲ့ ဟိုးတစ်ဘဝဟောင်းကအမေ ဟုတ်လား"

"သိပ်ဟုတ်တာပေါ့ သမီးရယ် . . . ငါ့သမီး လူ့ဘဝမှာ ဒုက္ခအင်းရဲရောက်နေတာ မြင်လို့ မရှုရက်လို့ အမေလာခေါ်တာ"

"အို"

"သမီး အမေနဲ့လိုက်ခဲ့တော့"

"ဟင့်အင်း . . . မ . . . မလိုက်ဘူး။ အို . . . ဒေါ်ကြီးကို ကျွန်မ မ . . . မသိဘူး။ ကျွန်မအမေက ဒေါ်ညိုမ်းမြ . . . အမေ ဒေါ်ညိုမ်းမြလာခေါ်ရင် လိုက်မယ်"

"ခက်လိုက်တာသမီးရယ် . . . ကြာရင် သမီးဒုက္ခရောက်မှာ မြင်ရက်လို့ အမေလာခေါ်ရတာပါ ကဲ . . . လာ"

ဒီမှာပဲ မျက်နှာအဖုအပိန့် အသီးများနှင့် ကြောက်စရာကောင်းသော မိန်းမကြီးက သူမရဲ့လက်ကိုအတင်းဆွဲတော့သည်။

ညိုမ်းမြခင် အတင်းရုန်းကန် အော်ဟစ်သည်။

အားချင်းမမျှ၍ မိန်းမကြီးဆွဲရာနောက်သို့ ပါမလိုဖြစ်သွားစဉ် နိုသမျှ အင်အားများကို စုစည်းလိုက်ပြီး ၎င်းဘဝဟောင်းက အမေဆိုသူ မိန်းမကြီးကို ဆောင့်တွန်းပစ်လိုက်သည်။ ဒီမှာ မိန်းမကြီး ဝုန်းခနဲ နောက်ပြန်လဲကျသွား၏။

"ဝုန်း . . . အား . . . သ . . . မီး"

"အမလေး"

ဒီမှာပဲ ညိုမ်းမြခင် လန့်နိုးသွားခဲ့သည်။

"ဘာဖြစ်နေတာလဲ . . . မိညိုမ်း . . . သေနာမ"



www.burmeseclassic.com

www.burmeseclassic.com



အိမ်တွင်းမှ မိထွေးလုပ်သူရဲ့ ပျစ်ပျစ်နှစ်နှစ်ဆဲ၍ မေးလိုက်သံကိုကြားလိုက်ရသည်။

"မေးနေတယ်လေ . . . အနာကျုမရဲ့ . . . တယ် . . . ဝါ"

"အိပ် . . . အိပ် . . . မက် . . . မက်နေလို့ပါ ကြီးကြီး"

"လင်တွေကိုလွမ်းမနေနဲ့ အိပ်ရေးပျက်တယ်အရှင်မရဲ့ ပြန်အိပ်"

သူမကိုယ်ပေါ်မှ ချွေးစေးများကို စောင်နှင့်သုတ်ရင်း တုန်ခါသောရင်နှင့်နှုပ်ုးပေါ် လက်တင်စဉ်းစားလိုက်သည်။

အမေ . . .

အသံကအမေအရင်းရဲ့အသံ . . .

ဒါပေမဲ့ သူမရဲ့ အမေအရင်း ဒေါ်ညိမ်းမြအသံမဟုတ်။

ဟိုး အဝေးဟောင်းက အမေတဲ့ . . .

သူမကို မကြည့်ရက်မရှုရက်လို့ လာခေါ်တာတဲ့။ ဘုရား . . . ဘုရား . . . ဘုရား။

* * *

(၆)

အကြေဆပ်ရမည့် အကုသိုလ်ဝဋ်ကြွေးက ကြေကိုမကြေနိုင်သေး။

ဆင်းရဲဒုက္ခပေါ်သို့ နောက်ထပ် ဆင်းရဲဒုက္ခပြိုကျလာပြန်၏။

မိထွေးမဂျက် နောက်လင်ယူလိုက်သည့်ကိစ္စ။

ကြည့်ဦး . . . ယူလိုက်သည့် လင်ယောကျ်ားက လူကောင်းမဟုတ်။ ဖဲသမား အရက်သမား နာမည်က ဖေဖော်ရင့်တဲ့။

အရပ်ပုပု . . . အသားညိုညို . . . ကုလားဒိန်ကုလားလိုလို . . . ခေါတောကုလားလိုလို ရုပ်မျိုး၊ သောက်လိုက်သည့်အရက်ကလည်း နေကုန်နေခန်း၊ ပြီးတော့ ဖဲသမားပွဲစား။

ဘာကြိုက်လို့ ယူလိုက်သည်မသိ။

"အစ်ကို အစ်ကို" နှင့် နားကြားပြင်းကပ်စရာ ပိုကောင်းလာ၏။ နောတော့ မိထွေးမဂျက်နှင့် သူ့လင် ဖေဖော်ရင့်ရဲ့ အဝတ်အစားများကို နှစ်ဦးလျှော်ဖွပ်ပေးရ၏။ ပြီး မီးပူတိုက်ပေးရ၏။

www.burmeseclassic.com



အသင့်ချက်ပြုတ်ပြီးသည်ကို စားသောက်ပြီး လင်မယားနှစ်ယောက် ဖွဲ့ဝိုင်းသို့ရောက်၏။

ညအချိန်မတော်ပြန်လျှင်

အရပ်ကြားမကောင်းအောင် ဆဲရေးတိုင်းထွာပြီး တံခါးကိုဖွင့်ခိုင်း၏။ ဖဲရှုံးသည့် ညမျိုးနေ့မျိုးနှင့်ကြုံလျှင် လင်မယားနှစ်ယောက်အပျိုလေးသူမကို အသားလွတ်ပါးနားရိုက်၍ နှိပ်စက်ကန်ကျောက်ပြီးမှ အခန်းတွင်း သို့ဝင်၏။

ဖဲနိုင်လာသည့်ညမျိုး အကြံအဖန် ခွင်မိလာသည့် ညမျိုးရောက်လျှင် စားကောင်းသောက်ဖွယ် အမြည်းများဖြင့် တစ်ညလုံးထိုင်စားသောက်ကြ၏။ အယုတ္တ၊အနတ္တ မကြားဝံ့မနာသာ စကားများဖြင့် "မြို" ကြပြီး ပလူးပလဲ လုပ်ကြ၏။

ညိမ်းမြခင်ကို ယောင်လို့ခေါ်မကြေး။

ပြီး . . . . အိပ်ခန်းတွင်းသို့ဝင်ကြပြီး ထရံတစ်ချပ်ခြားသည့် အိပ်ခန်းတွင်းမှာ . . .

ညိမ်းမြခင် စောင်ကို ခေါင်းမြီးခြုံ၍ နားပိတ်ပြီး အိပ်ရ၏။

တစ်ခါတစ်ရံ လန့်ဖျံများပင် အော်ခဲ့ရသေး၏။

အခြားမဟုတ် . . .

မိထွေး မဂျက်ရဲ့ ယောက်ျားဖေဖော်ရင့်က အချိန်မတော်တစ်ရေးနိုးမှာ သူမရဲ့ခြင်ထောင်ကို လာလှန်သောကြောင့်ဖြစ်၏။

ထိုအခါ . . .

မိထွေးက ကလော်၍တုတ်၏။

"အစ်ကို အခန်းမှားသွားလို့ ဂျက်ရဲ့ အော့ ဝေ့"





သို့ကလို လူစား . . . တစ်ည သူမအိပ်ရာပေါ်ဝင်အိပ်နေ၍ အိမ်ရှေ့ သစ်ပင်အောက် ကွပ်ပျစ်ပေါ်မှာ တစ်ညလုံး ငုတ်တုတ်ငိုက်ခဲ့ရလေသည်။

ထိုသို့သောအခါ

သွားလေသူ အဖေနှင့်အမေ့ကိုပြေး၍ သတိရပြီး မျက်ရည်ကျခဲ့ရ၏။

ခုနေ . . . အဖေနှင့်အမေသာ လာခေါ်လျှင် ဘယ်ဘဝရောက်ရရောက်ရ လိုက်သွားချင်သည်။ လာခေါ်ပါ အဖေနှင့်အမေရယ်ဟု ရှုံ့မှိုက်စွာ ဆုတောင်းမိ၏။

ခေါ်မည့်ခေါ်တော့ . . .

အဖေအရင်းနှင့်အမေအရင်း ဝိညာဉ်များမဟုတ်။

ဟိုး ဘဝဟောင်းက မိခင်ဆိုသူက အိပ်မက်ထဲမှာ မကြာခဏလာလာခေါ်ခဲ့၏။ အိပ်မက်အကြိမ်ပေါင်းများလာသောအခါ အိပ်မက်ထဲကလာခေါ်သည့် ဟိုး ဘဝဟောင်းက "အမေ"ဆိုသူကို ကျွမ်းဝင်စပြုလာခဲ့၏။

အားကိုးရာမဲ့ဘဝ မှီခိုရာမဲ့ဘဝ အရေးလုပ်သူ မရှိသည့်ဘဝမှာ

၎င်း အိပ်မက်ရှင် ဟိုး ဘဝဟောင်းက အမေသည် တိုးတိုးဖော်တိုင်ပင်ဖက် အလေးထားရာ မသိမ့်သာ ဖြစ်လာခဲ့ရတော့၏။

"ဒေါ်ကြီးက ဘာလဲဟင်"

"ဒေါ်ကြီးလို့ မခေါ်ပါနဲ့ သမီးရယ်။ အမေလို့ ခေါ်လိုက်စမ်းပါကွယ်။ သမီးလေးဟာ အမေ့ရဲ့ . . . သမီးအရင်းပါ သမီးရဲ့ အမေလို့ခေါ်စမ်းပါကွယ်"



www.burmeseclassic.com

www.burmeseclassic.com



ညိမ်းမြခင် မဝံ့မရဲနှင့် ခေါ်လိုက်မိ၏။

"အ . . . မေ"

"အို . . . အ မေ . . . အ မေတဲ့ . . . သမီး . . သမီး . . ဒါမှ . . . ပြီသမီး"

မျက်နှာမှာ အဖုအသီးများပါသော အရုပ်ဆိုးဆိုး မိန်းမကြီးသည် ညိမ်းမြခင်ရဲ့ပခုံးကိုဆွဲယူကာ သူမရဲ့ရင်ခွင်ထဲမှာ ပွေ့ဖက်ထားလိုက်၏။

အလို ဤဘဝဟောင်းက အမေဆိုသူရဲ့ ရင်သားအစုံရှိရာ ရင်ခွင်သည် ကွယ်လွန်သူ မိခင်အရင်းရဲ့ ရင်ခွင်ကဲ့သို့ ရှိန်းမြမြနွေးလို့ပါကလား။

ဘာရယ်လို့မဟုတ် . . .

အမေ့ရင်ခွင် အဖေ့ရင်ခွင် ငတ်မွတ်နေသော ညိမ်းမြခင်တစ်ဘဝဟောင်းက အမေ့ရဲ့ရင်ခွင်မှာ မျက်နှာကိုအပ်၍ထားလိုက်လေသည်။

"သမီး"

"ရှင် . . . အမေ"

"သမီးကို အမေပြောစရာရှိတယ်ကွဲ့"

"ဘာပြောချင်လို့လည်း အမေ"

"သမီး အမေနဲ့ မလိုက်ချင်ဘူးလားဟင်"

"ဟို . . . ဟို အမေက ဘယ်မှာနေတာလည်းဟင်"

"သစ်ပင်မှာ . . . နေတာ"

"သစ်ပင်မှာ"



"အေး"

"အမေ့မှာ အိမ် . . . အိမ် မရှိဘူးလားဟင် . . . ဟင်လို့"

"အဲဒါ အမေ့အိမ်ပဲပေါ့"

"အိုအဲဒါ . . . အမေ့နာမည်က"

"ခင်ဝတ္ထု . . . တဲ့"

"လှလိုက်တဲ့ နာမည်လေးနော်"

"တစ်ခါတည်း လိုက်ခဲ့ပါလားဟင်"

"ဟင့်အင်း . . . မလိုက်ချင်ဘူး"

"ဘာလို့"

"ဟောဒီ ဒုက္ခဆင်းရဲတွေကို ရဲရဲရင်ဆိုင် ကျော်လွှားချင်လို့"

"ဟူး . . . . ညည်းလို မိန်းမမျိုးရှားပါပေ့ သမီးရယ်။ အေးလေ . . . ဝဋ်ရှိရင် ခံရစမြဲပါပဲ။ အမေလည်း ဝဋ်ရှိတော့ ခံနေရတာပဲ။ ဒီမှာ သမီးသေသေချာချာ နားထောင်စမ်း"

ညိမ်းမြခင်တစ်ယောက် ဘဝဟောင်းအမေ ခင်ဝတ္ထုရဲ့ ရင်ခွင်မှခွာ၍ နားစွင့်နေလိုက်သည်။

"အဖိတ်နေ့ မွန်းတည့်ကျရင် အင်းမပင်တောစပ်က ကုက္ကိုပင်ရှိရာကိုလာခဲ့။ ဘယ်ဘက်ကိုထွက်နေတဲ့ အမြစ်ပွေးကို ခွာလှန်လိုက် ပစ္စည်းတစ်ခုတွေ့လိမ့်မယ် . . . အဲဒါ ယူသွား သူတို့နဲ့လမ်းခွဲတော့"

"ဘာ . . . ဘာပစ္စည်းလဲဟင် အမေ"

"ညည်းဘာသာလာယူအေ။ အဲ့ဒီကျရင် သိလိမ့်မယ်။ ဒါနဲ့ ညည်းမှာ ချစ်သူရှိပြီလား"

"ဟင့်အင်း"



www.burmeseclassic.com

www.burmeseclassic.com



"ခက်တာပဲ။ ပစ္စည်းရရင် သူတို့ မမြင်စေနဲ့။ အဲဒီကနေ ထွက်သွားတော့ အမေပြန်မယ် မမေ့နဲ့နော် သမီး"

"ဟုတ် . . . ဟုတ်ကဲ့ အမေ"

အိပ်မက်ပါ။ ဒါပေမဲ့ အလွန့်ကို ထူးဆန်းထူးခြားတဲ့ အိပ်မက်ဆန်းပါ မောင်ညိုမှိုင်းရယ်။

❋ ❋ ❋

(၇)

အဖိတ်နေ့မတိုင်ခင်တစ်ညက အမေခင်ဝဏ္ဏက အိပ်မက်လာပေးပြန်သည်။ "သမီးလာဖြစ်အောင်လာနော်" တဲ့ပြီး စကားဆန်းတစ်ခု လည်းပြောသွားသေး၏။

"အဲဒီပစ္စည်းထုပ်ခွဲရောင်းချပြီးရင် အမေ့ကိုရော ညည်းမိဘများအတွက်ရော ကောင်းမှုကုသိုလ်ပြုပြီး အမျှဆက်ဆက်ဝေပေးပါ သမီးတဲ့"

ညိမ်းမြခင် ထင်းခုတ်ဓားကိုယူ၍ ရင်မှာ ပုဆိုးစုတ်ခေါင်းခုပိုင်းကို ပတ်လိုက်သည်။





"ထင်းခွေသွားဦးမယ် ကြီးကြီး"

"ထင်းခွေဆို ထင်းခွေပဲသွားနော်။ ဟိုဟိုဒီဒီ အသံကြားရရင် ညည်း ငါ့အကြောင်းသိတယ် မဟုတ်လား"

"ဟုတ် . . . ဟုတ်ကဲ့"

"စောစောပြန် ရေစည်အပြည့်ရှေခပ်ထား . . . သွား ကျက်သရေမရှိဘူး"

ညိမ်းမြခင် ဓားမကိုကိုင်၍ အင်းမပင်တောစပ်သို့ ဝင်ခဲ့၏။ ဦးစွာထင်းများကို ခုတ်၏။ တစ်ရှက်စာရသည်နှင့် တောစပ်မှအိပ်မက်ရှင် အမေခင်ဝဏ္ဏပြောလိုက်သည့် ကုက္ကိုပင်ကို ရှာလိုက်၏။

မြေကြီးအောက်မှာ ကိုင်းညွတ်နေသည့် ကုက္ကိုပင်နှစ်ချို့ကြီးကို တွေ့ရ၏။ အမြစ်အပွေးကြီးများက ဥဒဟို ဖြန့်ကျက်နေရကား စွန့်လက်သည်းဖြန့်သကဲ့သို့ ရှိနေ၏။ အပွေးများလွန်း၍ ဘယ်အပွေးကို ရှာရမှန်းမသိ။

ဘယ်ဘက်သို့ ဖြာထွက်သည့် အမြစ်ပွေးဟု အမေ ခင်ဝဏ္ဏက ပြောသည်။

တွေ့ပြီ . . .

အပွေးကသုံးခု . . . ဘယ်အပွေးကို ရှာလှန်ရမို့။ စဉ်းစားလိုက်၏။ မတော် မြွေဆိုးမြွေဟောက်များ ထွက်ကိုက်ရင် ဒုက္ခ။

သည့်နောက်

ဆိုင်ရာပိုင်ရာ တောစောင့် တောင်စောင့် မြေစောင့် သစ်ပင်စောင့်ပုဂ္ဂိုလ်များကို တိုင်တည်ပြီး မေတ္တာရပ်ခံလိုက်သည်။

သည်မှာပဲ အလယ်အမြစ်ရှိ သစ်ခေါင်းပွေးပေါ်မှ မြေကြွက်



www.burmeseclassic.com

www.burmeseclassic.com



ကြီးတစ်ကောင်ထွက်လာပြီး သူမကိုခေါင်းငဲ့၍ ကြည့်နေ၏။

ပြီးနောက် သစ်ပွေးခေါင်းမှာ ဝင်ချိုထွက်၍ လုပ်ပြုပြီး ဝါးရုံဘက်ရှိရာသို့ ပြေးဝင်သွားတော့၏။ ထူးတော့ထူးသည်။ ဆိုင်ရာပိုင်ရာ ပုဂ္ဂိုလ်များက နိမိတ်ပြ နုတ်လမ်းညွှန်ရော့သလား။

ဒီအချိန်မှာ သားငါး အညှီနံ့လို အနံ့ နံ့လာ၏။

ဘာကောင်များ သေနေပါလိမ့်။

အညှီနံ့က ပို၍စူးဝါးလာသည်။ သရဲတစ္ဆေများ ခြောက်ရော့သလား မြန်မြန်ပြေးရင် ကောင်းမည်လား ကြက်သီးမွေးညှင်းများ ထောင်ထလာ၏။

အို ရောက်မှတော့ မထူးပြီ။

အချို့အိပ်မက်များက တကယ်ဖြစ်ချင် ဖြစ်တတ်တာ။

သူမ ကြွက်ထွက်သွားသည့် သစ်ခေါင်းပွေးကို ဓားဦးနှင့် မွှေလိုက်၏။

"ထပ်"

"အလို"

ပစ္စည်းတစ်ခုကို ဓားဦးနှင့်ခပ်မိလိုက်သည့်အသံ။ အခြား ဘာကောင်မှ ရှိဟန်မတူ။ ထပ်၍ မွှေလိုက်သည်။ စိတ်ချရပြီ။ မြွေကင်း ပုရွက်ဆိတ်နီ လုံးဝမရှိ။ သူမ ရဲရဲတင်းတင်းပင် လက်ထိုးနှိုက်ပြီး ဆုပ်မိသည့် ပစ္စည်းကို ကောက်ယူကြည့်လိုက်သည်။

"ဟယ်"

"ရွှေလက်စွပ် ကျောက်နီလက်စွပ်ပါလား"

သူမ လက်စွပ်ကို အလင်းရောင်နှင့် ကြည့်လိုက်၏။ ရွှေကို





သူမမြင်ဘူး။ သူများထံမှာပဲ မြင်ဖူးသည်။ ရွှေရောင်အိဝင်းနေသည်။ အနီရောင်ကျောက်က ရဲရဲတွတ်လို့ . . .

သူမက ကပျာကယာလက်စွပ်ကို အတွင်းခံဘော်လီအင်္ကျီကြားမှာ ညှပ်ထည့်လိုက်ပြီး ထင်းစည်းကိုကောက်ရွက်၍ သွက်လက်သောခြေလှမ်းများဖြင့် အိမ်ပြန်လာခဲ့လိုက်လေသည်။

အိမ်ရောက်တော့ ထင်းစည်းကို ပစ်ချလိုက်ပြီး ဘေးဘီကိုကြည့်လိုက်၏။

သို့နှင့် ဘော်လီအင်္ကျီကြားမှ လက်စွပ်လေးကိုထုတ်၍ သေသေချာချာကြည့်လိုက်သည်။ အို အမေခင်ဝဏ္ဏ အိပ်မက်ထဲမှာပြောသည့်အတိုင်းပါလား . . .

သူမ ပစ္စည်းတစ်ခုရပြီ။

ရွှေဖြစ်ရင်ကော်ပြီ . . .

တကယ်ဆိုမှုများ ကျောက်က ပတ္တမြားဖြစ်နေခဲ့ရင် . . .

အမေခင်ဝဏ္ဏက မှာခဲ့သည်

ဒီအိမ်မှာ မနေနှင့် လွတ်ရာသို့ သွားတော့တဲ့။

သူမဘယ်ကို သွားရမှာလည်း . . .

ဆွေမျိုးလည်းမရှိ။ အသိလည်းမရှိ။ ဘယ်အရပ်မှလည်း မရောက်ဘူး။ ချစ်သူနောက် နိုးရာလိုက်ရအောင် ချစ်သူရည်းစားလည်း မရှိ။

"ဟဲ့ . . . ကောင်မ"

"အမလေး"

ညိမ်းမြခင် နောက်ဘက်မှ ရုတ်တရက်အော်လိုက်သံကြောင့်

www.burmeseclassic.com

www.burmeseclassic.com



လန့်ဖျပ်ပြီး လက်စွပ်လေးကို ဆုပ်၍ဖွက်ထားလိုက်၏။

"ညည်းလက်ထဲက ဘာလဲ"

မိထွေးနှင့် အရက်မူးနေသည့် သူ့ယောက်ျားက သူမကိုဝန်းရံ၍ ခါးထောက်ပြီး မေးလိုက်၏။

"ဟို . . . ဟို . . . ဘာ . . . ဘာမှ မဟုတ်"

"ပြစမ်း"

"အို . . . ဘာမှ မဟုတ်ဘူး . . . လွှတ် . . . လွှတ်"

"ဖြောင်း"

"အား"

"ဖြန်း"

"အမလေး"

အူကြောင်ကြောင် ကြောက်ရွံ့ဖြစ်နေသည့် သူမကို မိထွေးနှင့် သူမယောက်ျားတို့က ဘယ်ညာညှပ်ပြီး ပါး,နား နားရင်းအုပ်လိုက်ရာ လက်ထဲမှပစ္စည်း လွင့်ကျသွားခဲ့တော့၏။

"ဟင်"

"ဟာ . . . ရွှေလက်စွပ်ပါလား"

ဖေဖော်ရင့်ဇာ ကြမ်းပြင်ပေါ်မှ လက်စွပ်ကိုကောက်ကြည့်လိုက်ပြီး လက်ဝါးအုပ်၍တစ်မျိုး နေရောင်မှာထောင်၍ တစ်မျိုးစစ်ဆေးလိုက်၏။ နှစ်ဖက်စလုံးမျက်နှာမှာ အံသြဝမ်းသာရိပ်နှင့် လောဘရိပ်များ ယှက်သန်းလွှမ်းမိုးနေသည်။

"မဂျက်"

"အစ်ကို"



"ကော်ပြီကွ"

"ကော်ပြီ ဟုတ်လား ဘာလဲဟင်"

"ရွှေလက်စွပ် ပတ္တမြားလက်စွပ်"

"ဟယ် . . . ပတ္တမြား"

ဒီမှာပဲ ပြဿနာဆင့်၍ ပေါ်ကြမ်းတိုက်တော့၏။ "ဘယ်က ရတာလဲ"ဟု မေး၏။

"ကောက် . . . ကောက် ရတာပါ"

"ဘယ်နားက ရတာလဲ"

"ချောင်းစပ်က"

"ဖြန်း"

"သေချင်းဆိုးမ ငါ့ကိုညာမလို့ပေါ့ ဟုတ်လား။ ဒါ နင့်အမေနဲ့ အမေ တိတ်တိတ်ပေးခဲ့တာ မဟုတ်လား မှန်မှန်ပြောနော် သေသွားမယ်"

"မ . . . မ . . . ဟုတ်ပါဘူး . . . ကြိုး . . . ကြိုး . . . ရယ်"

"ဖြောင်း"

"အား"

"ကျန်တဲ့ပစ္စည်း ဘယ်မှာဖွက်ထားလဲပြော"

"မ . . . မရှိပါ . . . ဘူး . . . အား"

"ဖြန်း"

"ဘုန်း"

"အင့်"

"ခွပ်"

ပါးစပ်မှသွေးများ ယိုစီး၍ ကျလာခဲ့သည်။ မျက်လုံးထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



ပြာဝေမှုနောက်သွားသည်။ ဦးရေပြားလန်ကျ ဆံပင်များဆောင့်ဆွဲခံခဲ့ရသည်။ မကြာခင် မျက်နှာတစ်ပြင်လုံး ဖူးရောင်ပြီး သတိလစ်ချင်သလိုဖြစ်သွားခဲ့ရသည်။ နားခေါင်းမှသွေးများက တစက်စက် စီးကျရင်ဘတ်ပေကျံ . . .

ဒီမှာ လင်လုပ်သူက ဆံပင်ကိုဆွဲထူပြီး မေးပြန်သည်။ မရတော့ လည်ပင်းကို ညှစ်၍မေးသည်။ မကြာခင် တအင်းအင်း ညည်းညူရင်း အသက်ရှူရပ်သွားခဲ့လေသည်။

"မိညိမ်း . . . မိညိမ်း"

"ဟဲ့ကောင်မ . . . မိညိမ်း"

လှုပ်၍ကန်၍ နှိုးကြသည်။ လူက လုံးဝစကားမေးမရတော့။

"သေပြီနဲ့တူတယ် အစ်ကို"

"အေးဟ . . . ကြည့်ရတာ သေပြီးနဲ့တူတယ်"

"အဲဒါ ဘယ်လိုလုပ်ကြမလဲ ဟင် . . . ဟင် . . . တော်ကြာ"

"လွယ်ပါကယ်ကွာ ရေတွင်းပျက်ထဲ ပစ်ချလိုက်ရင် ပြီးတာပဲ"

သည့်နောက် ညိမ်းမြခင်ရဲ့ ကိုယ်ခန္ဓာကို စောင်နှင့်ပတ်ပြီး နောက်ဖေးလမ်းကြားမှသယ်သွားကာ နောက်ဖေးတစ်ခေါ်ခန့်ရှိ ရေတွင်းပျက်ထဲသို့ ပစ်ချလိုက်လေသည်။

* * *

(၈)

လင်မယားနှစ်ယောက် (    )မြို့ပေါ်ရှိ ရွှေဆိုင်တစ်ဆိုင်သို့ ဝင်လိုက်ကြ၏။

"ဘာအလိုရှိလို့ပါလဲ ခင်ဗျား"

"ပတ္တမြားရောင်းချင်လို့ပါ"

"ဘာပတ္တမြားပါလိမ့် ပြပါခင်ဗျာ"

"ရွှေနဲ့ ကွပ်ထားတဲ့ ပတ္တမြားပါ။ ရွှေဘယ်ဈေး။ ပတ္တမြား ဘယ်ဈေးလဲ"

"ရွှေက (    )ဈေးပါ။ ရွှေရည်ပြည့်ရင်ပေါ့ဗျား။ ပတ္တမြားက အရည်ပေါ်မူတည်ပြီး ဈေးကောင်းပေးမှာပါ။ ပြပါ"

ဒီမှာ ကိုဖေဇော်ရင့်က လက်ကိုင်ပုဝါနှင့် သေသေချာချာ ထုပ်ထားသည့် ပတ္တမြားလက်စွပ်ကို ထုတ်၍ပေးလိုက်သည်။

ရွှေဆိုင်ပိုင်ရှင်က မှန်ဘီလူးနှင့် စစ်ဆေး၏။ မှတ်ကျောက်တင်၏။

www.burmeseclassic.com

www.burmeseclassic.com



"ရွှေအစစ် ပတ္တမြားအစစ်ပဲနော်"

"ခင်ဗျား ရွှေသည်ပဲဗျာ။ ကျုပ်တောင်သိသေးညစ္စာ"

"ရောင်းမှာ အမှန်ပဲလား"

"စျေးကောင်းကောင်းရရင်ရောင်းမယ်"

"ခဏလေး စောင့်ပါနော်"

ရွှေဆိုင်ပိုင်ရှင်က ပစ္စည်းကို သူ့ဖန်းလက်ထဲသို့ထည့်ပြီး သူတို့လင်မယားကို ခဏလေးထိုင်နိုင်းထားကာ အပြင်သို့ထွက်သွား၏။ (၁၀) မိနစ်ခန့်ကြာတော့ စျေးခေါင်းလူကြီးနှင့်အတူ ရဲ(ပုလိပ်)နှစ်ဦး ရောက်ရှိလာ၏။ ဒီမှာ ရွှေဆိုင်ပိုင်ရှင်က

"သူတို့နှစ်ဦးပါပဲ အရာရှိမင်းခင်ဗျား"

"ဟင် . . . ခင်ဗျား ဘာလုပ်တာလဲ"

"ခင်ဗျားတို့ ကျုပ်ဆိုင်ကို ရွှေအတုနဲ့ ပတ္တမြားအတုကြီး လာလိမ်ရောင်းလို့ ရဲလက်ကို အပ်လိုက်တာလေ"

"ဘာ . . . မဟုတ်ဘူး . . . မဟုတ်ဘူး။ ဒါ . . . ရွှေ . . . ရွှေအစစ် ပတ္တမြားအစစ် . . . ကျုပ် ဝန်းတိမ်မှာ လုပ်ခဲ့ဖူးတယ် ခင်ဗျားမညာနဲ့"

ဖေဖော်ရင့်က ကြုံးအော်ရင်း အကြောက်အကန် ငြင်း၏။ မကျက်ကား လွန်စွာအံ့အားသင့်နေပြီး . . .

"ရွှေရည်စိမ်အတုပါ ရဲအုပ်မင်း။ မှတ်ကျောက်တင်ပြီးပါပြီ။ ဒီမှာ ကြည့်ပါခင်ဗျာ"

"ခင်ဗျား လိမ်တာ ကျုပ်ပစ္စည်း ရွှေအစစ် ပတ္တမြားအစစ်"

"ဒီမှာကိုယ့်လူ ဒီပစ္စည်းမျိုး ကျုပ်ဆိုင်မှာလုံးဝမရှိဘူး။ ခင်ဗျား



ရွှေတုကို လာလိမ်ရောင်းတာ ရဲအုပ်မင်း အရေးယူပေးပါ"

နောက်ဆုံး မိကျက်နှင့် ဖေဖော်ရင့် ရွှေထည်ရတနာပစ္စည်းအတု လိမ်လည်ရောင်းချရန် ကြံစည်မှုဖြင့် ရဲအချုပ်ခန်းသို့ စံမြန်းရတော့၏။

သူတို့ အချုပ်ထဲမှာ ဆွေ့ဆွေ့ခုန်နေသည်။

ဘယ်လိုမှဖြေရှင်းချက်ပေးလို့မရ။

လင်ရော မယားရော နောက်ကြောင်းအကျင့်စာရိတ္တများက ပိုမို ရှုပ်ထွေးလေသောအခါ

ပို၍ဆိုသည်ကား . . .

* * *

(၉)

ညီမ်းမြခင် သတိရလာသောအခါ ရေစိုစွတ်နှင့် မှောင်မည်းနေသော ရေတွင်းပျက်ထဲ ကျရောက်နေသည်ကို ချက်ချင်းသိလိုက်ရ၏။

သူမ အကြီးအကျယ် လန့်ဖျပ်သွားခဲ့သည်။

လူတစ်ကိုယ်လုံး မလှုပ်ချင်အောင် ဒဏ်ရာများနှင့် သွေးများ စီးပေကျံကာ မျက်စိပင်မဖွင့်ချင်။ သူမအားတင်း၍ ထလိုက်သည်။

www.burmeseclassic.com



နောက်ဆုံးဖြစ်ရပ်ကို သွားသတိရလိုက်၏။

ထူးဆန်းစွာရသော လက်စွပ်တစ်ကွင်းကို ထုတ်၍ကြည့်နေစဉ် –

မိထွေးလင်မယား ရောက်လာလုယူပြီး ရိုက်နှက်မေးမြန်းသည့် ကြောက်စရာ အနိဋ္ဌာရုံမြင်ကွင်းများ . . . သည့်နောက် သူမသတိမေ့မျောသွားခဲ့၏။

ခု သတိပြန်ရပြီ။

သူမကြိုးစားကုန်းထပြီး အသံကုန်အော်ဟစ်လိုက်သည်။

တစ်ကြိမ် . . . နှစ်ကြိမ် . . . သုံးကြိမ်

အကြိမ်ပေါင်းများစွာအော်ရင်း အကူအညီတောင်းရင်း မောဟိုက်နာကျင်လွန်းလှ၍ ရေတွင်းနံရံမှီကာ ရေဗွက်ထဲမှာ ထိုင်မှိန်းနေလိုက်သည်။

ဦးခေါင်းသည် မတ်၍မရ . . .

ထိုစဉ် အပေါ်မှခေါ်သံကြားရသည်။

"အောက်မှာ လူရှိသလားဟေ့"

"အောက်မှာ လူရှိသလား"

"အင်း . . . အင်း"

"ဟော . . . လူသံကြားရတယ်။ ကြိုးနဲ့ဆင်းကြဟေ့"

မကြာခင် လူတစ်ယောက် ကြိုးနဲ့ဆင်းလာ၏။ မီးခြစ်ကိုခြစ်၍ ကြည့်၏။ သူမကို မြင်သွားသောအခါ ဂျိုင်းနှစ်ဖက်မှ ကြိုးသွင်းချီပြီး အပေါ်သို့ဆွဲတင်ရန် အော်လိုက်၏။ တဖြည်းဖြည်းသူ အပေါ်သို့တက်သွားသည်ကို သိလိုက်သည်။



လူတွေက ဝိုင်းဆွဲတင်ကြသည်။

"ဟာ"

"ဟယ်"

"အလိုလေး . . . ဒါ . . . ဒါ ညိမ်းမြခင်ပါလား"

"ညိမ် . . . မြ . . . ခင် . . . ညိမ်း . . . မြ . . . ခင်"

လူအုပ်က ဝိုင်းအော်လှုပ်၍ မေးကြမြန်းကြ စုပ်သတ်ကြ၊ ဝိုင်းဝန်းဖေးမကြ။ သို့နှင့် သူကြီးအိမ်သို့ရောက်သွား၏။ တိုင်းရင်းဆေးဆရာ ဦးနတ်လူဦးက ဆေးဝါးများဖြင့် ကုသပြုစုပေး၏။ မကြာခင်သူမ သတိပြန်ရလာခဲ့တော့သည်။

"ချစ်ကောင်းစံ ဘယ်လိုလုပ်ပြီး မင်းသိရသလဲ"

သူကြီး ဦးကျော်ဦးက ရေတွင်းထဲ ဆင်းဆယ်သူ ချစ်ကောင်းစံအား အလျင်ဦးစွာ မေးလိုက်၏။

"ကျွန်တော်ပိုက်ချပြီး ပြန်လာတာ သူကြီး။ အဲဒီ ရေတွင်းပျက်အရောက်မှာ အထဲကအော်သံလိုလိုကြားလို့ ငုံ့ကြည့်လိုက်တော့ လူညည်းသံအော်သံမျိုးကြားလိုက်ရလို့ နီးရာကျေးရွာ လူတွေခေါ်ပြီး ဝင်ဆယ်လိုက်တာဗျ"

"တော်သေးတာပေါ့ကွာ . . . ချစ်ကောင်းစံ အကင်ပါးနပ်နားကြားကောင်းလို့ပေါ့ နို့မို့ရင် သေပြီဟ"

သည့်နောက်သူကြီး ဦးကျော်ဦးက လူကြီးများနှင့် ရပ်ရွာလူကြီးများရှေ့မှာ ညိမ်းမြခင်ကို စစ်ဆေးမေးမြန်းတော့သည်။

ညိမ်းမြခင်က လက်စွပ်ရရှိပုံ၊ ထူးဆန်းသော အိပ်မက်အကြောင်းမှသည် နောက်ဆုံးရေတွင်းပျက်ထဲ ရောက်ခဲ့ရသည့် ဘဝဖြစ်

စိတ်ကူးသစ်စာပေ

www.burmeseclassic.com



စဉ်ဆိုးကို ပြောပြလိုက်သောအခါ

တောက်ခတ်သံများ ဆူညံသွားခဲ့သည်။

ဆဲရေးတိုင်းထွာသံများ ပွက်ပွက်လျံသွားခဲ့၏။

ကျိန်ဆဲရေရွတ်သံများ စည်စည်လျံသွား၏။

၎င်းနောက် သူကြီး ဦးကျော်ဦးက လှည်းပြင်ပြီး ညိုမ်းမြခင်ကို ခေါ်ကာ အရပ်သက်သေများနှင့် ချစ်ကောင်းစံကိုပါခေါ်၍ ရဲစခန်းသို့ တန်းလာခဲ့လိုက်သည်။

တိုတိုဆိုရလျှင် မိဂျက်နှင့် ဖေဖော်ရင့်တို့နှစ်ဦးကို ရွှေလိမ် ရောင်းချမှုသာမက ရိုက်နှက်ညှင်းပန်းနှိပ်စက်မှု၊ သေကြောင်းကြံစည်မှုဖြင့် ရုံးတင်တရားစွဲဆိုနိုင်ခဲ့ရာ နှစ်ဦးစလုံး ကြီးလေးသော အပြစ်ဒဏ်ကို အသီးသီးခံစား၍ ထောင်ကျသွားခဲ့ရလေသည်။

ညိုမ်းမြခင် အိမ်ပြန်ရောက်တော့ ရေချိုးရန် ပြင်လိုက်၏။

သို့နှင့် အပေါ်အင်္ကျီညစ်ပေပေကို ချွတ်လိုက်ပြီးနောက် အတွင်းခံဘော်လီအင်္ကျီကို ချွတ်လိုက်သည်နှင့်

"ဒေါက်"

"အလို . . . ဘာပါလိမ့်"

အတွင်းခံ ဘော်လီအင်္ကျီအတွင်းမှ ပစ္စည်းတစ်ခု ကြမ်းပြင်ပေါ် သို့ ပြုတ်သွား၍ ကပျာကယာ ကောက်ယူကြည့်လိုက်သောအခါ –

"ဟယ် . . . ရွှေလက်စွပ်ကလေး"

ဘုရားရေ မိတွေးလင်မယား သူ့လက်ထဲမှ လုယူသွားရောင်း သည့် အိပ်မက်ရှင် အမေခင်ဝတ္ထုပေးသည့် လက်စွပ်လေးပါလား။ ဘယ်လိုလုပ်ပြီး သူမရင်ဘတ်ထဲ ပြန်ရောက်နေပါလိမ့်။





သူ့အရမ်းကို အံ့ဩဝမ်းသာသွားခဲ့သည်။

သို့နှင့်

သူကြီးအိမ်သို့ ပြေးပြီးပြောလိုက်သောအခါ ကြားရသည့်စကား ဖြစ်ရပ်ကြောင့် အားလုံး အံ့ဩကုန်ကြပြန်၏။ အချို့က ညွှာရင်းမှန်၍ ဆိုင်ရာပိုင်ရာက ပြန်ရှာပေးတာဟု ဆိုကြ၏။

သည့်နောက် ရွာထဲက ရွှေပန်းထိမ်ဆရာကြီး ဦးညိုဖျိုင်းကို ခေါ်၍ စစ်ဆေးခိုင်းကြသောအခါ ရွှေတာ အခေါက်ရွှေ၊ ကျောက်က မိုးကုတ် ပတ္တမြား။

အစစ်မှအစစ်တဲ့ . . .

ရေမရောတဲ့ . . . သူပြောတာမဟုတ်ရင် လျှာလာဖြတ်တဲ့။ နောက်ဆုံး သူကြီးကိုယ်တိုင် မြို့အသိရွှေဆိုင်မှာ လိုက်ရောင်းပေးလိုက် သောအခါ လွတ်လပ်ရေးခေတ်ဦးသုံးငွေ သုံးသိန်းကျော်ကျော်ရရှိခဲ့ပြီး ညိုမ်းမြခင်ချက်ချင်း တောသူဌေးမလေးဖြစ်ကာ နာမည်ဂုဏ်သတင်း ဟိုးဟိုးကျော်သွားခဲ့လေ၏။

✽ ✽ ✽

www.burmeseclassic.com

www.burmeseclassic.com

(၁၁)

တန်ဆောင်မုန်းလပြည့်နေ့သို့ ရောက်သောအခါ ညိမ်းမြခင်တို့လင်မယားက ရွာဘုန်းကြီးကျောင်းမှာ ကထိန်သင်္ကန်းကပ်လှူခြင်းအရပ်ကိုဖိတ်၍ ဒါနပြုကျွေးမွေးမေး

တစ်ဘဝပေါင်းက မိခင်ဒေါ်ခင်ဝဏ္ဏနှင့် အမေရင်းအဖေရင်းများကို ဖိတ်ခေါ်တရားနာပြီး ရေစက်ချအမျှပေးဝေခဲ့၏။

ညဘက်ရောက်တော့ . . .

အိပ်မက်ထဲမှာ . . .

တစ်ဘဝပေါင်းက မိခင်ဒေါ်ခင်ဝဏ္ဏနှင့် အမေရင်း အဖေရင်းတို့သုံးဦးကို တွေ့ဆုံခဲ့ရသည်။

သုံးဦးစလုံး တောက်ပရွှန်းလဲ့သော ဝတ်စုံများဖြင့် . . .

---



လှပကျော့ရှင်းသော သွင်ပြင်လက္ခဏာများဖြင့်

ညိမ်းမြခင်ကို ကျေနပ်ဝမ်းသာသော မျက်ဝန်းမျက်လုံးများဖြင့် ကြည့်ပြီး ပျော်နေကြသည်ကို ထူးဆန်းစွာ မြင်သက်ခဲ့ရလေသည်။

ဤအကြောင်းကို . . .

နံနက် မိုးလင်းအိပ်ရာမှအနိုး ချစ်လင်လုပ်သူအား ပြောပြလိုက်သောအခါ ချစ်လင်က –

"ဝမ်းသာပေတော့ညိမ်းရေ သူတို့ဘဝကူးကောင်းသွားပြီကွဲ့"

ဟု အားရဝမ်းသာစကားဆိုရင်း ချစ်သူဇနီးသည်၏ ပါးကို နမ်းလိုက်လေသည်။

ထိုအခါ ညိမ်းမြခင်က မျက်စိကိုမှိတ်ရင်းက –


"အို . . . အစ်ကို ချစ်ကောင်းစံရယ် သွား အဟင့် ဟင့်"

နံနက်မိုးသောက် သိင်္ဂါရတေးသံသည် လင်းအရုဏ်နှင့်အပြိုင် သီပြိုင်အားပြိုင် အသံထွက်လျက်။

❁ ❁ ❁

မောင်ညိုမှိုင်း(သန့်လျှင်)

www.burmeseclassic.com



## ရေတက်လှေတော်သံရေကျလှေတော်သံ

ကျွန်တော်တို့ ကာလသားဘဝအရွယ်တုန်းက ရောဝတီမြစ်ထဲမှာ ဘကြီးဘထွေး ဦးလေးဦးကြီးအပါအဝင် အပေါင်းအသင်းများဖြင့် ပိုက်ချလိုက်ဖူး၏။ ရေစစ်ချိန်မှာ ပိုက်တားထားပြီး ရေကျနှင့်ပါလာသော ငါးများ ပိုက်အတိုးကိုစောင့်ရ၏။

ရေတက်လာသောအခါ ပိုက်များကို အလျင်အမြန် ဖြုတ်သိမ်းရ၏။ ပိုက်တန်းတစ်ဖုံ ဖြုတ်ရသိမ်းရသည်မှာ မလွယ်။ အချို့ပိုက်များက သပေါင်းရာကျော်သည်။ ပိုက်သိမ်းပြီး ငါးဖြုတ်ပြီးသည်နှင့် လှေကို ငြိမ်အောင်လုပ်ရ၏။

ဒီရေလှိုင်းက လှေရောပိုက်ရောကို လှိုင်းပုတ်တွန်းထုတ်နေ၏။ အားလုံးပြီးကြပြီလား။



www.burmeseclassic.com

www.burmeseclassic.com



ပိုက်သိမ်းရှုပြီးသည်နှင့် . . .

လှေဝမ်းထဲက ငါးများကိုကြည့်ပြီး ပျော်ရွှင်အားရ ကြည်နူးမှု

ဒီရေအတက်နှင့် အိမ်ပြန်ကြ၏။

မြစ်ပြင်မှာ . . .

အိမ်ပြန်တဲ့ငါလှေများ ဖွေးဖွေးလှုပ်လို့။

တစ်ယောက်ကိုတစ်ယောက် နောက်ကြပြောင်ကြ လှေချင်းကပ်

လျှင်ဒီရေနှင့် လှမ်းပက်နောက်ပြောင်ကြ။

ငါးတွေ အနည်းနှင့်အများပါလာကြပြီမို့ ပျော်နေကြသည်

လှေကိုအပြိုင်လှော်နေကြသည်။ လက်ကျန်အရက်ကိုမော့၍ အိမ်ရောက်

ရင် ငါးလှေအပ်ပြီး မိန်းမကို ဘယ်လိုဘာညာလုပ်ကိုင်ပစ်လိုက်မည်နှင့်

အချို့စကားလုံးများက ကြမ်းကြ၏။

အချို့စကားလုံးများက ရှက်စရာကောင်းကြ၏။

အချို့က ရယ်ကြ၏။

အချို့က ရေရှည်နော် ပုံမှန်ပဲစားကြဟု ရယ်သွမ်း ပြောဆို

ကြ၏။

ရေတက်လှေတော်သံသည် ကြည်နူးစရာ အားရစရာ ပျော်ရွှင်

စရာ ဂုဏ်ယူစရာ ပီတိရွှန်းစိုစရာများဖြင့် မြိုင်ဆိုင်လှ၏။

သီချင်းအော်ဆိုသံများက မြစ်ပြင်မှာ လွှင့်နေ၏။

မြစ်ကမ်းပါးမှ အိမ်သူသက်ထားတို့ အပြုံးကလည်း ချိမြိန်

လွန်းလှ၏။

ရေကျချိန် . . .

လဆုတ်ရေကျချိန်ကား စိတ်ရှောကိုယ်ပါ ပင်ပန်း၏။ ငါး



အလိုက် အရနည်း၏။ စည်းတိမ် သောင်ခုံများကို ဖြတ်ရ၏။ ရှောင်ရ၏။

ရေနည်း၍ ငါးရှာရခက်လှ၏။

ထိုကဲ့သို့

လဆုတ်ရေစစ်ချိန် ရေကျချိန် ရေဆုတ်ချိန်ဆိုလျှင် လှေတော်သံ

များအားနည်းလှ၏။

သီချင်းဆိုသံ ကျယ်ကျယ်အစား

ညည်းသံများကိုကြားရ၏။

ညစ်ညစ်နှင့် မှုန်ကြ၏။

ထိုသို့ဖြင့် တက်ရေငါးနှင့် လှေတော်သံများမြိုင်လိုက်၊ ဆုတ်ရေ

ကျရေငါးနှင့် လှေတော်သံများပါးလိုက်ဖြင့် ဘဝမြစ်ပြင်ထဲမှာ ရေတက်

ရေကျ ရေပြည့်ရေဆုတ်ဘဝများကို ကျော်လွှားရင်း

ပိန်လိုက် ဖောင်းလိုက် . . .

လောကဓံကို ရင်ဆိုင်လိုက် . . .

အားလုံး ရဲရဲရင်ဆိုင်ရဲကြ၏။

အဘယ်ကြောင့်ဆိုပါမူ . . သူ့ညာဘဝက လာခဲ့ကြသူများမို့

သည ဘဝကို မတုန်လှုပ်တော့။

သို့သော် အမြင့်မှလာသူများကမူ

အနိမ့်သို့ရောက်သောအခါ

အချို့ရုပ်ရည်များ ရင့်ရော်အိုမင်းကြ၊

အချို့ဦးခေါင်း ဆံပင်မွေးများ နေ့ချင်းညချင်း ဖြူဆွတ်သွား

ကြရကား . . .

✸ ✸ ✸

www.burmeseclassic.com

## (၂)

ဘဝများက အပြောင်းအလဲ ရှိ၏။ လောကဓံ၏စီရင်ချက်အောက်မှာ ကျွန်တော်တို့ဘဝတွေ အရောင်ပြောင်းကြရ၏။

ပျို့ရွယ်စဉ်က တံငါလေ့လိုက်ဖက် ကျွန်တော်သူငယ်ချင်းများ မိဘကို ဝိုင်းကူရင်း ပညာတတ်အချို့ဖြစ်လာခဲ့ကြ၏။

အချို့ ပိုက်လေးငါးခြောက်ဖုံပိုင် ရေလုပ်ငန်းရှင်များ ဖြစ်ခဲ့ကြ၏။ အချို့လှေကိုစွန့်၍ တစ်မြို့တစ်ရွာသို့ ဓမ်းစာရှာသွားကြ၏။

အချို့ . . . ဒုံရင်း ဒုံရင်းနှင့် မြစ်ထဲရေထဲ မိုးထဲနေထဲ ကျောမွဲမွဲနှင့် လှေတော်သံယိမ်းထွက်နေကြဆဲ။

တံငါလှေလိုက်ဖက် သူငယ်ချင်းရန်နိုင်ဦးက စပါးပွဲစား ပွဲစား ဖြစ်သွား၏။ ထွန်းကျော်က . . . အင်ဂျင်နီယာဖြစ်သွား၏။

မျိုးညွန့်က . . . တရားရုံးမှာ အီလစ်ကြီးဖြစ်သွား၏။

ကိုကိုဦးက . . . ရန်ကုန်မှာ ယာမကာလုပ်ငန်းရှင်သူဌေးကြီး ဖြစ်သွား၏။

ကျွန်တော်က ရွာကျောင်းမှာ တွဲဘက် အလယ်တန်းပြကျောင်း





ဆရာဖြစ်ခဲ့၏။ ကျောင်းဆရာဘဝနှင့် ငါးနှစ်ခန့်လုပ်ကိုင်နေရင်း အခွင့်အလမ်းပေါ်လာသည်နှင့် နိုင်ငံခြားသို့ အလုပ်လုပ်ကိုင်ရန် ရောက်သွားခဲ့ပြန်၏။

လောကဓံက စီရင်သည်လား။

မမြင်ရသည့် ကံတရားက ဖန်တီးသည်လား။

ဒါမှမဟုတ် . . .

မိမိရဲ့ ကံ, ဉာဏ်, ဝီရိယက ပုံဖော်လိုက်သည်လားမသိ။ စင်္ကာပူနိုင်ငံမှာ ပရိဘောဂနှင့် အလှဆင်လုပ်ငန်းကုမ္ပဏီ၏ ကြီးကြပ်ကွပ်ကဲသူ ဖြစ်လာခဲ့၏။ မြန်မာနိုင်ငံရှိ မိဘများသို့ ငွေလုံးငွေရင်း ပို့နိုင်ခဲ့၏။

လုပ်ငန်းများကို လုပ်ကိုင်ရင်း ကျွန်တော်သည် အလွန်ဖော်ရွေကြောင်သော (သို့မဟုတ်) လွန်စွာကိန်းခန်းကြီးလှသော နိုင်ငံခြားသားသူဌေးကြီးတစ်ဦးနှင့် ပတ်သက်တွေ့ဆုံခဲ့ရ၏။ သူ့နာမည်က မစ္စတာချောင်း။

သူသည် ကျွန်တော်တို့ လုပ်ငန်းရှင်သူဌေးကြီး မစ္စတာလီနှင့် လုပ်ငန်းချင်းနွယ်ယှက်နေသည့် လုပ်ငန်းရှင် သူဌေးကြီးဖြစ်၏။

စင်္ကာပူနိုင်ငံမှာ အကျော်အမေးယျ သူဌေးစာရင်းဝင်၏။ သူနေသည်က Good Man Road မှာ Lasalle အနုပညာကောလိပ်နားက ခြံကြီးထဲမှာ စီးသည့်ကားက ကျားသစ်နက်ရုပ် Logo ပါတဲ့ ဒေါ်လာသန်းကျော်တန် ပြင်သစ်လုပ် ဂျကွာကား။

ကျွန်တော်တို့ လုပ်ငန်းရှင်သူဌေးကြီး မစ္စတာလီနှင့်နွယ်၍ မစ္စတာချောင်း၏ လုပ်ငန်းများကို အလျဉ်းသင့်သလို ကျွန်တော်တို့ ဝိုင်းဝန်းကူညီ လုပ်ကိုင်ပေးရ၏။

ဒီနေရာမှာ သူဌေးကြီးနှစ်ဦးရဲ့ နေမှုထိုင်မှု စိတ်ဓာတ်အပြုအမူ



www.burmeseclassic.com

www.burmeseclassic.com



ကွာခြားချက်ကို ပြောပြချင်သည်။

ကျွန်တော်တို့ သူဌေးကြီးမစ္စတာလီက အလုပ်သမားများကို သွေးရင်းသားရင်းလို ဆက်ဆံ၏။

ကျွန်တော်ကိုတွေ့သည်နှင့် "ကနီနား"ဟု တရုတ်လိုအခေါ် စကားဖြင့် တရင်းတနှီး နှုတ်ဆက်တတ်သည်။

သူ့အိမ်ကိုခေါ်၍ လုပ်ငန်းကိုဆွေးနွေး၏။ တစ်စားပွဲတည်းထိုင်၍ အတူစားသောက်ရင်း ဆွေးနွေးညှိနှိုင်းလုပ်ကိုင်၏။

အလုပ်သမား၏ အကြံပြုချက်ကို နားထောင်၏။

သူ၏ မိသားစုဝင်များကလည်း ကျွန်တော်တို့လို အလုပ်သမားများနှင့် အခြားနိုင်ငံသားများရယ်လို့ နှိမ်၍ ဆက်ဆံခြင်းအလျဉ်းမရှိ။ သူငယ်ချင်းပေါင်း ပေါင်း၏။

ဖော်ဖော်ရွေရွေ ဆက်ဆံ၏။

စားကောင်းသောက်ဖွယ်ရှိလျှင်လည်း ခေါ်ကျွေး၏။

မြန်မာနိုင်ငံရဲ့အကြောင်းကို စိတ်ချင်း၍ ဂရုတစိုက် မေးမြန်း၏။

သူဌေးကြီးမစ္စတာချောင်ကား ထိုသို့မဟုတ် အလွန်ဇိဇာ ကြောင်လွန်းလှ၏။ သူ့တိုက်သည် လေးထပ်တိုက်ကြီးဖြစ်၏။ ကျယ်ဝန်းလှသော မြေပေါ်မှာ ခေတ်သစ်နည်းပညာဖြင့် ခိုင်ခိုင်ခံ့ခံ့ တိုက်ကြီးကိုဆောက်ထားပြီး ကမ္ဘာ့နိုင်ငံပေါင်းစုံက အိမ်တွင်းပရိဘောဂအလှဆင် ပစ္စည်းများဖြင့် အိမ်ကိုအလှဆင်ထား၏။

အထူးသဖြင့် မြန်မာကျွန်းသစ်များဖြင့် အလှဆင်ထားရကား တစ်အိမ်လုံး ဝင်းလက်တောက်ပြောင် ဖိတ်ဖိတ်လက်နေ၏။

သူဌေးကြီး မစ္စတာချောင်သည် သူနေသည့် အခန်းကို ဖန်း





နှင့်သမီးများကိုပင် ဆိုအပ်မှ အဝင်ခံ၏။ သူသည် လွန်စွာအသန့်ကြိုက်၏။

သူ့အခန်းထဲမှာ လက်သုတ်ပဝါမျိုးစုံရှိ၏။ လူတစ်ယောက် အကြောင်းကိစ္စကြောင့် ဝင်ထိုင်လိုက်ပါက ကုလားထိုင်လက်တန်းပေါ် ဆုပ်ကိုင်လိုက်မိသည်နှင့် ၎င်းပုဂ္ဂိုလ်ပြန်သောအခါ ချက်ချင်းအိမ်ဖော် များကိုခေါ်၍ လက်တန်းပေါ်မှာ တင်ကျန်ရစ်သည့် လက်ဗွေရာများကို အဝတ်နှင့်အပြောင်တိုက်၏။ ထိုင်ခုံပေါ်မှာ ဆေးချက်ချင်းဖြန်း၏။

သူ့ရုံးခန်းမှာ ကျွန်တော်တို့ လုပ်ငန်းသဘောအရ ဝင်ရောက်ရသောအခါ ကျွန်တော်တို့ခြေလှမ်းများနောက်မှာ ဖုန်စုပ်စက်နှင့် အလုပ်သမားက ခြေရာများကို ထပ်ချပ်မကွာလိုက်၍ ချက်ချင်းသုတ်သင်နေရ၏။

ကျွန်တော်တို့နိုင်ငံမှာဆို ထိုသို့သော အပြုအမူသည် အလွန်ရိုင်း၏။ ဧည့်သည်ပြန်မှသာ သန့်ရှင်းရေးလုပ်နိုင်းမည်။ ဧည့်သည်ရှေ့ထား၍ ဧည့်သူမှု ထိုသို့သော အပြုအမူမျိုးမပြုလုပ်။ သူကား ဒါတို့နားမလည်။

တစ်ခါတော့ လုပ်ငန်းတူ ဧည့်သည်တစ်စုကို အအေးဗူးများနှင့် ဧည့်ခံ၏။ အဖုံးကိုဖွင့်လိုက်ရာ အချိုရည်သည် အောက်ခံမာဘယ်လ် ကျောက်ပြားသံမံတလင်းပေါ်သို့ ဖိတ်စင်ကျသွားရာ သူဌေးကြီးလည်း လန့်၍ အော်တော့၏။

သူဌေးကြီးမစ္စတာချောင်လန့်အော်၍ သူ့သက်တော်စောင့်များ ချက်ချင်းရောက်လာကြပြီး မေးကြသောအခါ —

"ဟိုမှာ . . . ဟိုမှာ . . . ကျသွားတယ် . . . ကျသွားတယ်"

"ဘာကျလို့ပါလဲ သူဌေး"

"အက်ဆစ် . . . အက်ဆစ် . . . အရည်"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

ညော့်သည်လုပ်ငန်းရှင်များ အံ့ဩသွားကြ၏။ အဘယ်ကြောင့်မှ သူတို့သောက်နေသော အချိုရည်စက်များ အောက်ခံအခင်းပေါ် ကျသွားသည်ကို အက်ဆစ်ဟု ပြောလိုက်သောကြောင့်ဖြစ်၏။

"နိုး . . . နိုး မစ္စတာချောင် အဲဒါ ကိုကာကိုလာပါခင်ဗျာ"

"နိုး . . . နိုး . . . အစ်(ထ်) . . . အစ်(စ်) . . . အက်ဆစ်"

ထို့ကြောင့် အခေခံများကအခင်းပေါ်မှ အချိုရည်များကို ချက်ချင်း သုတ်သင်ပြီးသော်လည်း သူကမရသေး တစ်ရှူးစက္ကူများကို အုပ်ထားစေ၍ စုပ်ယူနိုင်းပြန်သည်။ ပြီးမှ ဆေးများဖြန်းရ၏။ ညော့်သည်များ မျက်နှာပျက်ကုန်၏။

သို့သော်လည်း သူက လုံးဝဂရုမစိုက်။

သူ့ပတ်ဝန်းကျင်မှာ ချောင်းမဆိုးရ နှာမချေရ။ နှာချေ ချောင်းဆိုးလျှင် မည်သည့်ညော့်သည် ပုဂ္ဂိုလ်ကိုမဆို ချက်ချင်းပြန်တော့ဟု မောင်းထုတ်ပြီး ကာကွယ်ဆေးများဖြန်း၏။

မုန့်များဖုံတင်နေလျှင် သေဖို့သာပြင် . . .

အခန်းမှန်ကိုဖြစ်စေ၊ စာရေးစားပွဲကိုဖြစ်စေ၊ လက်ညှိုးနှင့် သုံး လေးခါ ပွတ်ကြည့်၏။

လက်ဖွေရာတွင်ကျန်နေလျှင် ဝန်ထမ်းများက ချက်ချင်းပြောင်လက်အောင် သုတ်ရတိုက်ရ၏။

စားပွဲပေါ်မှာ ဖန်ခွက်ရာကျန်လျှင် အကြီးအကျယ် ဒေါကန်၏။

* * *

(၃)

အလုပ်သမားများကို ညွှန်ကြားစရာရှိလျှင် အင်တာကွန်းနှင့်လည်းကောင်း၊ တယ်လီဖုန်းဖြင့်လည်းကောင်း ညွှန်ကြား၏။ လူနှံမခံနိုင်၍ဖြစ်သည်၊ အခြေအနေမလှမှ ခေါ်တွေ့၏။

သူ့သားသမီးများကိုလည်း အဆင့်အတန်း မြင့်မြင့်ထား၏။ မာစီဒီးကား တစ်စီးစီပေးထား၏။ အခန်းတိုင်း၌ ပရိုဂျက်တာများ Home Theator များဖြင့်၊ စားတော်ကဲများကိုလည်း "ရှယ်"ငှား၍ ချက်ပြုတ်စေ၏။

ဥရောပအစားအစာများ၊ အရှေ့တိုင်းအစားအစာများ၊ ကောင်းပေညွန့်ပေများကို မွှမွှနွှေးနွှေး စားကြ၏။ ရယ်ဒီမိတ်ကို လုံးဝမစားဆန့်ရှင်းလို့တဲ့ . . . ခင်ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



သားသမီးများကလည်း ချမ်းသာလွန်းတော့ ဆိုးသွမ်းကြ၏။

သမီးသုံးယောက် မွေးထားရကား . . .

သူတို့လေ့အတိုင်း ယောကျ်ားလေးညှိသည်များအားခေါ်၍ တံခါးပြားများဖွင့်ကြ အော်ဟစ်ကခုန်ကြ မူးရူးကြ . . .

ရင်ချင်းအပ်အက . . .

ကျောချင်းကပ်အက . . .

တင်ချင်းကပ်အကများဖြင့် ဆူညံနေရကား မိခင်ကြီးက သွားရောက်ပြောဆို တားသည်ရှိသော် မိခင်ကြီးကို အော်ငေါက်လွှတ်၏။ ဒါ ခေတ်သစ်ယဉ်ကျေးမှုဟု ပြောလွှတ်၏။

ဖခင်သူဌေးကြီးလည်း မနိုင်တော့။

ခေတ်မီစွာနေသည်ဆိုတော့ နေပေါ့။

အိမ်ကြီးကား ကြီးကျယ်လွန်းလှ၏။ ကျွန်တော့်အထင် ၎င်းအိမ်ကြီး၏ အခန်းမှန်တံခါးများကို အလုပ်သမားတစ်ဦး လိုက်ပိတ်မည်ဆိုလျှင် အနည်းဆုံး တစ်နာရီကျော်ကြာ အချိန်ပေးရလိမ့်မည်ဖြစ်၏။

စားဖိုဆောင်ကိုလည်း ကြည့်

အစိုဆောင် (Wet Kitchen) နှင့် အခြောက်ဆောင် (Dry Kitchen) ဟူ၍ နှစ်မျိုးရှိ၏။ အစိုဆောင်ဆိုသည်မှာ သားငါးအမဲများ ချက်ပြုတ်ရာအဆောင်ဖြစ်၏။ ၎င်းအဆောင်မှ ချက်ပြုတ်ပြီးသည်များကို အခြောက်ဆောင်ခေါ် သီးသန့်မီးဖိုဆောင်သို့ ပို့ရ၏။

ထမင်းစားခန်းလည်း သုံးခန်းရှိ၏။

သူဌေးကြီးတစ်ဦးတည်း စားသည့် ထမင်းစားခန်းက တစ်ခန်း။ ၎င်းအခန်းကား ဟင်းနံ့မနံ့ရ၊ အမွှေးရနံ့များ ကြိုင်လှိုင်နေရ၏။ တံခါး





ကို ဖြည်းညှင်းစွာ ဖွင့်ရ၏။ ပြီးတော့ သမီးများနှင့် မိခင်(မယား)အတွက် ထမင်းစားခန်းက တစ်ခန်း

ဒါ့အပြင် . . .

ဧည့်သည်ဆောင်သည့် အရေးကြီး စီးပွားဘက်များစားသုံးရန် ထမင်းစားခန်းက တစ်ခန်း၊ လက်ဖက်ရည်ခန်းကတစ်ခန်း။ စာကြည့်ခန်းကား စာအုပ်အမျိုးစုံလင်လှ၏။ စာအုပ်များကို ကားနှင့်တိုက်မှသယ်မှ ကုန်နိုင်ဖွယ်ရှိ၏။

ပြီး အလုပ်သဘော ဆွေးနွေးသည့် ဧည့်ခန်းကတစ်ခန်း။

ထို့အပြင် သူဌေးကြီး ရှယ်အနားယူသည့် အခန်းက သီးသန့်တစ်ခန်း။ နိုင်ငံပေါင်းစုံက ဝယ်ယူစုဆောင်းထားသည့် အထူးအဆန်း အလှအပပစ္စည်းများထားရာ အခန်းရှိသေး၏။

ဒါက အရှေ့တိုင်း အလှအပ ပစ္စည်းအခန်း။

ဒါက ဥရောပ အလှအပ ပစ္စည်းအခန်း။

ဒါက အနောက်တိုင်းက ခေတ်ပေါ်နှင့်ရိုးရာပစ္စည်းများ အခန်း။

ချမ်းသာလွန်းတော့ လုပ်ချင်ရာလုပ်၏။

အားလုံးက ရင်သပ်ရှုမောဖြစ်ကြ၏။

နောက်ဆုံးပေါ်ကားကိုမှ မှာစီး၏။ ကားကလည်း တစ်စီးကို ဒေါ်လာသန်းတန် ဇိမ်ခံကားများ။

သားသမီးများကလည်း တစ်ယောက်တစ်စီး။

အိမ်မှာ ဘာတိရစ္ဆာန်မှ မမွေး။ တိရစ္ဆာန်ပိုးမွှားများက လူကို အန္တရာယ်ပေးနိုင်၍ အိမ်ဖော်များက နေ့စဉ်ကြွက်ရှာ၏။ ပိုးကောင်ရှာရ၏။ ခြင်နှင့်ယင်ကိုရှာရ၏။ ရှာလို့လည်း မတွေ့ပါ။

www.burmeseclassic.com



သက်ရှိ သတ္တဝါတို့သည် သူဌေးကြီး မစ္စတာချောင်၏သတင်းကို ကြားရှိပါလားမသိ။ မြီစည်းရှိုးအနားကိုပင် လုံးဝမကပ်။

သူဌေးကြီးစီးသော ဗီနပ်စင်ကို ကျွန်တော်မြင်ရသောအခါ လွန်စွာအံ့သြခဲ့ရ၏။

အစကနဦး မြင်စက –

အိမ်ထဲမှာ ဗီနပ်ဆိုင်ဖွင့်ထားသည် မှတ်ထင်ခဲ့၏။ ဗိုင်ပါကပ်အထပ်သား ဗီနပ်စင်ပေါ်မှာ ရှူးဗီနပ် ခြေညှပ်ဗီနပ်များ အဆင့်ဆင့်တန်းစီနေ၏။ မရှိဘူးဆို ရာကျော်မက . . .

အခန်းထဲမှာ ဗီနပ်တိုက်သူတစ်ဦး သီးသန့်ခန့်ထား၏။ သူ့အလုပ်မှာ ဗီနပ်များကို သီးသန့်ပြောင်လက်နေအောင် တိုက်ရန်မှတစ်ပါး အခြားဘာမှ လုပ်စရာမလို။

သူ့အဝတ်အစားခန်းကား ကုန်တိုက်ထဲက Show Room ကဲ့သို့တည်း။

အိမ်ရှေ့က ပန်းဥယျာဉ်ကလည်း အင်္ဂလန်ပန်းဥယျာဉ်အလား ခမ်းနားလှ၏။ မာလီသုံးယောက် အမြဲတမ်း ပေါင်းသင်ရေလောင်း ဆေးဖြန်း ပန်းပင်များကို ဂရုစိုက်ရ၏။

သူသည် ကျူးဘားမှလာသည့် အကောင်းစားဆေးပြင်းလိပ်ကိုသာ သောက်သည်။ ၎င်းဆေးပြင်းလိပ်ကိုကား မီလျံနာများ၊ ဘီလျံနာများသာ သောက်နိုင်၏။

ဆေးလိပ်သာကုန်သွားမည် ပြာလုံးဝမကြွေ။

ဆေးလိပ်ကိုပန်းခြံအား မျက်နှာမူပြီး ခြေတင် ကုလားထိုင်နှင့် ဇိမ်ခံရှုစားရင်း ဖွာရှိုက်၏။





သူ့ဆေးလိပ်ကို အရသာခံ၍ စဉ်းစားပြီး ဖွာရှိုက်နေတုန်း မယားပင် သူ့အနားကိုလာ၍ စကားပြောလို့မရ။

သူ့ဇနီးမယားဖြစ်ရသည်မှာလည်း မချောင်လှ။

ကျွန်တော်စဉ်းစားကြည့်၏။

သူတို့ ညဘက်ဘယ်လိုများ အတူနေကြပါလိမ့်။

တစ်ခုတော့ ကောင်းသည်။ သူသည် ကျွန်တော့်ကိုချစ်ခင်၏။ ကျွန်တော်က ဘာသာစကားသုံးလေးမျိုးတတ်ရကား သူဌေးကြီးအကြိုက်ကိုလိုက်ပြီး ပြောတတ်သဖြင့် သံယောဇဉ်ရှိ၏။

သူသည် မြန်မာနိုင်ငံအကြောင်းကို လွန်စွာစိတ်ဝင်စား၏။

မြန်မာနိုင်ငံ၏ သယံဇာတကို စိတ်ဝင်စား၏။ တိုင်းရင်းသားများ၏ ရိုးရာဓလေ့ကို စိတ်ဝင်စား၏။ မြန်မာနိုင်ငံ၏ ရာသီဥတုနှင့် တောတောင်ရေမြေသဘာဝကို စိတ်ဝင်စား၏။ သူသိလိုသည်များအား ကျွန်တော့်ကိုမေးမြန်း၏။

ကျွန်ုပ်က အကိုးအကား စာအုပ်စာတမ်းနှင့် ပြောသောအခါ သူမြန်မာပြည်မှာ စီးပွားရေးလုပ်ငန်းများ ရင်းနှီးမြှုပ်နှံချင်သည်ဟုဆို၏။

အထူးသဖြင့် မြန်မာ့ကျွန်းနှင့် ပရိဘောဂကို အထူးစိတ်ဝင်စားသဖြင့် မြန်မာပြည်ကို ကျွန်တော်နှင့်အတူ သွားရောက်လေ့လာမည်ဟု မကြာခဏဆို၏။

ပြန်ခါနီးရောက်လျှင် –

ကျွန်တော့်အိတ်ထဲသို့ ငွေစက္ကူမုန့်ဖိုး ဒေါ်လာငါးဆယ် ခြောက်ဆယ်ထည့်ပေးလေ့ရှိရကား . . .

လူအများက သူ့ကိုဇီဇာကြောင်ကြီး၊ လူ့ဂွစာကြီး၊ လူ့ဘဝင်



www.burmeseclassic.com

www.burmeseclassic.com



ကြီး၊ လူသန့်လူပြန်ကြီး၊ ဘဝင်ရှူးကြီးဟု ဆိုကြဝေဖန်ကြစေကာမူ ကျွန်တော်ကတော့ သူ့စိတ်ရင်းကို ခန့်မှန်းမိ၍ သူ့ကိုလေးစားရပါသည်။

သူ့ကျေးဇူးများကား ကျွန်တော့်အပေါ်မှာ မနည်းခဲ့။

ကျွန်တော့်မွေးနေ့ရောက်တိုင်း အဝတ်အစား အသုံးအဆောင်များ အမှတ်တရ ဝယ်ပေးလေ့ရှိ၏။

❁ ❁ ❁

(၄)

မကြာခင် ကျွန်တော်တို့ လုပ်ငန်းခွဲတစ်ခု ( . . . )မှာ အခြေစိုက်၍ သူဌေးကြီးမစ္စတာချောင်၏တိုက်သို့ ကျွန်တော်မရောက်တော့။ လိုအပ်မှဖုန်းဆက်၍ သူဌေးကြီး ကျန်းခန့်သာလို့ မာရဲ့လားဟုမေးခဲ့ရ၏။

အစ ပထမနှစ်မှာ ကျွန်တော်ဖုန်းဆက်တော့ တယ်လီဖုန်းထဲမှ သူ့အသံများသည် အားရွှင်လန်းနေ၊ ဝမ်းသာနေ၏။

နောင်နှစ်များမှာ ဖုန်းဆက်တော့ သူ့အသံများမှာ မောဟိုက်နွမ်းနယ်သံများပါနေ၏။





"သူဌေးကြီး နေကောင်းပါရဲ့လား ခင်ဗျာ"

"ကောင်းပါတယ်ကွယ်"

"သူဌေးကြီး ကျွန်တော့်ရဲ့အကူအညီများ လိုအပ်ပါသလား ခင်ဗျာ"

"မလိုသေးပါဘူး မစ္စတာထွန်း . . . ကျေးဇူးတင်ပါတယ်။ မင်းနေကောင်းအောင်နေပါ . . . အလုပ်ကို ကြိုးစားပါ"

"ကျေးဇူးပါပဲ သူဌေးကြီးခင်ဗျာ"

ဖုန်းထဲမှာ သူစကားပြောသံမှာ တက်ကြွမှုအားနည်းနေသော်လည်း ကျွန်တော့်အပေါ် သံယောဇဉ်စိတ်ကတော့ ထက်သန်နေဆဲ။

ဒီလိုနှင့် ကျွန်တော် ( . . . )မှာ သုံးနှစ်ခန့် တာဝန်ယူ၍ လုပ်ကိုင်နေစဉ် –

တစ်နေ့ . . . ကျွန်တော့်လုပ်ငန်းရှင် သူဌေးမစ္စတာလီ၊ ကျွန်တော်လုပ်နေသည့် လုပ်ငန်းရှိရာသို့ ရောက်ချလာ၏။

သူဌေးသည် လာခဲ၏။

ခု ဘာများ အရေးကြီးလို့ပါလိမ့်။

"မစ္စတာထွန်း"

"ခင်ဗျာ သူဌေး"

"နက်ဖြန် ကျွန်ုပ်နှင့်အမြန်လိုက်ခဲ့ပါ"

"ကျွန်တော် ပြန်ရတော့မှာလား သူဌေး"

"နိုး . . . နိုး ခင်ဗျားရဲ့မိတ်ဆွေ မစ္စတာချောင်က ခင်ဗျားနဲ့ နှုတ်ဆက်စကားပြောချင်လို့တဲ့"

"ခင်ဗျာ . . . သူ . . . သူ ဘာဖြစ်လို့လဲ။ သူဘယ်ကိုသွားမှာ

www.burmeseclassic.com



မို့လို့လဲ သူဌေးခင်ဗျာ"

"သူတို့ အိမ်ပြောင်းတော့မယ်"

"အိမ်ပြောင်းတော့မယ် ဟုတ်လား။ ဘယ်ကိုပြောင်းမှာလဲဗျင်"

"သင့်တော်ရာကိုပါ . . . သူက မစ္စတာထွန်းနဲ့ တွေ့ပါရစေလို့ ကျွန်ုပ်ထံခွင့်တောင်းလို့ . . . နက်ဖြန် တစ်နေကုန်တွေ့ပေးလိုက်ပါ မစ္စတာထွန်း"

နောက်နေ့နံနက်ရောက်တော့ ကျွန်တော်တို့ လေယာဉ်ဖြင့် စက်ာပူသို့ ရောက်လာခဲ့ကြသည်။

အသင့်စောင့်နေသည့် သူဌေးကြီး မစ္စတာလီ၏ ကားနှင့် ကျွန်တော်တို့ ထွက်လာခဲ့လိုက်ကြ၏။

လမ်းခရီးတစ်ခုသို့ ရောက်သောအခါ

"မစ္စတာထွန်း"

"သူဌေး"

"ကျွန်ုပ်ကို . . . ဟိုတယ်ရှေ့မှာ ကားရပ်ပေး၍ချထားခဲ့ပြီးရင် မစ္စတာထွန်း သူဌေးချောင်ရဲ့အိမ်ကို တန်းသွားလိုက်ပါ"

"သူဌေးရော နှုတ်မဆက်တော့ဘူးလား ခင်ဗျာ"

"ကျွန်ုပ် နှုတ်ဆက်ပြီးပါပြီ။ လိုအပ်တဲ့ ကားများရော အလုပ်သမားအချို့ပါ အကူအညီပေးခဲ့ပါတယ်"

သို့နှင့် . . . ဟိုတယ်ရှေ့သို့ ကားကိုခဏရပ်ပြီး သူဌေးကြီးလီကို ချထားပေးခဲ့ကာ ကျွန်တော်တို့သည် သူဌေးကြီးမစ္စတာချောင်၏ တိုက်သို့ ထွက်လာခဲ့လိုက်ကြသည်။

✹ ✹ ✹

(၅)

သူဌေးကြီးမစ္စတာချောင်၏ တိုက်ရှေ့သို့ ရောက်သောအခါ ကျွန်တော်သည် လွန်စွာထူးဆန်းအံ့ဩဖွယ်ဖြစ်ရပ်များကို မြင်လိုက်ရလေသည်။

သူဌေးကြီးချောင်သည် ဦးခေါင်းတစ်ခေါင်းလုံး ဆံပင်များဖြူဖွေးနေ၏။ နဂိုက တင်းရင်းနေသည့် သူ့မျက်နှာပေါ်မှာ ရေးကြောင်းများရှိတွပြီး မျက်ကွင်းချောင်နှင့် ဖြစ်နေ၏။ သူ့ကိုယ်ပေါ်မှ အဝတ်အစားများကား

ဟိုး . . . ယခင်ကလို နိုင်ငံရပ်ခြား အနောက်တိုင်း အဝတ်အစားများ မဟုတ်တော့။ ပေရေညစ်နွမ်းသော အဝတ်အစားများနှင့် ဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်နှစ်ကိုစွပြစ်ပြစ် . . . အလုပ်သမားများကိုသာ ညွှန်ကြားနိုင်းစေလေ့ရှိသော သူဌေးကြီး မစ္စတာချောင်သည် . . .

ယခုအခါ . . .

ပစ္စည်းပစ္စယ သေတ္တာများကို သူကိုယ်တိုင် မင်ပန်းကြီးစွာ သယ်၍ ကားပေါ်တင်နေရ၏။

သူ့ဇနီးနှင့် သားသမီးများလည်း မတောက်ပတော့သည့် အဝတ် အစားများဖြင့် ပစ္စည်းများကို ကိုယ်တိုင်သယ်၍ လော်လီကားပေါ်သို့ တင်နေကြ၏။

မရှုရက်စရာ မမြင်ရက်စရာ မြင်ကွင်းများ။

အံ့သြကြေကွဲဖွယ်ရာ မြင်ကွင်းကို မမျှော်လင့်ဘဲ တွေ့လိုက်ရသောအခါ ကျွန်တော်ကားတံခါးကို အမြန်တွန်းဖွင့်လိုက်ပြီး ပြေးဆင်း၍ သူဌေးကြီးချောင်၏လက်ထဲမှ သေတ္တာကို ပြေးကူဆွဲလိုက်သည်။

"ဟင် . . . မစ္စတာထွန်း"

"သူ . . . ဌေး . . . သူဌေး"

"နေ . . . နေ မစ္စတာထွန်း။ ကျွန်ုပ်သယ်နိုင်ပါတယ်"

"အို . . . မဟုတ်တာ။ သူဌေးထိုင်နေပါ။ ကျွန်တော်နဲ့ အလုပ်သမားများ သယ်ပေးပါ့မယ်။ သူဌေးကတော် ထိုင်ပါ။ နားပါ။ ညီမတို့ နားနေကြပါ"

"သိုင်းကြူး ဘရားသား . . . ရတယ်"

လှူငယ်များကား အပြုံးမပျက် သယ်ကြ၏။ ကျွန်တော်က အတင်းနားခိုင်းမှ သူဌေးကြီးလင်မယား သစ်ပင်အောက်က ကုလားထိုင်မှာ ထိုင်၍နားရင်း နဖူးမှချွေးများကို သုတ်နေကြ၏။





ထိုတော့မှ ကျွန်တော်က အလုပ်သမားများကို မေးလိုက်၏။

"ဟိုး . . . အပေါ်ထပ်က ပစ္စည်းတွေရော"

"မရှိတော့ဘူး မစ္စတာထွန်း"

"ဟင် . . . ဟို စားပွဲ ဆက်တီ ခုတင်"

"ဘာမှ မရှိတော့ဘူး"

"ဟေ"

"ဒါ အကုန်ပဲ . . . ကားနှစ်စီးတိုက်ပဲရတယ်"

အလို ဘယ်လိုဖြစ်ကုန်ကြပါလိမ့်။ ကျိုကျိုတက် ချမ်းသာသော သူဌေးကြီး အိမ်ပြောင်းတော့ လော်လီကားနှစ်စီးတိုက်ပဲ အိမ်သုံးပစ္စည်းများရသတဲ့။ ဘယ်လိုဖြစ်ကုန်ကြပါလိမ့်။

တစ်ချိန်တုန်းက

လက်တန်းပေါ်မှာ လက်ဗွေထင်ရင် အိမ်ဖော်ခေါ် အပြောင်သုတ်ခိုင်းခဲ့တဲ့သူဌေးကြီး။ ဖုံဆိုအလွန်ရွံရှာသည့် သူဌေးကြီးသည်ပတော့ . . .

တစ်ကိုယ်လုံး ပစ္စည်းများ ကိုယ်တိုင်သယ်ရ၍ ဖုံများ ချွေးများပေကျံလို့ . . .

ထိုအချိန်တွင် သမီးလုပ်သူတစ်ယောက် တက္ကစီနှင့်ပြန်ရောက်လာ၏။ သူမရဲ့လက်ထဲမှာ ထမင်းထုပ် ငါးထုပ်ပါလာသည်။ သူမက ဖခင်နှင့်မိခင်ကို တစ်ထုပ်စီပေးလိုက်ပြီး ညီအစ်မသုံးယောက် တစ်ယောက်တစ်ထုပ်စီဖွင့်ကာ သစ်ဝင်ရိပ်အောက်မှာ ဝိုင်းဖွဲ့၍ စားနေကြသည်။

"ဟေး . . . မစ္စတာထွန်း"

"ခင်ဗျာ . . . သူဌေး"

www.burmeseclassic.com



"ဒီမှာ . . . လာစားလေ . . . လာပါ"

ကျွန်တော့်ပါးပြင်ပေါ်မှာ မျက်ရည်များ စီးလိမ့်ကျလာခဲ့သည်။ ဘယ်တုန်းကမှ ရယ်ဒီမိတ် အပေါစားထမင်းဗူးကို မစားခဲ့သည့် သူဌေး။

အနောက်တိုင်း စားတော်ကဲ . . .

အရှေ့တိုင်း စားတော်ကဲများဖြင့် . . . စိတ်ကြိုက် သန့်သန့်ပြန့်ပြန့် ခမ်းခမ်းနားနား စမတ်ကျကျဝတ်စားနေထိုင်ခဲ့သည့် သူဌေးသည် ခုတော့ တစ်ခါသုံးထမင်းဗူးကိုဖွင့်၍ ကော်ဇွန်းနှင့်ခပ်၍ အားရပါးရ စားနေရှာ၏။

"မစ္စတာထွန်း"

"သူဌေး"

"ဘာလို့ မျက်ရည်ကျရတာလဲ"

"ဗျာ . . . ဟို . . . ဟို . . . ဟို"

"မငိုပါနဲ့ကွယ်။ မျက်ရည်တွေ မကျစမ်းပါနဲ့။ ဘဝဆိုတာ မြင့်တဲ့အခါမြင့် နိမ့်တဲ့အခါနိမ့်ပါပဲကွာ။ အစကတော့ ဒါတွေတည်မြဲနိုင်ခဲ့လိမ့်မယ်လို့ ထင်ခဲ့တာပဲ။ ဆွေစဉ်မျိုးဆက် စားမကုန် သုံးမကုန်ဘူးလို့ ထင်ခဲ့တာပါပဲ။ သုံးနှစ်အတွင်း ကျွန်ုပ်လုပ်ငန်းတွေ အရှုံးပေါ်ပြီး ဒေဝါလီခံ လိုက်ရတယ်။ အခု အိမ်ပေါ်က ငါဆင်းခဲ့ရပြီ။ မင်းကျန်းမာအောင်နေကွာ။ ငါ့ အဖြစ်အပျက်ကို မင်းတို့ မြန်မာလူမျိုးများအနေနဲ့ ဘယ်လိုပြောမလဲ မာင် မစ္စတာထွန်း"

ကျွန်တော်မပြောရက်ပါ။ ပါးပြင်ပေါ်သို့သာ မျက်ရည်များ အဆီးအတားမရှိ လိမ့်စီးကျကာနေမြဲ ကျနေပါသည်။

သူသည် ကျွန်တော့်ကျေးဇူးရှင်စာရင်းမှာ တစ်ဦးပါခဲ့ပါသည်။



ကျွန်တော့်ကို ချစ်ခင်သည်။ သံယောဇဉ်ကြီးရှာသည်။ မုန့်ဖိုးတွေပေးခဲ့သည်။ အဝတ်အစားများ ဝယ်ပေးခဲ့သည်။

ခု . . . သူ . . . ဘယ်လိုအိမ်မျိုးမှာ သွားနေကြမည်လည်းသိ။ မေးလည်းမမေးရက်။

"ပြောလေ မစ္စတာထွန်း၊ မင်း ဘယ်လို ဝေဖန်မလဲပြောပါ"

ကျွန်တော့်ပါးစပ်မှ မဝေဖန်ရက်။

အဖြေမပေးရက်။

ပြောမထွက်။

လည်ချောင်းထဲမှာ ဆို့နင့်နေသည်။

ပြောချင်တာ တစ်ချက်ပဲရှိသည်။

"သူဌေးရယ် ပစ္စည်းသခါရ လူ့သခါရတဲ့။ ဘယ်အရာမှ အနိစ္စ အမြဲမရှိတဲ့"

ဒီစကားကို ကျွန်တော့်ရင်ထဲမှာပဲ ပြောနေမိသည်။

ခုတော့ လောကဓံဝဲဂယက်မှာ . . .

ကျေးဇူးရှင်သူဌေးကြီး အချေအရုံနည်းခဲ့ပြီ။ ရေကျမှာ သောင်ထင်ခဲ့ရပြီ။ ကျွန်တော့်ရဲ့ မျက်ရည်စိုစွတ်မျက်လုံးထဲမှာ ငယ်ငယ်က ထင်ဒါလေ့လှေနှင့်လိုက်ခဲ့စဉ်က . . .

ရေတက် လှေတော်သံများကို ပြန်ကြားနေရသလို

ရေကျ လှေတော်သံများကိုလည်း ပြန်ကြားနေမိလေသည်။

မျက်စိရှေ့မှ သူဌေးကြီး မစ္စတာချောင်ရဲ့ လက်ရှိ လှေတော်သံသာ . . .

◆ နတ်လှုဦး

www.burmeseclassic.com



## သစ်နက်ရေဝိညာဉ်

ရာသီစက်ဝန်းက အလီလီပြောင်းခဲ့လေပြီ။

အတိတ်၏အခိုက်က ကျန်ခဲ့သည်လည်းရှိ၏။ တစ်ခါတရံ ထို ခိုက်တို့သည် ဘဝတစ်ခုနှင့် ယှဉ်တွဲကာပါလာတတ်သည်လည်းရှိတတ် ။

မည်သို့ဝင်ဆိုစေဦးတော့ . . .

လူ့ဘဝသည် ရခဲသည်တော့ အမှန်ပင်ဖြစ်၏။ ထိုသို့ ရတောင့် သော လူ့ဘဝတွင် ကြုံရ ခံရ မြင်ရ ကြားရ တွေ့ကြုံရမည့် ကြောင်းကြီးငယ် ကိစ္စဟူသမျှသည် အကြောင်းတရားကြောင့်သာ ပေါ်လာစမြဲရှိလေ၏။ အကြောင်းတရားမဲ့ သက်သက်တော့ ဖြစ်ပေါ် ခြင်းမရှိချေ။

www.burmeseclassic.com

www.burmeseclassic.com



ထိုကဲ့သို့ ဖြစ်ပေါ်လာတတ်သော အကြောင်းတရားသည် လူ့ဘဝတွင် မထင်မှတ်သော အချိန်ကာလ၊ မထင်မှတ်သော နေရာဒေသ၊ မထင်မှတ်သော အဖြစ်အပျက်တို့က ပေါ်လာတတ်စမြဲပင်ဖြစ်၏။

တစ်ခါတစ်ရံ ဆောင်းလေပမာကဲ့သို့ ကလူကျီစယ်တိုးဝှေ့ခြင်းခံရသော လူ့ဘဝသည်လည်း ရှိတတ်လေ၏။ တချို့ကျပြန်တော့ မိမိတို့၏ ဘဝထဲသို့ နှစ်နှစ်ကာကာဖြင့် လာရောက်တတ်ခြင်းရှိလေ၏။

ကျုံတာသူကြီး ဦးပြားသည် အိမ်ရှေ့ကနားဖျင်းအတွင်းရှိ ခုံတန်းရှည်ပေါ်တွင် ထိုင်၍ စဉ်းစားနေခြင်းဖြစ်၏။ သူ၏ဘဝတွင် စည်းစိမ်ဥစ္စာ လယ်ပိုင်၊ နွားပိုင်တွေနှင့် ပြည့်စုံလျက်ရှိ၏။ ထို့ထက်ပို၍ ပြည့်စုံနေခြင်းက ဇနီးမမြလှပင်ဖြစ်လေ၏။

ဇနီးမမြလှအကြောင်း တွေးမိပြန်တော့ သူကြီးဦးပြား တစ်ယောက် စိတ်မကောင်းဖြစ်မိပြန်၏။ အိမ်ထောင်သက် ငါးနှစ်သက်တမ်းရှိနေပြီ ဖြစ်သော်လည်း သားသမီးရတနာ တစ်ဦးတစ်ယောက်မျှ မထွန်းကားခြင်းပင် ဖြစ်လေ၏။ သူကြီး ဦးပြားသည် စိတ်ပျက်အားငယ်စွာဖြင့် စားပွဲပေါ်မှ ကွမ်းအစ်အား အနီးသို့ လှမ်း၍ဆွဲယူလိုက်၏။ သူသည် ကွမ်းတစ်ယာကို ကမန်းကတန်းယာပြီး ငုံ၍တစ်မြုံ့မြုံ့ဝါးနေတော့၏။

ထိုသို့ ကွမ်းတစ်ယာကို တမြုံ့မြုံ့ဝါးနေရင်း ခြံပေါက်ဝဆီသို့ ငေးမောလျက်ရှိလေ၏။

ထိုစဉ် သူ၏အနီးသို့ ဇနီးမမြလှထိုင်သည်ကိုပင် သတိမထားမိလိုက်ချေ။ မမြလှသည် ခင်ပွန်းဦးပြားအား တငေးတမော စိုက်ကြည့်နေမိ၏။ အတန်ကြာစိုက်ကြည့်နေပြီးသော်မှ –





“ကိုပြား”

“ဟေး . . .”

ဟု အလန့်တကြားဖြင့် ပြန်ထူးလိုက်မိ၏။

ဦးပြားသည် မိမိပျက်ယွင်းနေသော ဣန္ဒြေကိုပြန်ဆယ်၍ မယွင့်ယွင့်အပြုံးကလေးဖြင့် –

“မမြလှ ဘာပြောချင်လို့လဲဟင်”

ဟု အားအင်ချို့နဲ့စွာ မေးလိုက်၏။ မမြလှသည် ခင်ပွန်း၏အဖြစ်ကိုမြင်ရတော့ သူ့မစိတ်ထဲ ထင့်ခနဲဖြစ်သွားကာ တနုံ့နုံ့ခံစားမိလေ၏။ ခင်ပွန်းဖြစ်သူ ခံစားနေရသော ဝေဒနာကို နားလည်လိုက်၏။ သို့သော် မမြလှသည် သူမရင်ထဲတွင် ကိန်းအောင်းနေသော မသိစိတ်ကို ချိုးပိပ်၍ –

“ရှင့် အနားမှာ ကျွန်မထိုင်ကြည့်နေတာ အတော်ကြာသွားပြီ။ ငိုလောက်အောင်ရှိုက်ပြီး တွေးနေတာ ဘာကိစ္စလဲ။ မဟုတ်မှလွဲရော အပေါင်းလာကျရင် ကျင်းဝမယ့် ရွာဦးက ကျုံတာဘုရားပွဲအတွက် မှုပန်သောကဖြစ်နေတာ မဟုတ်လား”

ဟု စကားလမ်းကြောင်းပြောင်းပြီး တတွတ်တွတ် မေးမြန်းလိုက်၏။ သူကြီးဦးပြားသည် ဇနီးမမြလှ၏ မေးခွန်းအား တုံ့ပြန်ဖြေကြားခြင်းမပြုသေးဘဲ မျက်လုံးကျွတ်မတတ် စိုက်ကြည့်လျက်ရှိ၏။

သူကြီးကဇ်တော် မမြလှအား ရွာထဲမှ လူများက “ဒေါ်” တပ်ခေါ်နေကြသော်လည်း အသက်ကြီးသေးသူသည် မဟုတ်ချေ။ သုံးဆယ်ကျော်ခန့်သာ ရှိသေး၏။ လှတုန်းပတုန်း အရွယ်ကောင်းတုန်း ရှိသေး၏။ ကျုံတာရွာဝန်းကျင်၌ မမြလှ၏အလှနှင့် ယှဉ်ပံ့သူမရှိချေ။ မိဘတွေ



www.burmeseclassic.com

www.burmeseclassic.com



ကလည်း လယ်ပိုင်ချောင်းပိုင်နှင့် ဖွစ္စည်းဥစ္စာစုနကြွယ်ဝကြသူများမို့ တော်ရုံတန်ရုံ ကာလသားများက မမြလှ၏အနီးသို့ မသီရဲကြ။ မကပ်ဝံ့ကြပေ။

ထိုနည်းတူ သူကြီးဦးပြားဟု ကင်ပွန်းတပ်ခေါ်နေကြသော်လည်း စွင်စင်ပေါက်ပေါက် အသက်ကိုရေတွက်ကြည့်ပါက သုံးဆယ်ငါးနှစ်ခန့်သာ ရှိလေ၏။ သူကြီးဦးပြား၏ မိဘတွေသည်လည်း ရွာထဲတွင် လူချမ်းသာ စာရင်းဝင်များဖြစ်ကြ၏။ ဖျိုးရိုးစဉ်ဆက်သည်လည်း သူကြီးတာဝန်ထမ်းဆောင်ခဲ့ကြသူများ ဖြစ်ကြ၏။

ထို့ကြောင့် သူတို့နှစ်ယောက် အိမ်ထောင်ပြုကြသောအခါ တစ်ရွာလုံးက နေနှင့်လ ရွှေနှင့်မြဟူ၍ ပြောဆိုချီးမွမ်းကြကုန်၏။

မမြလှသည် သူမအားစေ့စေ့ကြည့်နေသော ခင်ပွန်းအား မျက်လုံးကလေး စွေခနဲပြန်ကြည့်၍ –

"လူကို မမြင်ဖူးတာကျနေတာပဲ။ ဒီလောက် ငေးကြည့်နေရသလား"

ဟု ရှက်ပြုံးလေးဖြင့် မဲ့တာရိုမေးလိုက်၏။ သူကြီးဦးပြားသည် ဇနီးသည် မေးမြန်းသော စကားတွေကိုပြန်၍ မဖြေဘဲ စိမ်းစိမ်းကြီး ကြည့်နေပြီးသော်မှ –

"မမြလှရယ် တို့တစ်တွေမှာ အစစရာရာ ပြီးပြည့်စုံနေပြီ မဟုတ်လား . . . ဒါပေမဲ့"

ဟု ပြောနေရင်းက သူ၏စကားကို တစ်ဝက်တစ်ပျက်နှင့် ရပ်ထားလိုက်၏။ မမြလှကလည်း ခင်ပွန်းသည်၏ ပါးစပ်ကို သူမလက်ဖဝါးနုနုကလေးဖြင့် လှမ်းပိတ်ထားလေ၏။



မမြလှသည် ခင်ပွန်းဖြစ်သူ၏နှုတ်မှ နောက်ထပ်မှ ထွက်ပေါ်လာမည့်စကားများကို မကြားဝံ့ချေ။ သူမအနေနှင့်လည်း နားထောင်နိုင်စွမ်းမရှိပေ။ သူမစိတ်ထဲတွင်လည်း ခင်ပွန်းဖြစ်သူပြောမည့် စကားတွေကို အလိုလိုနေရင်း သိရှိနေတော့၏။ ထိုစကားတို့သည် သူမ၏ ရင်ကို အရမ်းတုန်လှုပ်စေ၏။ ကယောက်ကယက် ချောင်းဆန်နေစေ၏။ ထိုသို့ ခံစားနေရသည့် ဝေဒနာအား သူမအနေနှင့် မည်သို့သောအချိန်များမှ ဖယ်ရှားနိုင်အံ့နည်း။ မမြလှသည် ထိုကဲ့သို့ အတွေးပေါက်၍ ငိုင်ကျသွားလေ၏။

သူကြီးဦးပြားသည် ဇနီးသည်မျက်နှာလေးညှိုးကျသွားသည်ကို မြင်ရကြားရပြန်တော့ ပြောဆိုမည့်စကားကိုပင် မပြောနိုင်တော့ဘဲ –

"ဒီလောက်လည်း စိတ်ဆင်းရဲမှု ဖြစ်မနေပါနဲ့ကွာ။ အချိန်တန်တော့ဖြစ်လာတော့မှာပါ။ ဒီသားသမီး ရတနာအတွက်ကံကုသိုလ်ဟာ တစ်နေ့နေ့ တချိန်ချိန်တော့ တို့လင်မယားနှစ်ယောက်ဘက်မှာ ရှိကိုရှိရမယ်လို့ ငါတွေးမိတယ်"

ဟု ဖျောင်းဖျနှစ်သိမ့်လိုက်လေ၏။ ထိုအခါ မမြလှက ဆို့ဆို့နစ်နစ်လေသံဖြင့် –

"အဲဒီ တစ်နေ့နေ့ တချိန်ချိန်ကိုပဲ မျှော်လင့်ခဲ့တဲ့ရက်တွေကြာခဲ့ပြီ မဟုတ်လား။ ကျွန်မဘဝက ကုသိုလ်ကံဆိုးပါတယ်။ တခြားသူတွေ ကဲ့ရဲ့စရာဖြစ်နေပြီ။ အမြုံမတဲ့"

ဟု ဝမ်းနည်းစွာပြောလေ၏။

. . . . . . .

"ကိုပြား ကျွန်မရွာဦးကျောင်းကို ခွင့်အစ်သွားပိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု မပြုလှက ဆွမ်းအုပ်ကို ခေါင်းပေါ်ရွက်ရင်း ပြောလိုက်၏ ရွာမြောက်များတွင် ရှိသော ကျောင်းသို့ ရွာလမ်းမအတိုင်း လျှောက်လာ ၏။ သူတို့နှင့် သုံးခြံကျော်လောက် ရောက်လာသောအခါ လမ်းမဘေး တွင် ဆွမ်းအုပ်ရွက်ပြီး စောင့်နေသော သူငယ်ချင်းခင်မွန်နှင့် တွေ့ ၏။ မပြုလှသည် ခင်မွန်အား –

"ညည်းစောင့်နေတာ ကြာပြီလား"

"မကြာသေးပါဘူး ပြုလှရယ်"

ဟုပြောဆို၍ နှစ်ဦးသားလျှောက်လာခဲ့ကြ၏။ မကြာမီ ကျောင် ဝင်းအဝသို့ ရောက်လာကြ၏။ မပြုလှတို့သည် မိမိတို့ ဖိနပ်တွေ ချွတ်၍ တစ်နေရာတွင် ထားခဲ့ကြ၏။ ကျောင်းလှေကားရင်းရှိ ခြေဆေ အနီးသို့ ရောက်လာကြသောအခါ သစ်သားကိုင်းတတ်ထားသော ဒုန်းမှုတ်ခွက်ဖြင့် အုတ်ကန်အတွင်းမှရေခပ်၍ ဆေးလိုက်ကြ၏။

ထို့နောက် ကျောင်းပေါ်သို့ တက်ခဲ့ကြလေ၏။ ဆရာတော်အား ဝတ်ပြုကန်တော့ကြပြီး ကိုရင်တစ်ပါးအား မိမိတို့ဆွမ်းအုပ်များကို ပေ လိုက်ကြ၏။ ဆွမ်းအုပ်များထဲမှ ဆွမ်းတောင်းနှင့်ဆွမ်းခွက်များကို လဲလှယ် ပြီးသောအခါ ကျောင်းအောက်သို့ ပြန်ဆင်းလာခဲ့ကြလေ၏။

ကျောင်းအောက်သို့ ရောက်သောအခါ မပြုလှက ခင်မွန်အား –

"ကျုံ့တာစေတီကို သွားဖူးကြရအောင်"

ဟု အဖော်ညှိလိုက်၏။ ခင်မွန်သည် မပြုလှနှင့်အတူ ကျောင်း ဝင်းအတွင်းရှိ စေတီသို့ လျှောက်လာသည်။ စေတီရင်ပြင်သို့ ရောက် လာလျှင် မပြုလှသည် ကြာသပတေးဂြိုဟ်ထိုင်တွင် ပဆစ်တုပ်ထိုင်၍ ရှိခိုးကန်တော့ပြီး တတွတ်တွတ်ရွတ်ဆိုနေ၏။ ခင်မွန်ကတော့ မပြုလှ





ဘေးတွင်ကပ်၍ ဝတ်ပြုနေ၏။

ထိုသို့မပြုလှ၏ မေတ္တာပို့ အမျှပေးဝေခြင်းအသံဆုံးလျှင် စေတီ တော်တွင် ဆွဲထားသော ခေါင်းလောင်းလေးများမှ ထူးထူးခြားခြား တချွင်ချွင်မြည်ဟီးသွား၏။ အလွန်သာယာ နာပျော်ဖွယ်ကောင်းလှပေတော့ ၏။

မပြုလှတစ်ယောက် ထိုအသံကြားလိုက်ရချိန်မှာတော့ သူ့စိတ် ဝယ်ကြည်နူးမှုပီတိအဟုန် တဖွားဖွား ဖြစ်ပေါ်လာ၏။ ရင်ထဲ တသိမ့် သိမ့်ဖြင့် သည်းလိုက်အူလိုက် ခံစားနေမိ၏။ သူမအနေနှင့် ဝမ်းသာလွန်း သဖြင့် မျက်ဝန်းအိမ်မှပင် မျက်ရည်ဥကလေးများ ယီးလေးခိုနေလေ၏။ ထိုစဉ် သူမ၏အနီးတွင် ရပ်နေသော ခင်မွန်က တအံ့တသြကြည့်၍ –

"ပြုလှ ညည်းဘာဖြစ်နေတာလဲ။ မျက်ရည်တွေလည်း ဝဲနေ ပါလား"

"အေးဟယ် ငါ့စိတ်ထဲ ဘယ်လိုခံစားမိတယ် မသိဘူးဟယ်။ စိတ်ထဲ အတော်ကို ဝမ်းသာမိတယ်။ ညည်းကြည့်ပါလား။ လေ လုံးဝ မတိုက်ဘဲ ဆည်းလည်းသံတွေ အလိုလို လှုပ်ရမ်းနေတာ မထူးခြားဘူး လား။ ငါ့ရင်ထဲ အရမ်းကြည်နူးမိလို့ပါဟယ်"

ဟု ဆိုနင့်နင့်ဖြင့် ပြောဆိုလိုက်၏။ မပြုလှတို့ သူငယ်ချင်းနှစ်ဦး သည် ရွာဘက်ဆီသို့ ပြန်လျှောက်လာကြ၏။ ရွာထိပ်နှင့် မလှမ်းမကမ်း တွင်ရှိသော ပညောင်ပင်ကြီးအနီးသို့ ရောက်လာသောအခါ မပြုလှက ခင်မွန်အား –

"ခင်မွန် ခဏနေပါဦးဟယ် သားဆုသွားပန်ချင်လို့"

ဟု ပြောပြောဆိုဆို လမ်းဘေးတွင် ရှိသောပညောင်ပင်ဆီသို့



www.burmeseclassic.com

www.burmeseclassic.com



သွားလေ၏။ မမြလှသည် ပဒေါင်ပင်ခြေရင်းသို့ ရောက်သောအ
မြေပြင်ပေါ်၌ အသာအယာ ထိုင်ချလိုက်၏။ သူမ၏ နှုတ်မှလည်
တတွတ်တွတ်ဆုတောင်းနေတော့၏။

ခင်မွန်သည် လမ်းမပေါ်မှနေ၍ သူငယ်ချင်း မမြလှ လုပ်ကို
နေပုံအား ငေးမောလျက်ကြည့်နေလျက်ရှိ၏။ တအောင့်လောက်ကြာသေ
မမြလှသည် ခင်မွန်ရှိရာသို့ ပြန်လျှောက်လာ၏။ ခင်မွန်သည် မိမိ
အနီးသို့ ရောက်လာသော မမြလှအား –

“နေပါဦး ညည်းကို ဒီပဒေါင်ပင်ကြီးမှာ သားဆုပန်
ရတတ်တယ်ဆိုတာ ဘယ်သူက ပြောလို့လဲ”

“ဘယ်သူမှ ပြောလို့ မဟုတ်ပါဘူးဟယ်။ ငါ့စိတ်ထဲမှာ လ
လျှောက်လာရင်း အခုလို လုပ်ချင်တဲ့စိတ်ပေါ်လာလို့ လုပ်မိလိုက်တာပဲ

ဟု မျက်နှာငယ်လေးနှင့် ပြောရှာ၏။ ခင်မွန်သည် မမြလှ
ဖြစ်ပျက်နေပုံကိုမြင်ရတော့ သနားလည်း သွားမိ၏။ ကရုဏာလည်
ဖြစ်ရ၏။ ထို့ကြောင့် မမြလှ၏ပခုံးအား ခင်မွန်က ကြင်နာစွာသို
ဖက်၍ –

“မြလှ”

“ဟင်”

ဟု မမြလှက အူးယားဖားယား ပြန်ဖြေလိုက်၏။ ထိုအ
ခင်မွန်က ကြင်နာသော မျက်လုံးများဖြင့်ကြည့်၍–

“ညည်းအတွက် ငါစိတ်မကောင်းပါဘူးဟယ်။ ဒါပေမဲ့ ညည်
အခုလိုတွေ့ရာအပင်တွေမှာလိုက်ပြီး သားဆုတောင်းတာမျိုးတော့ မလု
သင့်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ရွာသားတစ်ယောက်ယောက်က တွေ





သွားရင် ညည်းတို့လင်မယား ကလေးရူး,ရူးနေတယ်လို့ ကဲ့ရဲ့ကြမှာ။
အဲဒီတော့ သူကြီးအဖို့လည်း မကောင်းပါဘူးဟယ်”

ဟု ညင်သာစွာ သတိပေးစကားဆိုလိုက်၏။ မြလှတို့ သူငယ်
ချင်းနှစ်ဦးသည် လမ်းလျှောက်လာရင်း ပြောလာခဲ့ကြခြင်းဖြစ်၏။
စောစောက ခင်မွန်သတိပေးပြောလိုက်သော စကားကြောင့် မမြလှ
ငိုင်၍ တွေဝေသွားလေ၏။ သူမ တစ်ကိုယ်လုံးလည်း ကတုန်ကယင်
ဖြစ်လာချေ၏။ ခင်မွန်သည် ကတုန်ကယင်ဖြစ်နေသော မမြလှအား –

“အေးဟယ် နင့်အတွက် စိတ်မကောင်းပါဘူး”

ဟု သုတ်သီးသုတ်ပြာ ပြောလိုက်၏။ ထိုအခါ မမြလှက
ခင်မွန်အား –

“နင့်ရဲ့စေတနာကို ငါနားလည်ပါတယ်ဟယ်။ နောက်နောင်
ဒီလိုအဖြစ်မျိုးတွေ မကြုံတွေ့စေရပါဘူးလို့ ကတိပေးပါတယ်”

ဟု ရှက်ပွေလျက် ပြောလိုက်မိ၏။

❁ ❁ ❁

www.burmeseclassic.com

"ဖျို့ သူကြီးဦးပြားရှိလား"

ဟု ခြံဝင်းထဲမှ လှမ်းခေါ်လိုက်သံကြောင့် ဦးပြားသည် အိမ်ပေါ်မှနေ၍ လှမ်းကြည့်လိုက်ပြီးသော် -

"ဦးလေးကြည်ပါလား . . . လာခဲ့လေ"

ဟု လှမ်းအော်ပြောလိုက်၏။ ဦးကြည်သည် အိမ်ပေါ်သို့ လှေကားအတိုင်း တက်ခဲ့၏။ အိမ်ပေါ်သို့ ရောက်မဆိုက်ပင် လက်ထဲတွင် ကိုင်ထားသော အထုပ်ကလေးကိုကမ်း၍ ဦးပြားအားပေးလေ၏။

ထိုအထုပ်ကိုကြည့်၍ ဦးပြားတစ်ယောက် ကြောင်အမ်းအမ်းဖြစ်သွားရှာ၏။ ဦးကြည်ကမ်းပေးနေသည်ကိုပင် ပြန်းခနဲ မယူဝံ့သေးဘဲ စိုက်ကြည့်လျက်ရှိလေ၏။

သူကြီး ဦးပြားသည် ဦးကြည်အား မမိုတ်မသုန် ငေးမော၍-

"ဦးလေးကြည် ဒီအထုပ်က ဘာလုပ်တာလဲ"





ဟု ယောင်နနဖြစ်နေလျက် မေးမြန်းလိုက်သောအခါ ဦးကြည်က -

"ငါ ဟိုတယောက ရန်ကုန်သွားတယ်လေ အပြန်ကျတော့"

ဟု ပြောပြီး တွေ့ကြုံခဲ့ရပုံအား ပြန်ပြောလေ၏။

(၂)

ဦးကြည်သည် မိမိတို့ ကျုံတာရွာသို့ပြန်ရန် လမ်းမတော်ဆိပ်ကမ်းတွင် ရောက်ရှိနေ၏။ သူနှင့်အတူ တစ်ရွာတည်းသား [illegible]ကွန်းသည်း အတူရှိ၏။ သူတို့နှစ်ဦးသည် ကျုံတာရွာသို့ထွက်မည့် သင်္ဘောအား မေးစမ်း၍ ရှာဖွေနေကြ၏။

ရွာသင်္ဘောကို တွေ့သောအခါ ဆင်းပြီးနေရာယူခဲ့ကြ၏။ သင်္ဘောဦးခန်းတွင် နေရာလွတ်ကျဉ်းကျဉ်းမှာပင် ခင်း၍ ထိုင်နေကြ၏။

ဦးကြည်တို့ သင်္ဘောပေါ်ရောက်သောအချိန်မှာ နံနက်မိုးပြစ်သဖြင့် ခရီးသည်များ အနည်းငယ်သာရှိသေး၏။ ညနေလေးနာရီခန့်မှ



www.burmeseclassic.com

www.burmeseclassic.com



ထွက်မည်ဖြစ်သောကြောင့် အချိန်စောနေ၏။

သဘော်ပေါ်သို့ ကုန်များတင်လျက်ရှိ၏။ ဈေးသည်များ၊ အခြာ
သဘော်သို့ ကူးမည့် ခရီးသည်များဖြင့် ရှုပ်ယှက်ခတ်နေတော့၏။ ဦးကြည်
တို့၏ သဘော်မှာ ဆိပ်ခံဘောနှင့်ကပ်လျက်ရှိပြီး အခြားသဘော်များ
သုံးစင်းခန့် ဘေးမှကပ်ထားကြ၏။

မကြာမီ ခရီးသည်တွေလည်း တစ်စထက်တစ်စ များပြားလ
နေ၏။ သဘော်ဝမ်းပိုက်ထဲသို့ ကုန်များတင်ထားသည်မှာလည်း အတော်
များနေပြီဖြစ်၏။ ထိုစဉ် ဦးကြည်တို့ သဘော်ပေါ်သို့ လူတစ်ယောက်
အထုပ်တစ်ထုပ်ကိုကိုင်၍ ဆင်းလာသည်ကို တွေ့ရ၏။

ထိုလူသည် ဦးကြည်သဘော်ပေါ်သို့ ရောက်လာသောအခါ
ကျိုးကန်းတောင်းမှောက် လိုက်ကြည့်ရှုနေတော့၏။ ထို့နောက် သဘော်
ပဲ့ပိုင်းဆီသို့ သွားလေ၏။ တစ်ဖန် သဘော်ရှေ့ပိုင်းသို့ ပြန်လျှောက်လာ၏
ဦးကြည်၏ ဘေးတွင်ထိုင်နေသော ကိုထွန်းက ထိုလူအားကြည့်၍ –

“ဦးလေးကြည် အထုပ်ကိုကိုင်ထားတဲ့လူဟာ တစ်ဦးဦး
လိုက်ရှာနေပုံပဲ”

ဟု တိုးညင်းစွာပြောလိုက်၏။ ဦးကြည်က –

“အေး . . . ဟုတ်တယ်”

ဟု သံပြတ်ဖြင့် ပြောလိုက်ပြီး အေးအေးဆေးဆေး ကွမ်း
ကို တမြုံ့မြုံ့ ဝါးနေတော့၏။ ကိုထွန်းသည် ထိုလူအား သင်္ကာမကင်း
ရှိသောကြောင့် စောင်းပါးရိပ်ခြည် အကဲခတ်လျက်ရှိ၏။

ထိုစဉ် အထုပ်ကို ကိုင်ထားသောလူက ကုန်ထမ်းသမားတစ်ဦး
အား –





“ဒီသဘော်က စာရေးက ဘယ်သူလဲ”

ဟု စုံစမ်းနေ၏။ သဘော်စာရေးကို ညွှန်ပြလိုက်သောအခါ
ထိုလူသည် လျှောက်သွားပြီးနောက် စာရေးအား –

“ကျွန်တော် ဒီအထုပ်ကို ကျုံတော်သူကြီးထံ ပေးလိုက်ချင်လို့”

ဟု ပြောလိုက်သောအခါ စောစောက ကွမ်းကို တမြုံ့မြုံ့ဝါး
နေသော ဦးကြည်သည် ထိုလူအား ဆတ်ခနဲလှည့်ကြည့်လိုက်လေ၏။
ထို့နောက် ကိုထွန်းအား –

“မောင်ထွန်း . . . သူကြီးဦးပြားရဲ့အသိဖြစ်မယ်ကွ”

“ဟုတ်လိမ့်မယ် ဦးလေးကြည်၊ ကျွန်တော်သွားပြီး မေးမြန်း
ရရင်မကောင်းဘူးလား”

ဟု ‘ကိုထွန်းက အကြံဉာဏ်တောင်းခံလိုက်၏။ ထိုအချိန်
သဘော်စာရေးက ထိုလူအား –

“ခဏစောင့်နော် . . . ကျွန်တော်ဒီက အလုပ်ပြီးသွားရင်
လက်ခံယူထားပေးပါ့မယ်”

ဟု ပြော၍ သူ့အလုပ်ကို သူဆက်၍ လုပ်ကိုင်နေတော့၏။
အထုပ်ကိုင်ထားသောလူသည် မလှမ်းမကမ်းတွင် ရပ်လျက်ရှိလေ၏။
တအောင့်လောက်ကြာလျှင် သဘော်စာရေးက အထုပ်ပိုင်ရှင်အား –

“ဒီပစ္စည်းက ဘာပစ္စည်းလဲ၊ ဒီအထုပ်ပေါ်မှာလည်း ဘယ်သူ
ဘယ်ဝါပေးလိုက်တယ်ဆိုတာ လိပ်စာမရေးထားပါလား။ ဘယ်သူက
ပေးလိုက်တယ်လို့ ကျွန်တော်ပြောလိုက်ရမှာလဲ”

ဟု မေးမြန်းနေလေ၏။ အထုပ်ပိုင်ရှင်လည်း မချိုမချဉ်လေသံဖြင့်
သဘော်စာရေးအား –



www.burmeseclassic.com

www.burmeseclassic.com



"ဒီကိစ္စက အရေးမကြီးပါဘူး။ အထဲမှာ စာရေးပြီးထည့်ပေးထားပါတယ်။ အဲဒီကျုံတာသူကြီးဆီကိုသာ မရောက်ရောက်အောင် ပို့ပေးစေချင်ပါတယ်။ ဒီကိစ္စကို ကျွန်တော်ကိုယ်တိုင်သွားပြီး ပို့ပေးချင်ပါတယ်။ အခြားအရေးကြီးတဲ့ ကိစ္စတစ်ခုပေါ်လာတဲ့အတွက် ခရီးမထွက်နိုင်လို့ပါ ကျေးဇူးပြုပြီး ကူညီပါဗျာ"

ဟု တောင်းတောင်းပန်ပန် ပြောနေတော့၏။ သင်္ဘောစာရေးလည်း အထုပ်ပိုင်ရှင်အား, အားနာသွားဟန်တူ၏။ ထို့ကြောင့် အထုပ်အားပိုင်ရှင်ထံမှ လှမ်းယူလိုက်ပြီးသော် –

"ကျွန်တော် ကျုံတာသူကြီးထံကို ရောက်အောင်ပို့ပေးပါမယ်။ ဒါနဲ့ နောင်ကြီးနာမည်လေး မသိရဘူးလား"

"ဪ . . . နာမည်လေး။ ကျွန်တော်စောစော ပြောပါဝကော်လား။ ဒီကိစ္စဟာ ကျွန်တော်တို့အတွက် အဓိက မကျလှပါဘူး။ နောက်ပြီး နာမည်ဆိုတာလည်း ပညတ်သက်သက်ပျာ မဟုတ်လား"

ဟု ပြောဆို၍ ချာခနဲလှည့်ထွက်သွားလေ၏။ သင်္ဘောစာရေးသည် ထိုအထုပ်အားကိုင်၍ အထုပ်ပိုင်ရှင်ထွက်သွားရာသို့ ငေးမော ကျန်ရစ်လျက်ရှိ၏။

ကိုထွန်းနှင့် ဦးကြည်တို့သည် ထိုကိစ္စအား မျက်ဝါးထင်ထင်တွေ့လိုက်ရသောအခါ မတိုင်ပင်ဘဲ နှစ်ဦးသား အကြည့်ချင်းဆုံကြလေ၏။ ကိုထွန်းသည် စဉ်းစားရခက်နေသော အသွင်အပြင်မျက်နှာဖြင့် –

"ဦးလေးကြည် . . . အထုပ်ထဲမှာ ဘာတွေပါသလဲမသိဘူးနော်။ စိတ်ဝင်စားစရာတော့ အတော်ကောင်းနေပြီ။ သူကြီးဦးပြားရဲ့ ဆွေမျိုးတွေထဲက တစ်ဦးဦးဖြစ်မယ်ထင်တယ်"





ဟု ထင်မြင်ချက်ပေးလေ၏။ ဦးကြည်ကပြုံးတုံ့တုံ့လုပ်၍ –

"မောင်ထွန်းရေ ဘာပဲဖြစ်ဖြစ် တို့ရွာမှာတော့ ထူးထူးခြားခြား တွေ့ကြုံရလိမ့်ဦးမယ်။ ဘာဖြစ်လို့လည်းဆိုတော့ အထုပ်ပိုင်ရှင်ဟာ သူ့ရဲ့ နာမည်ကိုတောင် ပြောဖို့ဝန်လေးနေတယ် မဟုတ်လား။ မင်းပြောသလို သူ့အမျိုးအဆွေထဲကဆိုရင် နာမည်ပြောဖို့တောင် မတိုတောင်းကောင်း ပါဘူးကွာ"

ဟု ပြောလိုက်၏။ ထိုစဉ် သင်္ဘောစာရေးသည် ဦးကြည်တို့ အနီးသို့ရောက်လာ၏။ ဦးကြည်နှင့် ကိုထွန်းတို့အား မြင်လိုက်ရသောအခါ ဝမ်းသာအားရစွာဖြင့် –

"ဟာ . . . ဒီမှာ ဦးလေးကြည်နဲ့ ကိုထွန်းတို့ ရှိနေသားပဲ။ အဲ . . . ဦးလေးကြည် ဒီပစ္စည်းလေးကို သူကြီးဦးပြားကို ပေး . . . ပေးစမ်းပါ။ စောစောကမြင်တဲ့အတိုင်း လူတစ်ယောက်လာပေးသွားတာပဲ။ အထုပ်ထဲမှာတော့ စာပါလာတယ်လို့ ပြောသွားတယ်"။

ဟု ပြောရင်း လှမ်း၍ပေးလေ၏။ ကိုထွန်းက လှမ်းယူပြီး ဦးကြည်အား ထပ်မံပေးလိုက်လေ၏။

ဦးကြည်သည် မိမိတို့တွေ့ကြုံခဲ့ရသော အကြောင်းကို ခရေစေ့တွင်းကျ ပြန်ပြောပြလိုက်၏။ ထို့ကြောင့် သူကြီးဦးပြားသည် ပို၍ အားရှုပ်ကုန်၏။ သူ၏ စိတ်ထဲတွင်လည်း ဇဝေဇဝါဖြင့် သို့လောသို့လော ဖြစ်နေရှာ၏။ သူကြီးဦးပြားသည် ဦးကြည်၏ ရှေ့မှာပင် အထုပ်အား ဖြည်ကြည့်လိုက်လေ၏။ ထိုစဉ် သူကြီးကတော် မမြလှလည်း ရောက်ရှိနေပြီဖြစ်၏။ အထုပ်အားဖြည်နေသော သူကြီးဦးပြား၏ လက်တွေသည် တုန်တုန်ယင်ယင်ဖြစ်နေ၏။ အထုပ်ကိုဖြည်၍ပြီးသွားသောအခါ သူတို့

www.burmeseclassic.com



အားလုံး၏ နှုတ်မှ –

"ဟာ"

"အို"

"ဟင်"

ဟူ၍ အသီးသီး ထွက်ပေါ်လာကြကုန်၏။ ထို့နောက် ဦးကြည်က –

"ဟိုမှာ စာတစ်စောင်"

ဟု ကမန်းကတန်း ပြောလိုက်၏။ သူကြီး ဦးပြားသည် စာအိတ်ကိုယူ၍ ဖောက်ဖတ်လေ၏။

မိတ်ဆွေကြီး

အသင့်ထံသို့ "သစ်နက်ရေ" တစ်ချပ်ပို့လိုက်ပါတယ်။ ဤသစ်နက်ရေဟာ ရတနာတစ်ပါး ဖြစ်တယ်။ ဒါကြောင့် သင်တို့ မိသားစုထံသို့ ရတနာရှိရာ ရတနာစုလာလိမ့်မယ်။ သင်တို့ လိုချင်သော ဆုတစ်ဆုကို တောင်းပါ။ မကြာမီ ပြည့်စုံလိမ့်မယ်။ ထိုအခါ ဤ"သစ်နက်ရေ"အား အကျင့်သီလနဲ့ ပြည့်စုံသော ပုဂ္ဂိုလ်အား လှူဒါန်းလိုက်ပါ။

လိုအင်ဆန္ဒပြည့်ဝကြပါစေ။

သစ်နက်ရေပိုင်ရှင်

ဟူသော စာပင်ဖြစ်လေ၏။ ထိုအခါ ဦးကြည်က သူကြီးဦးပြားအား –

"ဒီမှာကြည့်ပါဦးကွာ။ "သစ်နက်ရေ" အကွက်တွေဟာ နှင်းဆီကွက်တွေ ထနေတာပဲနော်။ ငါ ကြားဖူးထားတာ တစ်ခုရှိတယ်။



သစ်နက်ဟာ သီးခြားမျိုးကွဲတော့ မရှိဘူးကွ။ ကျားသစ်နက်က ပေါက်ဖွားလာတယ်လို့ ဆိုတယ်။ အဲဒီမှာမှ ထူးထူးခြားခြား ပါလာတတ်တယ်ကွဲ့"

"ဟုတ်လား ဦးလေးကြည်။ နောက်ပြီး ဘယ်လိုထူးခြားချက်တွေများရှိသေးလဲ ပြောပါဦး"

ဟု သူကြီးကတော် မမြလှက ကောက်ခါငင်ကာ မေးလိုက်၏။ ထိုအခါ ဦးကြည်က –

"သမန္တစက္ခုဒီပနီကျမ်းမှာ ဖတ်ဖူးခဲ့တာ မှတ်မိပြီ"

ဟု အားတက်သရော ပြောလိုက်သောအခါ သူကြီးဦးပြားက–

"ဘယ်လိုများလဲ ဦးလေးကြည်"

ဟု ကံအားလျော်စွာ ရရှိလာသော သစ်နက်ရေကို တဝေးတမော ကြည့်ရင်း မေးလိုက်လေ၏။ ထို့ကြောင့် ဦးကြည်က –

"သစ်နက်ရေရဲ့ ထူးခြားချက်ကတော့ သစ်နက်ဟာ အစာစားတော့မယ်ဆိုရင် သူ့ရဲ့ခွာများနဲ့ မြက်ကို ခုတ်ဖြတ်ရောရှိတယ်။ အဲဒီလို ခုတ်ဖြတ်လိုက်တဲ့ မြက်ဟာ လက်ယာဘက်ကိုရောက်မှ စားတယ်။ လက်ဝဲဘက်ကိုရောက်သွားရင် မစားတော့ပါဘူး ရှောင်တယ်"

"ဟုတ်တယ် အံ့ဩစရာပဲနော်"

ဟု သူကြီးကတော် မမြလှက စိတ်ဝင်တစားနှင့် ပြောလိုက်၏။ ဦးကြည်ကဆက်၍ သူ၏စကားအား ရှင်းပြလေ၏။

"သူတို့ဟာ မသေမီ တစ်ကြိမ်သာ အထီးအမ တွေ့ရောယှက်တင် မေထုန်မှီဝဲတတ်တယ်။ နေရာတိုင်းမှာလည်း သစ်နက်ကို မတွေ့နိုင်ဘူး။ မဇ္ဈိမဒေသတို့ ဟိမဝန္တာတောင်တို့ မာဒေရကျွန်းမှာသာ နေထိုင်ကျက်စားလေ့ရှိတယ်။ သူတော်စင် သူတော်မြတ်တွေဟာ သစ်နက်ရေကို

www.burmeseclassic.com



မြတ်နိုးစွာဆောင်ကြတယ်''

''ဒီမှာလည်း ကြည့်ပါဦး . . . လက်ပြင်ညွှန့်နောက်မှာ ခရုခွေ ပုံစံလားမသိဘူးနော်''

ဟု သူကြီးကတော် မပြုလုကလက်ညှိုးထောက်၍ မေးမြန်းလေ၏။ ထို့ကြောင့် သူတို့အားလုံးထိုနေရာသို့ အာရုံရောက်ကုန်ကြ၏။ ဦးကြည် မပြုလုလက်ညှိုးထိုးပြသော နေရာသို့ ကြည့်ပြီးသော် –

''ခရုခွေမဟုတ်ဘူးကွဲ့ . . . အဲဒါ ကြာပွင့်လို့ခေါ်တယ်''

ဟု လက်ပြင်နောက်ကွယ်တွင် ရှိသောကြောင့် ကြာနှစ်ပွင့်ကို ညွှန်၍ရှင်းပြလေ၏။ ထိုစဉ် သူကြီးဦးပြားက စကားဖြတ်၍ –

''ဦးလေးကြည် သစ်နက်ရေကို နမ်းကြည့်ပါဦး။ ကရမက် အနံ့မျိုးထွက်နေသလိုပဲ မွှေးကြိုင်နေတယ် မဟုတ်လား''

''ဟုတ်တယ် သူကြီး စန္ဒကူး ကရမက် အနံ့မျိုးထွက်နေတယ်။ ဒါကြောင့် မွှေးကြိုင်နေတာလေ။ အရောင်အဆင်းကလည်း ပုန်ညက်ပွင့် အရောင်အသွေးမျိုးပဲလေ၊ ပျော့ပျော့ပျောင်းပျောင်းရှိတယ်''

ဟု ရှင်းပြလိုက်၏။ ထိုအခါ သူကြီးဦးပြားသည် ဇနီးဖြစ်သူအား အဓိပ္ပာယ်ပါပါကြည့်၍ –

''အင်း . . . ဒီလောက်ရှားပါးပြီး အဖိုးတန်တဲ့ပစ္စည်းဟာ တို့များနဲ့ ကုသိုလ်ကံထိုက်လို့ရခဲ့ပြီ မပြုလု။ အဲဒီတော့ စာထဲမှာရေး ထားတဲ့အတိုင်း မကြာမီရတနာရှိရာ ရတနာစုတော့မှာ အမှန်ပဲ''

ဟု ဝမ်းသာအားရ ပြောလိုက်၏။

နောက်တစ်နေ့ နံနက်တွင် သူကြီးကတော် မပြုလုသည် အိပ်ရာမှ ငါးနာရီခန့်ကတည်းက နိုးနေတော့၏။ သူမ၏ နေ့စဉ်ဝတ္တရားအတိုင်း



ဆွမ်းချက်၏။ သုံးဆယ့်တစ်ဘုံဝေနေယျကိုလည်း အမျှအတန်းပေးဝေ လိုက်၏။

ထို့နောက် မပြုလုသည် မိမိတို့အား ''သစ်နက်ရေ'' ပေးခဲ့သော ပုဂ္ဂိုလ်အား ရည်စူး၍ အမျှအတန်းပေးဝေ စောင်ကြာပို့လိုက်လေ၏။ သူမ သည် ထိုကဲ့သို့ ပြုလုပ်ပြီးသော် ဘုရားစင်ရှေ့မှထ၍ မီးဖိုဆောင်သို့ ဝင်မည်ပြုလိုက်သောအခါ ခင်ပွန်းဦးပြားသည် နိုးလာသည်ကို တွေ့ရ လေ၏။ မပြုလုသည် ခင်ပွန်းအား –

''ရှင် မျက်နှာမြန်မြန်သစ်စမ်းပါ၊ ကျွန်မပြောစရာရှိလို့''

ဟု ပြောလိုက်သောအခါ သူကြီးဦးပြားသည် နုဝေဝေမိမောင် ဖြစ်လျက် သူ့ဇနီးအား လှမ်းအကဲခတ်လိုက်လေ၏။ ထိုအခါ မပြုလုသည် ခင်ပွန်း၏ အမူအရာကို အားမလိုအားမရဖြစ်ပြီးသော် –

''ကဲပါ . . . သွားပြီး မျက်နှာသစ်လိုက်ပါ''

ဟု ပြောပြီး အိမ်ရှေ့တွင်ထိုင်၍ စောင့်နေတော့၏။ သူကြီး ဦးပြားသည် ကမန်းကတန်း မျက်နှာသစ်လိုက်ပြီးလျှင် ဇနီးရှိရာသို့ အလျင်အမြန်ပြန်လာ၏။ ဇနီးသည်၏ အနီးသို့ရောက်သော် –

''မနက်စောစောစီးစီး ဘာအကြောင်းတွေများ ပြောမလို့လဲ''

ဟု ရွှန်းရွှန်းဝေအောင် ငေးမော၍ မေးလိုက်၏။ မပြုလုသည် ခင်ပွန်းအား –

''ထိုင်ပါဦးတော့ ညက ဝတ်ဖြူစင်ကြယ်ဝတ်ထားတဲ့ အဘိုးကို တစ်ယောက်နဲ့တွေ့လိုက်ရတယ်။ အဘိုးကပြောတယ်။ အခု သင်တို့ဆီ မှာရောက်နေတဲ့ သစ်နက်ရေကို အဘိုးက ပေးလိုက်တာတဲ့၊ သင်တို့နဲ့ အဘိုးဟာ ရှေးက ပဋ္ဌာန်းဆက်ရှိတဲ့အတွက် အခုလို ပေးလိုက်ရတာပဲ

www.burmeseclassic.com



တဲ့။ သမီးရဲ့ဆန္ဒမကြာမီ ပြည့်ဝလာလိမ့်မယ်။ ဘာမှ စိတ်သောက မဖြစ်ကြနဲ့။ သမီးရဲ့ဘဝမှာ "အမြှုမ"မဟုတ်တဲ့အကြောင်း သူတို့မကြာခင် သိကြလိမ့်မယ်။ ကဲ . . . အဘိုးသွားမယ်"

ဟု ပြောဆိုပြီးပြီးချင်း အိမ်ပေါ်မှ ဆင်းသွားလေတော့၏။ မမြလှသည် ညက သူမမက်ခဲ့သော အိပ်မက်အကြောင်းကို ပြောဆိုပြီးသော အခါ ခင်ပွန်းအား မမှိတ်မသုန် စိုက်ကြည့်နေတော့၏။ ထိုအခါ သူကြီး ဦးပြားက ဇနီးအား ကြင်နာစွာကြည့်၍ –

"မမြလှရယ် အိပ်မက်, မက်တဲ့အကြောင်းရင်းဟာ ခြောက်ပါး ရှိတယ်။ တချို့ကျတော့လည်း လေးပါးရှိတယ်လို့ ဆိုတယ်"

ဟု ပြောလိုက်၏။ သူကြီးကတော် မမြလှက –

"အဲဒီ အိပ်မက်ရဲ့ အကျိုးတွေက ဘာတွေလဲဟင်"

ဟု မေးမြန်းလိုက်၏။ ထိုအခါ သူကြီးဦးပြားက စိတ်ရှည်လက် ရှည်ဖြင့် –

"ဟင်း . . . သိချင်ရင် ပြောပြမယ် နားထောင်။ မြင်ဖူး ကြားဖူး ခံစားဖူးကြုံဘူးတဲ့အကြောင်းတွေကို စိတ်ထဲက စွဲလမ်းပြီးမက်တဲ့ အိပ်မက်မျိုးဆိုရင် အကျိုးနဲ့အပြစ် တစ်ခုခုရှိတတ်တယ်။ ဖြစ်ဖူးတာတို့ စိတ်ခတ်ချောက်ချားတာတို့ ဆိုရင်တော့ အကျိုးအပြစ် မရှိနိုင်ဘူး"

ဟု ရှင်းပြလိုက်၏။ မမြလှကတော့ ဂရုတစိုက် နားထောင် လျက်ရှိ၏။ သူမ၏ မျက်စိအာရုံထဲတွင် ညက မိမိတွေ့လိုက်ရသော အဘိုးအို၏ ရုပ်သဏ္ဌာန်ကိုလည်း ပြန်မြင်ယောင်နေတော့၏။ ထိုစဉ် သူကြီးဦးပြားက သူ၏ စကားအားဆက်၍ –

"နောက်တစ်ခုကတော့ နတ်တို့ လာရောက်ပြီးပြောကြားလို့ ဖြစ်စေ၊ မိမိရဲ့ စိတ်သန္တာန်မှာ ရှေ့ကတွေ့ထိခံစားခဲ့လို့ မှတ်မိနေတာမျိုး ဖြစ်စေ၊ သွေးလေချောက်ချားလို့ဖြစ်စေ၊ မြင်မက်တဲ့အိပ်မက်မျိုးဟာ အကျိုးအပြစ်မရှိနိုင်ဘူး။ အဲ . . . ပြောစရာတစ်ခုကတော့ တကယ့် တကယ် ဖြစ်ပေါ်လာမယ်၊ တွေ့ကြုံရတဲ့အကြောင်းတရားမျိုးနဲ့မက်တဲ့ အိပ်မက်ကတော့ ကောန်မှုချအကျိုးရတတ်တယ်လေ"

ဟု ပြောလိုက်သောအခါ သူကြီးကတော် မမြလှသည် ကောက် ခါငင်ကာဖြင့် –

"ဒါဖြင့် ကျွန်မမက်တဲ့အိပ်မက်က နတ်လာပြောလို့လည်း မဟုတ်ဘူး။ စိတ်က စွဲလမ်းခြင်းလည်း မရှိခဲ့ဘူး။ သွေးလေ ချောက်ချား မှုလည်းမဟုတ်ဘူး။ ဒါကြောင့် အကျိုးသက်ရောက်မှု ရှိကိုရှိရမယ် မဟုတ်လား"

"မင်းကတော့ မင်းလိုရာကိုဆွဲပြီး ပြောနေပြန်ပြီကိုးကွ"

ဟု ပြောဆိုကာ စကားပြောနေရာမှ ခြံထဲသို့ဆင်းရန် ဟန်ပြင် လိုက်သောအခါ မမြလှသည် အိပ်မက်ကို ပြန်စဉ်းစားရင်း ရင်ခုန်သံတွေ မြန်လာလေ၏။

မကြာမီ ကျေးတာရွာတစ်ရွာလုံးသို့ သတင်းတစ်ခု ပျံ့နှံ့သွားတော့ ၏။ ထိုသတင်းက သူကြီးဦးပြားနှင့် သူကြီးကတော် မမြလှတို့အတွက် မင်္ဂလာသတင်းဖြစ်၏။ မမြလှတစ်ယောက် အိပ်မက်အတိုင်း "အမြှုမ" ဘဝမှလွတ်မြောက်မှုပင်ဖြစ်လေ၏။

ထိုသတင်းကြားပြီး နောက်တစ်နေ့တွင် ကိုထွန်းသည် ဦးကြည် အိမ်သို့ ရောက်ရှိလာခဲ့၏။ အိမ်ဦးခန်း၌ ကွမ်းစား၊ ရေနွေးကြမ်းထိုင် သောက်နေသော ဦးကြည်အားတွေ့လိုက်ရလျှင် အားရဝမ်းသာစွာဖြင့်–







BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



"ဦးလေးကြည် . . . သူကြီးတို့ရဲ့အကြောင်းကို ကြားပြီးပြီလား"

ဟု ဝမ်းပန်းတသာဖြင့် မေးလိုက်၏။ ကိုထွန်းသည် ဦးကြည်၏ဘေးတွင် ထိုင်လိုက်၏။ ထိုအခါ ဦးကြည်က ကိုထွန်းအား –

"သူကြီးအိမ်ကို ရောက်ခဲ့ပြီးပါပြီကွာ။ အခုမင်းတို့ကြားတဲ့သတင်းဟာ အမှန်ပဲ"

"တကယ်လား ဦးလေးကြည်"

ဟု ကိုထွန်းက မယုံသင်္ကာကြည့်လျက်မေးလိုက်ခြင်းဖြစ်၏။ ဦးကြည်သည် ကိုထွန်းအား စေ့စေ့ကြည့်၍ –

"မင်းကလည်းကွာ ကျားကိုက်ပါတယ်ဆို အပေါက်နဲ့လားလို့ မေးနေပြန်ပြီ။ အဲဒီကိစ္စက ဘာဟုတ်သေးလို့လည်း သူကြီးကတော် ပြောတဲ့စကားကို မင်းကြားမိရင် ပိုပြီးအံ့အားသင့်လိမ့်မယ်"

"ဘယ်လို ဘယ်လို ကျွန်တော်တော့ နားရှုပ်သွားပြီ"

ဟု နားဝေတိမ်တောင်ဖြင့် ကြည့်၍ မေးလိုက်လေ၏။ ထိုစဉ် ဦးကြည်သည် ကွမ်းတစ်ယာကို ယာ၍ ပါးစောင်ထဲသို့ ထိုးသွင်းလိုက်၏။ ပြီးမှ ဦးကြည်က –

"မင်း မှတ်မိဦးမှာပေါ့။ ရန်ကုန်ဆိပ်ကမ်းမှာတုန်းက လူတစ်ဦးပေးခဲ့တဲ့အထုပ်လေ။ အဲဒီအထုပ်ဟာ "သစ်နက်ရေ" ဆိုတာ မင်းသိမှာပါ။ အဲဒီသစ်နက်ရေကိုရပြီးတဲ့နောက်ပိုင်း သူကြီးကတော်ဟာ နေ့စဉ်နဲ့အမျှသားဆုပန်ခဲ့တယ်လို့ ဆိုတယ်။ နောက်တော့ မင်းအခု ကြားရတဲ့သတင်းမျိုးဖြစ်လာတယ်ဆိုပါတော့"

"ဪ . . . ဒီလိုလား"





ဟု ကိုထွန်းသည် ဦးကြည်အား ရွှန်းရွှန်းဝေဝေအောင်ကြည့်လျက် တအံ့တဩဖြစ်သွားလေတော့၏။

✵ ✵ ✵

❑

အချိန်သည် တရွေ့ရွေ့ကုန်ဆုံးခဲ့လေပြီဖြစ်၏။

သူကြီးကတော် မမြလှတစ်ယောက် သားယောကျ်ားလေးကို ကောင်းမွန်စွာ မွေးဖွားခဲ့လေပြီဖြစ်၏။

သူကြီးအိမ်တွင် ရွာသူရွာသားများနှင့် စည်ကားနေတော့၏။ သူကြီးဦးပြားနှင့် မမြလှတို့သည် ဝမ်းသာလျက်ရှိကြ၏။ တစ်ရွာလုံးကလည်း အုတ်အော်သောင်းနင်း ချီးမွမ်းကြကုန်၏။

ထိုသို့တစ်လခန့် ကြာခဲ့ပြီဖြစ်လာ၏။ မမြလှသည် နံနက်တိုင်း ဘုရားစင်တွင် ရေချမ်း၊ ဆီမီး၊ ဆွမ်းကပ်ခြင်းအမှုကို မပျက်ပြုလုပ်လေ့ရှိတော့၏။

တစ်နေ့ ဘုရားရှိခိုးပြီး ခြံထဲဆင်း၍ တံမြက်စည်းလှဲနေစဉ် ခြံဝ၌ ဝတ်ဖြူစင်ကြယ်ဝတ်ထားသော အဘိုးအိုတစ်ဦးရပ်လျက်ရှိကြောင်း

www.burmeseclassic.com



တွေ့လိုက်ရ၏။ ထို့ကြောင့် မမြလှသည် ခြံဝသို့အလျင်အမြန် ထွက်သွားလေ၏။

ထိုဝတ်ဖြူစင်ကြယ်နှင့် အဘိုးအိုအား –

"အဘိုး အိမ်ပေါ်ကြွပါဦး"

ဟု ရိုရိုသေသေ ပြောလိုက်၏။ ထိုအခါ အဘိုးအိုသည် ဣန္ဒြေရရ ခြံဝင်းထဲသို့ ရှေ့မှဝင်ခဲ့၏။ မမြလှက နောက်မှကပ်ပါလာ၏။ အိမ်ပေါ်သို့ရောက်သောအခါ သူကြီးဦးပြားမှာ အိပ်ရာမှနိုးပြီး ရေနွေးကြမ်းသောက်လျက်ရှိကြောင်း တွေ့လိုက်ရ၏။

အဘိုးအို အိမ်ပေါ်တက်လာသည်ကို တွေ့ရလျှင် သူကြီးဦးပြားက စာလေးတစ်ခုဖြင့် –

"အဘိုး ခေါင်းရင်းကိုကြွပါ"

ဟု ဖိတ်မန္တကာ ပြုလိုက်ပြီး ထိုင်ဖျာလေးတစ်ချပ်ခင်းပေးလေ၏။ အဘိုးအိုသည် ထိုထိုင်ဖျာပေါ်၌ ထိုင်လိုက်ပြီးသော် –

"သမီး အခုတော့ စိတ်ချမ်းသာနေပြီ မဟုတ်လား"

ဟု ကောင်ခါင်ကာ မေးလိုက်၏။ မမြလှသည် ခင်ပွန်းအား လှမ်းအကဲခတ်လိုက်ပြီးတွင် –

"ဟုတ်ကဲ့ပါ အဘ။ သားလေးရရှိတော့ သမီးတို့ဘဝဟာ အရင်ကထက် စိုစိုပြည်ပြည် ဖြစ်လာပါပြီ"

ဟု ပြန်ဖြေလိုက်သောအခါ အဘိုးအိုက –

"ဪ . . . ဒါဆို မင်းတို့ဆီမှာရောက်နေတဲ့ "သစ်နက်ရေ"ကို ပြန်ပေးဖို့ အချိန်တန်ပြီ။ အဘိုးလာရတဲ့ အကြောင်းရင်းကတော့ အဲဒီကိစ္စအတွက်ကြောင့်ပဲ"





ဟု ပြောကြားလေ၏။ သူကြီးဦးပြားသည် အဘိုးအိုအား တွေတွေကြီးစိုက်ကြည့်ပြီး သစ်နက်ရေရရှိစဉ်က စာထဲတွင်ပါသည့် အကြောင်းအား ပြန်အမှတ်ရသွားမိတော့၏။

ထို့ကြောင့် သူကြီးဦးပြားသည် ဇနီးသည်အား မေးဆတ်၍ ပြလိုက်၏။ သူသည် ထိုင်ရာမှထ၍ သစ်နက်ရေအား သွားယူလိုက်သည်။ အဘိုးအိုအား တရိုတသေဖြင့် လှမ်းပေးလိုက်လေ၏။

အဘိုးအိုသည် သစ်နက်ရေအား သူ့တွင်ပါလာသော လွယ်အိတ်ထဲသို့ ထိုးထည့်လိုက်ပြီးသော် –

"အားလုံးကျန်းမာချမ်းသာကြပါစေ"

ဟု ဆုတောင်းပေးဝေ၍ အိမ်ပေါ်မှ ပြန်ဆင်းသွားခဲ့၏။ သူကြီးဦးပြားတို့သည် မင်သက်မိလျက် ငေးမောကျန်ရစ်ကြလေ၏။ အဘိုးအို ခြံထဲမှထွက်သွားပြီး မတွေ့ရတော့မှ သတိရပြီး သူကြီးဦးပြားသည် လမ်းမပေါ်သို့ လိုက်ကြည့်မိလေ၏။

သို့သော် အဘိုးအိုအား လုံးဝတွေ့ရှိခြင်း မရှိတော့ချေ။ သူကြီးဦးပြားသည် လေးလံသော ခြေလှမ်းများဖြင့် လှမ်း၍အိမ်ပေါ်သို့ ပြန်တက်လာတော့၏။

ထိုစဉ် သူကြီးကတော် မမြလှက သူကြီးဦးပြားအား –

"ကိုပြား အခုသစ်နက်ရေ ပြန်ယူသွားတဲ့ အဘိုးဟာ ကျွန်မ အိပ်မက်ထဲမှာ တွေ့ရတဲ့အဘိုးပဲ"

ဟု လိုက်လိုက်လှဲလှဲ ပြောလိုက်ပါတော့၏။

◆ ညွှားကျော်

www.burmeseclassic.com



# ကြမ္မာရဟတ်

(၁)

လောကတွင် သိပ္ပံပညာနှင့် ချိန်ထိုးမရနိုင်သော ထူးခြားဆန်းကြယ် နက်ရှိုင်းမှုများ ရှိနေပေ၏။ ယင်းတို့ကို ဂမ္ဘီရဟုဆိုနိုင်၏။

သင့်ကို ဥပမာတစ်ခု ပြပါမည်။

ကြည့်ပါ . . . ။ အမေရိကန် သမ္မတနှစ်ဦး၏ ဖြစ်စဉ်သည် သင့်ကိုအံ့ဩစေပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



| အေဗရာဟင်လင်ကွန်း | ဂျွန်အက်ဖ်ကနေဒီ |
|---|---|
| '၁၈၄၆' တွင် လွှတ်တော်အမတ်ဖြစ် | '၁၉၄၆' တွင်လွှတ်တော်အမတ်ဖြစ် |
| '၁၈၆၀' တွင် သမ္မတဖြစ် | '၁၉၆၀' တွင် သမ္မတဖြစ် |
| အိမ်ဖြူတော်တွင်နေစဉ် ရင်သွေးများသေဆုံး | အိမ်ဖြူတော်တွင်နေစဉ် ရင်သွေးများသေဆုံး |
| သောကြာနေ့တွင် လုပ်ကြံခံရ | သောကြာနေ့တွင် လုပ်ကြံခံရ |
| ဦးခေါင်းတွင် သေနတ်ဒဏ်ရာရ၍ သေဆုံး | ဦးခေါင်းတွင် သေနတ်ဒဏ်ရာရ၍ သေဆုံး |
| လုပ်ကြံသူမှာ တောင်ပိုင်းသား | လုပ်ကြံသူမှာ တောင်ပိုင်းသား |
| သမ္မတအဖြစ်ဆက်ခံသူ တောင်ပိုင်းသား | သမ္မတအဖြစ်ဆက်ခံသူ တောင်ပိုင်းသား |
| လင်ကွန်း၏ အတွင်းရေးမှူးအမည် 'ကနေဒီ' | ကနေဒီ၏ အတွင်းရေးမှူးအမည် 'လင်ကွန်း' |
| သမ္မတအဖြစ်ဆက်ခံသူအင်ဒရူး ဂျွန်ဆင်သည် '၁၈၀၈' နှစ်ဖွား | သမ္မတအဖြစ်ဆက်ခံသူ လင်ဒန် ဂျွန်ဆင်သည် '၁၉၀၈' ခုနှစ်ဖွား |
| လုပ်ကြံသူ ဂျွန်ဝီကဲဘုသ်သည် '၁၈၃၉' ခုနှစ်ဖွား | လုပ်ကြံသူ လီးဟာဗီအော်စဝေါ်သည် '၁၉၃၉' ခုနှစ်ဖွား |
| လုပ်ကြံသူ အမည် ဂဏန်း '၁၅' | လုပ်ကြံသူ အမည် ဂဏန်း '၁၅' |
| လုပ်ကြံသူ ရုံးမတင်မီ ထပ်မံလုပ်ကြံခံရ | လုပ်ကြံသူ ရုံးမတင်မီ ထပ်မံလုပ်ကြံခံရ |
| ဖို့ဒ် ကဇာတ်ရုံတွင် လုပ်ကြံခံရ | 'လင်ကွန်း'ဟု အမည်ပေးထားသော'ဖို့ဒ်'ကားပေါ်တွင်လုပ်ကြံခံ |





အထက်တွင်နှိုင်းယှဉ်ဖော်ပြထားသည့်အတိုင်း သမ္မတကြီး အေဗရာဟင်လင်ကွန်းနှင့် ဂျွန်အက်ဖ်ကနေဒီတို့၏ ဘဝဖြစ်စဉ်များသည် ထပ်တူထပ်မျှ တူညီနေကြသည်ကို တွေ့ရ၏။ ပို၍စိတ်ဝင်စားဖွယ်ကောင်းသည်မှာ ယင်းတို့နှစ်ဦး၏ ဘဝဖြစ်စဉ်များသည် နှစ်ပေါင်း ၁၀၀ သီတိခြား၍ တူညီနေခြင်းဖြစ်သည်။

သင်ရော ဘယ်လို ပြောမည်နည်း။

❋ ❋ ❋

(၂)

Pacific Star and Stripe တွင်ပါရှိသော ဆောင်းပါးမှ အေဗရာဟင်လင်ကွန်းနှင့် ဂျွန်အက်ဖ်ကနေဒီတို့၏အကြောင်းကို ကျွန်တော် စိတ်ဝင်စားမိသဖြင့် နားလည်တတ်ကျွမ်းသူအချို့ကို မေးစမ်းဖူး၏။

တာရော့ဖဲတွင် ကားချပ်နံပါတ် (၁၀၀) မရှိပါ။ ပင်မကားချပ် (Major Arcana) ၂၂ ချပ်နှင့် အခြမ်းကားချပ် (Suite Arcare) သို့မဟုတ် (Minor Arcana) ကားချပ် ၅၆ ချပ် စုစုပေါင်း ၇၈ ချပ်သာ ရှိသည့်အတွက် သို့သော် ၁၀၀ ဆိုသည်မှာ (၁၀ × ၁၀) သဘောပင်ဖြစ်သည်ဟု



www.burmeseclassic.com

www.burmeseclassic.com



ဆိုကြ၏။

တာအေဝတွင် ပင်မကားချပ်နံပါတ် '၁၀' မှာ ကြမ္မာရဟတ် (The Wheel of Fortune) ဖြစ်သည်။ ရဟတ်ဘီးပုံဖြင့်သရုပ်ဖော်ထား သည်ဟု ဆိုသည်။

ထို့ကြောင့်ပင် နှစ် ၁၀၀ တွင် ကံကြမ္မာ တစ်ပတ်လည်၍ သမ္မတကြီးနှစ်ဦးဖြစ်ကြသော လင်ကွန်းနှင့်ကနေဒီတို့၏ ဘဝဖြစ်စဉ်များ ထူးထူးခြားခြား တိုက်ဆိုင်တူညီနေကြခြင်းလား။ သို့ဆိုလျှင် ၁၀ နှ မှာ တစ်ကြိမ် ကံကြမ္မာရဟတ် တစ်ပတ်လည်တတ်ပါသလား။

သင် စိတ်ဝင်စားစွာ စဉ်းစားကြည့်နိုင်ရန် တာရိုကားချ များကို အောက်တွင် ဖော်ပြပါမည်။

မြန်မာဂမ္ဘီရကတ်ပြား နံပါတ် (၁၀)



၁၀. ကံကြမ္မာလှည့်ဘီး

ဂျစ်ပစီတို့၏တဲရော့ကတ်ပြား နံပါတ် (၁၀)



* * *

(၃)

၂၀၀၃ ခုနှစ်

"ဒါ . . . သမီးလေးပုံလေး"

အန်တီထွေးက ကျွန်တော်တို့ ဝိုင်းရှိရာသို့လာ၍ အယ်လ်ဘမ် ကလေးတစ်ခုကိုဖွင့်ကာ ကွယ်လွန်သူ သူမ၏ သမီးငယ်လေးပုံကို ပြသည်။

သည်နှစ်က ကလေးမလေး ကွယ်လွန်သည်မှာ (၆) နှစ်ပြည့် ဖြစ်၏။ ကလေးမလေးကို ရည်စူး၍ မိခင်ဖြစ်သူက အလှူဒါနပြုခြင်း ဖြစ်သည်။

ကလေးမလေး၏ မိခင်အန်တီထွေးမှာ ကျွန်တော်နှင့် မရင်းနှီး။ ကျွန်တော့်ဇနီးအား အလုပ်လုပ်သော ကုမ္ပဏီမှ မန်နေဂျာ ဖြစ်သည်။ ကျွန်တော့်ဇနီး အေးကလည်း ထိုကုမ္ပဏီမှာ အလုပ်ဝင်သည်မှာ မကြာလှသေး။ တစ်နှစ်ပင် မပြည့်သေး။ ထို့ကြောင့် အန်တီထွေးနှင့် ခင်မင်ရုံသာ ရှိသေး၏။ အတွင်းသိ အစင်းသိ ဂျွမ်းဝင်မှု မရှိသေး။

www.burmeseclassic.com



အေးက အတင်းဇွတ်၍ ကျွန်တော်တလည်း ပါလာရခြင်း ဖြစ်သည်။

ညှော်ခံကျွေးမွေးသော မုန့်ဟင်းခါးကိုစားပြီး မုန့်နှင့်ကော်ဖီများဖြင့် ထပ်မံဧည့်ခံရင်း အန်တီတွေးက စကားလာပြောသည်။ စကားပြောရင်းက သူမ၏ သမီးကလေးပုံကို ပြခြင်းဖြစ်သည်။

အန်တီတွေးပြသောပုံကို အေးက ယူကြည့်ရင်း တအံ့တဩ အာရုံစိုက်သွားသည်ကို ကျွန်တော်သတိပြုမိ၏။

ပြီး . . . ကျွန်တော့်ကို မျက်ခနဲ မော့ကြည့်သည်။

ဓာတ်ပုံအယ်လဘမ်လေးကိုလည်း ကျွန်တော့်ကို လှမ်းပေးသည်။ ကျွန်တော်က အယ်လ်ဘမ်ကို လှမ်းယူပြီး ကြည့်လိုက်သောအခါ ကျွန်တော်လည်း မျက်လုံးပြူးသွားရသည်။

"အို . . . ဒါ . . . တူမလေး သမုဒယရဲ့ ပုံပါလား"

အညီသို့ပင် ကျွန်တော့်စိတ်ထဲမှ ရေရွတ်လိုက်မိ၏။

ပြီးလျှင် ဖနီးသည်အေးကို ပြန်ကြည့်မိသည်။ ကျွန်တော်တို့ အကြည့်ချင်း ဆုံသွားသည်။

"သမီးလေး မကွယ်လွန်မီ သုံးနှစ်လောက် အဲ . . . ပထမတန်း တုန်းက ရိုက်ထားတဲ့ ပုံပေါ့။ ကျောင်းမှာ ဆုယူရင်း ရိုက်ထားတာလေ"

အန်တီတွေးက ပြောပြသည်။

"ဪ . . . ဟုတ်ကဲ့"

"အေးက သူ့ခင်ပွန်းက စာရေးဆရာလို့ ပြောဖူးတယ်လေ။ ဒါကြောင့် အန်တီကတောင် သမီးလေးအကြောင်း ဝတ္ထုရေးပေးပါလား လို့ ပြောမလို့"





ကျွန်တော့်ကိုဦးတည်၍ ပြောသောကြောင့် . . .

"ရပါတယ်ခင်ဗျ။ အန်တီရေးစေချင်ရင် ရေးပါ့မယ်"

ကျွန်တော်က အလိုက်သင့် ဖြေရသည်။

"ဒါဆို သမီးလေးအကြောင်း အန်တီပြောလည်းပြောပြမယ်။ အရေးကြီးတဲ့ အချက်လေးတွေလည်း အန်တီရေးပေးလိုက်မယ်နော်"

"ဟုတ်ကဲ့"

* * *

❑

"အရမ်းကို အံ့ဩစရာကောင်းနေပြီ မောင်"

အန်တီတွေးတို့ အိမ်မှ ပြန်လာပြီးနောက် ဇနီးသည်အေးက မှတ်ချက်ချခြင်းဖြစ်၏။

"ဟုတ်တယ် အေး"

"အန်တီတွေးသမီးလေးရဲ့ပုံဟာ အေးတို့တူမလေး သမုဒယနဲ့ အတော့်ကို တူနေတာ။ ညီအစ်မလို့ပြောရင်ရမယ်။ သမုဒယလေးကို တွေ့ရင်လည်း အန်တီတွေးက သူ့သမီးလေးပါလို့ ပြောမှာပဲ"

"ဒါတင်ဘယ်ကမလဲ၊ အန်တီတွေးပြောတဲ့ သူ့သမီးလေး အကြောင်းတွေကလည်း တူမလေးသမုဒယနဲ့အတော့်ကို တူနေပြန်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မောင်။ ကဲ . . . ဒီလိုလုပ်ပါလား။ အန်တီထွေး ရေးပေးလိုက်တဲ့ အချက်ကလေးတွေနဲ့ တူမလေး သမုဒယလေးရဲ့ အကြောင်းနဲ့ အေးတို့ ယှဉ်ပြီး ချရေးကြည့်ရအောင်"

"ကောင်းသားပဲ"

သို့ဖြင့် . . .

ကျွန်တော်တို့ လင်မယား ပြုစုလိုက်သောအခါ အောက်ပါ အတွင်းဇယားတစ်ခု ထွက်ရှိလာပေတော့သည်။

| | | အန်တီထွေးသမီး (အငယ်) | တူမလေး (သတ်ရှိထင်ရှား) |
|---|---|---|---|
| ၁။ | အမည် | သံယောဇဉ် | သမုဒယ |
| ၂။ | အိမ်ခေါ်အမည် | ကြောင်ပေါက် | ကြောင်ပေါက် |
| ၃။ | မွေးသက္ကရာဇ် | ၇ . ၁ . ၈၇ | ၇ . ၁ . ၉၇ |
| ၄။ | ထူးခြားအမှတ်အသား | ဘယ်အခေါ်နှုတ်ခမ်းမှဲ့ရှိ | ဘယ်အခေါ်နှုတ်ခမ်းမှဲ့ရှိ |
| ၅။ | မိဘအမည် | ဦးမင်းအောင်+ဒေါ်ဝိဝိထွေး | ဦးအောင်မင်း+ဒေါ်မမထွေး |
| ၆။ | ဝါသနာ | ပန်းချီ | ပန်းချီ |
| ၇။ | ရည်မှန်းချက် | ပန်းချီဆရာမ | ပန်းချီဆရာမ |
| ၈။ | ပညာရည် | အတန်းစဉ် ပထမ | အတန်းစဉ် ပထမ |
| ၉။ | ထူးခြားအချက်များ | ဒုတိယတန်း- အသက်(၇) နှစ် စက်ဘီးတိုက်ခံရ၍ ခြေကျိုး | |
| | | တတိယတန်း - အသက်(၈) နှစ် ဦးမင်းအောင်နှင့် ဒေါ်ဝိဝိထွေး လင်မယားကွဲ သံယောဇဉ် မိခင်နှင့်အတူနေ၍ ဖခင်နောက်အိမ်ထောင်ပြုသွား | |
| | | စတုတ္ထတန်း - အသက်(၉) နှစ် သံယောဇဉ် - ကိုတင်ရွှေ ရေကန်တွင် ရေနစ်၍ ကွယ်လွန်၊ ကွယ်လွန်နေ့ ၂၅ . ၁ . ၉၆ | |





ကျွန်တော်တို့ အထက်ပါဇယားကို ပြုစုချိန်က, တူမလေး သမုဒယသည် (၆) နှစ်အရွယ် ပထမတန်း၌ ပညာသင်နေဆဲဖြစ်သည်။

"မောင်ရေ . . . အခုမှ ပိုပြီး အံ့သြစရာဖြစ်နေပြီ။ မောင် ဘယ်လိုထင်လဲ"

"ဟုတ်တယ် အေး . . . . ဒီအတိုင်းဆို တူမလေးဟာ သံယောဇဉ်ဝင်စားတာများလား . . ."

ကျွန်တော်က ကျွန်တော်၏ပထမဆုံးအတွေးကို စ၍ပြောသည်။

"အင်း . . . ပြောမယ်ဆို ပြောနိုင်တာပဲ။ သံယောဇဉ်ဆုံးတာက ၂၅. ၁. ၉၆ တူမလေးမွေးတာက ၇. ၁. ၉၇ ဆိုတော့ သံယောဇဉ်ဆုံးပြီး ဝင်စားတာဖြစ်နိုင်ဖွယ်ရှိတယ်။ အဲ . . . ဒါပေမယ့် အန်တီထွေး ပြောပြတဲ့အထဲမှာပါတဲ့ သံယောဇဉ်ရဲ့အကြောင်းတွေကို တူမလေးက ဘာတစ်ခွန်းမှ မပြောဘူး။ ပြီးတော့ လူဝင်စားလို့ ပြောရလောက်အောင် တူမလေးက ဘာမှထူးထူးခြားခြား ပြောတာဆိုတာမှ မရှိဘဲ။ လူဝင်စားဆိုရင် အတိတ်ဘဝက အကြောင်းတချို့ကို ပြောရမယ့်ဟာလေ၊ ငါ ဘယ်သူပဲ ဘယ်မှာနေတယ်၊ ဘာညာ ပြောရမှာပေါ့။ အခု တူမလေးက ဘာမှမှ မပြောတာ"

"ဒါလည်း စိတ်ဝင်စားစရာပဲ။ ဒါပေမဲ့ အချက်အလက်တွေက အတော့်ကိုတူနိုင်လွန်းတာတော့ မယုံကြည်နိုင်လောက်အောင်ပဲ။ နာမည် သံယောဇဉ်နဲ့ သမုဒယဆိုတာက စကားလုံးကွဲပေမယ့် အဓိပ္ပာယ် အတူတူပဲ။ ပြီးတော့ နာမည်ပြောင်လို့ရမယ့် ချစ်စနိုး အိမ်ခေါ်နာမည်က ကြောင်ပေါက်ချင်းတူနေတယ်။ မွေးသက္ကရာဇ်ကျတော့လည်း မွေးရက်၊ မွေးလတူနေတယ်။ ဆယ်နှစ်တိတိ ကွာတာတစ်ခုပဲ။ နှုတ်ခမ်းမှာ မှဲ့ပါ



www.burmeseclassic.com

www.burmeseclassic.com



ပုံချင်းဟာလည်း တူနေတယ်။ ဝါသနာ၊ ရည်မှန်းချက်နဲ့ ပညာရည်က လွှည်း တစ်ထပ်တည်းပဲ။ မိဘအမည်တွေသာ နည်းနည်းလေးလွဲတာ"

"သမုဒ္ဒယလေးတာ ခုမှ ပထမတန်းရှယ်ဆိုတော့ သံယောဇဉ်ရဲ့ တခြားအချက်တွေတော့ နှိုင်းယှဉ်လို့ မရနိုင်ဘူးပေါ့။ ခြေကျိုးတာတို့ မိဘတွေတွဲတာတို့ ပြီးတော့ . . . ဟာ . . . အဲဒါတွေများ တူလာရင်တော့ ဒုက္ခပဲ . . ."

အေး မျက်လုံးတွေဝိုင်းကာ ရင်တွေမိသွားသည်။ ကျွန်တော်သည်လည်း အေးကဲ့သို့ပါပင်။

"မဖြစ်နိုင်ပါဘူးကွာ။ အဲဒါတွေ လျှောက်မတွေးပါနဲ့"

"စိုးရိမ်မိတယ် မောင်ရယ်"

"ဒီအကြောင်းတို့ မမထွေးတို့ကို ပြောပြသင့်သလား"

"ဟင့်အင်း . . . ဟင့်အင်း . . . မပြောနဲ့၊ မမထွေးက အယုံအကြည် အစွဲအလမ်းသိပ်ကြီးတာ။ တော်ကြာ အေးတို့တွေးသလို တွေးမိရင် သမုဒ္ဒယကဘာမှမဖြစ်ဘဲ မမထွေးက နှလုံးရောဂါရမှာ။ မပြောနဲ့ မောင်"

"အေးလေ . . . မပြောတာပဲ ကောင်းပါတယ်၊ ခုဟာကလည်း တိုက်ဆိုင်မှုရှိလို့ တောင်တောင်အီအီ လျှောက်ပြောနေကြတာပါ။ တကယ်တော့ လောကမှာ လူတူမရှား နာမည်တူမရှားပါပဲ။ အဲ . . . အခုမှ သတိရတယ်"

"ဘာလဲ . . . မောင်"

ဒီလို တိုက်ဆိုင်မှုရှိပေမယ့် သူတို့ရဲ့ကံကြမ္မာချင်း ထပ်တူမကျပါဘူး။ ဒါကြောင့် သံယောဇဉ်နဲ့ တူမလေး သမုဒ္ဒယတို့ရဲ့ ဘဝကံကြမ္မာ





ကလည်း ထပ်တူမဖြစ်နိုင်ပါဘူး"

"အင်း . . . မောင်ပြောတာ သဘာဝကျပါတယ်။ မောင်ပြောမှပဲ အေးလည်း ရင်ထဲမှာနည်းနည်းအေးသွားတယ်။ ဟုတ်ပါတယ်။ သံယောဇဉ်နဲ့ သမုဒ္ဒယရဲ့ ဘဝကံကြမ္မာ မတူနိုင်ပါဘူး။ မတူပါစေနဲ့လို့လည်း အေး ဆုတောင်းပါတယ်"

"မောင်လည်း အေးလိုပါပဲကွယ်"

စင်စစ် ကျွန်တော်နှင့် အေးတွင် သားသမီး မထွန်းကားသဖြင့် တူမလေး သမုဒ္ဒယကိုပင် သမီးလေးလို ကျွန်တော်တို့က ချစ်နေကြရသူများဖြစ်သည်။

သမုဒ္ဒယဆိုသည်က အေး၏ အစ်မလတ်ဖြစ်သော မမထွေးနှင့် ကိုအောင်မင်းတို့၏ တစ်ဦးတည်းသော သမီးလေးဖြစ်သည်။

အေးတွင် ညီအစ်မအရင်း သုံးယောက်ရှိရာ အစ်မကြီးဖြစ်သော မဦးကအိမ်ထောင်မကျဘဲ အပျိုကြီးဘဝဖြင့်ရှိပြီး မိခင်ကြီးနှင့်အတူနေထိုင်သည်။ အလတ်ဖြစ်သော မမထွေးနှင့်အငယ်ဖြစ်သော အေးကသာ အိမ်ထောင်ကျခြင်းဖြစ်၏။ အေးနှင့်ကျွန်တော်က သားသမီးယခုထိမရ။

သည်တော့ တစ်မျိုးတစ်ခွေလုံးမှာမှ ကလေးငယ် သမုဒ္ဒယပင် ရှိလေရာ အားလုံးက တုန်နေအောင် ဝိုင်းချစ်နေကြရသည်လေ။

"မောင်"

"ဟင်"

"မမထွေးတို့ကို ဘာမှ မပြောနဲ့နော်"

"အင်းပါ . . . မပြောပါဘူး"

* * *

www.burmeseclassic.com

www.burmeseclassic.com

## (၄)

၂၀၀၄ ခုနှစ်။

ကျွန်တော်တို့မေ့မေ့လျော့လျော့နေခဲ့သော အကြောင်းတစ်ခုသည်မမျှော်လင့်ဘဲ ရုတ်ခြည်းပေါ်လာခဲ့၏။

ကျွန်တော်နှင့်အေး အံ့ဩတုန်လှုပ်သွားခဲ့ရပြန်သည်။

သမုဒယလေးနှင့် ပတ်သက်၍ပါပဲ။

သည်နှစ်က သမုဒယလေး ဒုတိယတန်းရောက်သည်။ အသက် (၇)နှစ်ထဲမှာဖြစ်သည်။

မမထွေးက ဖုန်းဆက်လာခြင်းဖြစ်သည်။

"မောင်လေးနဲ့ညီမလေး ဆေးရုံကို လိုက်ခဲ့ကြဦး"

"ဟင် ... ဘာ ... ဘာဖြစ်လို့လဲ။ ဘယ်သူ ဘာဖြစ်လို့လဲ"

"သမီးလေး ကျောင်းက အပြန်မှာ စက်ဘီးတစ်စီးကဝင်တိုက်လို့လေ။ အခု ဆေးရုံမှာ"





"ဟာ"

ကျွန်တော်တို့ ဆေးရုံသို့ ချက်ချင်းပြေးကြရ၏။ ဆေးရုံရောက်တော့ မမထွေးနှင့် သူ့ခင်ပွန်း ကိုအောင်မင်းတို့ကို မျက်နှာအပျက်ပျက်နှင့် တွေ့ကြရသည်။

"သမီးလေး ဘယ်လိုနေသေးလဲ"

ကျွန်တော်က အလောတကြီး စိုးရိမ်စွာ မေးမိ၏။

"အသက်အန္တရာယ်တော့ မရှိပါဘူး။ ဒါပေမယ့် ..."

မမထွေး အဖြေမှာ တစ်ဝက်တစ်ပျက်နှင့် တန့်ရပ်သွားပြီး ငိုသံသာဆက်၍ထွက်လာသည်။ ကိုအောင်မင်းက ...

"ညာဘက်ခြေထောက် အရိုးကျိုးသွားတယ်" ဟု ဆက်ပြောသည်။

"အို"

"ဟာ"

ကျွန်တော်တို့ လင်မယား၏ အာမေဋိတ်သံများ ပြိုင်တူထွက်သွားကြသည်။

စက်ဘီးတိုက်ခံရ၍ ခြေထောက်ကျိုး၊ သံယောဇဉ်၏ အဖြစ်နှင့် တူပြန်ပြီ။ အသက်ကလည်း သံယောဇဉ်လိုပင် (၇) နှစ်။ အတန်းကဒုတိယတန်း။

အေးက ကျွန်တော့်ကို မျက်လုံးပြူးကြီးနှင့် ကြည့်နေသလို ကျွန်တော်ကလည်း အံ့ဩတုန်လှုပ်စွာ အေးကိုကြည့်နေမိ၏။

"သမီးလေးက စောစောကတောင် မင်းတို့ကို မေးနေသေးတယ်။ ခြေထောက်ကိုတော့ ကျောက်ပတ်တီးစည်းပြီးပြီ"

www.burmeseclassic.com



မမတွေးစကား။

ကျွန်တော်တို့ သမုဒယကို ဝင်တွေ့ကြသည်။

"ကယ်ကယ်လေးနဲ့ တီတီလေး . . . သမီးကိုကယ်ပါဦး သမီးခြေထောက်ကျိုးသွားပြီ"

ကျွန်တော်တို့ကို မြင်သည်နှင့် သမုဒယက ငိုရှိုက်ပြောသည်။ စကားကလည်းတတ်၍ ချွဲချွဲနွဲ့နွဲ့ ပြောတတ်သော သမုဒယ၏ စကား များကြောင့် ကျွန်တော်တို့ မျက်ရည်ဝဲနေကြရ၏။

"ဘာမှ မဖြစ်ပါဘူး သမီးရယ်၊ ဒါက ပတ်တီးစည်းလိုက်ရ အကောင်းပြန်ဖြစ်သွားမှာ။ ကယ်ကယ်လေး ငယ်ငယ်ကလည်း ဘေ လုံးကစားရင်း သမီးလိုပဲ ခြေထောက်ကျိုးဖူးတယ်။ ကျောက်ပတ်တ စည်းလိုက်တော့ ပြန်ကောင်းသွားတာပဲ။ ကြည့်ပါလား။ ကယ်ကယ်လေ ရဲ့ခြေထောက် ဘာမှမှ မဖြစ်တာ"

ကျွန်တော်က ဖောင်လမ်းထွင်ပြီး သမုဒယကို နှစ်သိမ့်ရသ

"ဟုတ်တယ် သမီးရဲ့။ တီတီလေးလည်း လက်ကျိုးဖူးတာ သမီးမေမေကို မေးကြည့်ပါလား။ အခု အကောင်းပဲ။ ဘာမှမဖြစ်ဘူး"

"တကယ်ဘာမှမဖြစ်ဘူးနော်"

သမုဒယက မယုံမရဲ ထပ်မေးနေပြန်သေးသည်။

"တစ်ကယ်ပါ သမီးရဲ့။ တကယ်ပြောတာ"

သည်တော့မှ ငိုနေသော သမုဒယ၏ မျက်နှာကလေး ပြုံ လန်းဆန်းရွှင်ပျလာသည်။

❋ ❋ ❋

□

ဆေးရုံမှ အိမ်ပြန်ရောက်သောအခါ ဒေးက . . .

"မောင်ရေ . . . အချက်တစ်ချက်တော့ ထပ်တူကျလာပြန်ပြီ" ဟု ငိုညည်းသံနှင့် ပြောလေသည်။

"အင်း . . . တိုက်တိုက်ဆိုင်ဆိုင်ကွာ"

"နောက်အချက်တွေများ . . . အို . . . ဖွဟဲ့ . . . လွဲပါစေ၊ ဝေးပါစေ"

"ဒေးရယ် ဥပါဒါန်ကြောင့် ဥပဒ်ရောက်ဖြစ်နေပါမယ်၊ ဘာမှလည်း အစွဲအလမ်းမထားပါနဲ့။

ဒေး ကျွန်တော့်ရင်ခွင်တွင်း တိုးဝင်လာကာ . . .

"ဒေးတို့ ဘာလုပ်ရရင် ကောင်းမလဲဟင်" ဟု မေးသည်။ မျက်ရည်တွေကဝဲနေပြီး အသံမှာ ရှိုက်သံပါနေ၏။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"တူမလေး သမုဒယအတွက် ကုသိုလ်လေးတွေ လုပ်ပေးရင်း ဘုရားမှာ ဆုတောင်းကြတာပေါ့ကွာ။ ဘာမှ ထပ်မဖြစ်နိုင်ပါဘူး"

ကျွန်တော်က နှစ်သိမ့်မှု ပေးလိုက်ရပါ၏။ သို့သော် ကျွန်တော့် ရင်ထဲမှာကား . . .။

✸ ✸ ✸

(၅)

၂၀၀၅ခုနှစ်။

သမုဒယ အသက် (၈)နှစ်၊ တတိယတန်း။

"ကယ်ကယ်လေးရေ . . . တီတီလေးရေ . . ."

အိမ်ရှေ့မှ အော်ခေါ်၍ တက်လာသော ခြေသံကို ကြားရ၏။ တူမလေး သမုဒယပင်။

ထိုအချိန်က ကျွန်တော်တို့ လင်မယားသည် ညီ့သည် အန်တီထွေးနှင့် စကားတောင်းနေခိုက်ဖြစ်၏။

တူမလေး၏ အသံကြောင့် အန်တီထွေး၏ခေါင်း ချာခနဲ





လှည့်သွားကာ အသံလာရာသို့ အကြည့်ရောက်သွားသည်။

အိမ်ဝမှာ ပေါ်လာသည်က သမုဒယ။ သမုဒယနောက်မှာက ကိုအောင်မင်းနှင့် မမထွေး။

"ဟင် . . . သမီး . . . သမီးလေး"

အန်တီထွေးတစ်ယောက် တုန်လှုပ်ချောက်ချားစွာ အော်ခေါ်ရင်း ထိုင်နေရာမှ အိမ်ဝသို့ ပြေးဆင်းသွားကာ သမုဒယကို ဖက်လိုက်ပြီး "သမီးလေး . . . သမီးလေး" ဟု တတွတ်တွတ်ခေါ်၊ မျက်ရည်တွေကျ၊ သမုဒယကို ပါးနှစ်ဖက် ဘယ်ပြန်ညာပြန်နမ်း။

အကြောင်းသိထားသော ကျွန်တော်နှင့် ဇနီးက မအံ့ဩသော်လည်း စိတ်မသက်သာစွာ ရှိနေကြသည်။ ဘာမှမသိသော ကိုအောင်မင်းနှင့်မမထွေးမှာ စကားမဆိုနိုင်ဘဲ ကြောင်စီစီ ရပ်ငေးနေကြရသည်။ တူမလေး သမုဒယမှာလည်း ဘာမှနားမလည်သဖြင့် မျက်လုံးကလေး အဝိုင်းသားနှင့်။

ဇနီးက အခြေအနေကို ထိန်းသည့် သဘောဖြင့် အန်တီထွေးကို ဖေးမကာ ထိုင်ခုံရှိရာ ပြန်ခေါ်လာခဲ့ရသည်။

ပြီးမှ ကျွန်တော်က ကိုအောင်မင်းနှင့် မမထွေးကို အကျိုးအကြောင်း ရှင်းပြရ၏။

"အန်တီထွေးက ဆုံးသွားတဲ့ သူ့သမီးလေးနဲ့ သမုဒယ တူလွန်းလို့ စိတ်မထိန်း နိုင်ရှာတော့ဘူးလေ။ တကယ်လည်း တူမလေး သမုဒယက အန်တီထွေးရဲ့ သမီးလေး သံယောဇဉ်နဲ့ ရှပ်ချုံ(?)တော့ အတော့်ကိုတူတာ။ ကျွန်တော်တို့ ခေတ်ပုံမြင်ဖူးတယ်"

ရုပ်ချင်းတူသည်ကိုသာ ကျွန်တော်က ပြော၍ ကျန်အချက်များ

www.burmeseclassic.com



ကိုမှ ကျွန်တော်ကမပြောဘဲ ချန်လှပ်ထားခဲ့သည်။ အေးကလည်း မပြောရန် မျက်နှာရိပ် မျက်နှာကဲ ပြနေသည်လေ . . .။

ကိုအောင်မင်းနှင့် မမထွေးတို့က အန့်တီထွေးကို စာနာစွာ ကြည့်ကြ၏။

မျက်ရည်များနှင့် အန့်တီထွေးက . . .

"ရှပ်ချင်း တူရုံမကဘူးကွယ်။ သမီးလေး သံယောဇဉ်က အန့်တီထွေးရဲ့ မောင်နဲ့ညီမလေးကို အခု သမီးလေးလိုပဲ ကယ်ကယ် လေးနဲ့ တီတီလေးလို့ဝဲ ခေါ်တတ်တယ်" ဟု ပြောသည်။

"ဟင် . . ."

ကျွန်တော်နှင့် အေး အကြည့်ချင်းဆုံကြရပြန်ပါပြီ။ တိုက် ဆိုင်မှုက တိုးလာပြန်ပြီလေ။

"သမီးလေး"

အန့်တီထွေးက သမုဒယကို လှမ်းခေါ်၏။ ကျွန်တော်နှင့် အေးအကြားတွင် ထိုင်နေသော သမုဒယက "ရှင်" ဟုထူးသည်။

"သမီးလေး အကြိုက်ဆုံး မုန့်က ဘာလဲဟင်"

"ဘိန်းမုန့်"

"ဟင်"

အန့်တီထွေး အံ့အားတသင့်။

"အန့်တီထွေးသမီးလေးရဲ့ အကြိုက်ဆုံး မုန့်ကလည်း ဘိန်းမုန့် ပဲ။ သံယောဇဉ်က ကိတ်တွေ ပေါင်မုန့်တွေ လုံးဝ မကြိုက်ဘူး"

ကျွန်တော်နှင့် အေး ထပ်မံ အကြည့်ချင်းဆုံကြပြန်သည်။

"ဒါပေါ့ အန့်တီထွေးရယ်။ လူတူမရှား နာမည်တူမရှားပေါ့။





ကဲ . . . စကားဖြတ်ပြောရဦးမယ်၊ ရှေ့လဆန်းကျရင် ကျွန်တော်တို့ ဘုရားကိုးဆူ ဆွမ်းကပ်လေးလုပ်ဖို့ ရည်ရွယ်ထားတယ်။ အင်္ဂလိပ် လဆန်း လေးရက်နေ့ကျမှာပေါ့။ မြန်မာလို လပြည့်နေ့ တနင်္ဂနွေ လည်းကျတော့ အလုပ်ပိတ်မှာနဲ့ အတော်ပါပဲ၊ အခုတစ်ခါတည်း ဖိတ်လိုက်မယ်။ အန့်တီထွေး လာဖြစ်အောင်လာနော်"

ကျွန်တော်က စကားလမ်းကြောင်း လွှဲပစ်လိုက်သည်။

အခြားသောတိုက်ဆိုင်မှုများကို ကိုအောင်မင်းနှင့် မမထွေး မသိစေချင်သလို အန့်တီထွေးကိုလည်း မသိစေချင်သောကြောင့်ပင် ဖြစ်၏။

မည်သူ့ကိုမျှ ဥပါဒါန်အစွဲများ မဖြစ်စေလိုရှိပါ။

သို့တိုင် အေးနှင့် ကျွန်တော်တို့မှာမူ . . .။

✱ ✱ ✱

www.burmeseclassic.com

www.burmeseclassic.com

❑

ကျွန်တော်တို့ အလှူနေ့မှာ အန်တီထွေးလာခဲ့သော်လည်း သမုဒယတို့နှင့် မဆုံခဲ့သဖြင့် ကျွန်တော်တို့လင်မယား အသက်ရှူရှောင်ခဲ့သည်ဟု ဆိုရမည်။

အန်တီထွေးကမူ "သမီးလေးကိုတွေ့ချင်လိုက်တာ" ဟု တဖွဖွ ပြောခဲ့သေး၏။ ဦးဥက္ကာ သမုဒယတို့ မိသားစုက အလှူပြီး၍ ညနေစောင်းချိန်ရောက်မှ ရောက်လာဖြစ်ခဲ့သည်။ အန်တီထွေးက ထိုအချိန်တွင် ပြန်သွားခဲ့ပေပြီ။

"မမထွေးတို့နောက်ကျလိုက်တာ"

ဖနီးသည်အေးက သူ့အစ်မကို ဆီးကြိုအပြစ်တင်သည်။ မမထွေးမျက်နှာမကောင်းသလို ကိုအောင်မင်းမျက်နှာလည်း ညှိုးမှိုင်းလျက်ရှိ၏။ သူတို့လင်မယား တစ်စုံတစ်ခု အချင်းများခဲ့ပုံရကြောင်း ကျွန်တော် တွေးတောသဘောပေါက်လိုက်သည်။

သမုဒယက ကျွန်တော့်လက်ကိုဆွဲခေါ်သွားကာ သူ့မိခင်ကွယ်ရာ



ကျမှ "မေမေနဲ့ ဖေဖေ ရန်ဖြစ်နေကြလို့ သမီးတို့နောက်ကျနေတာ" ဟု ပြောသည်။

"ဘာဖြစ်လို့ ရန်ဖြစ်ကြတာလဲ"

"အဲဒါတော့ သမီးမသိဘူး။ သမီးလည်းကြောက်လို့ အိပ်ခန်းထဲ ဝင်ပုန်းနေတာ။ အကြီးအကျယ် ရန်ဖြစ်နေကြတာ ကယ်ကယ်လေးရဲ့ မေမေက ပန်းကန်တွေ ဘာတွေပါ ပေါက်ခွဲတယ်"

ထိုအကြောင်း အေးကို ပြောပြတော့ အေးက မသိချင်ယောင်ဟန်ဆောင်နေရန် ပြော၏။

သူတို့တတွေ စားသောက်ပြီးချိန်တွင် . . .

"အလုပ်ရှိသေးလို့ကွာ။ ငါ ပြန်နှင့်မယ်" ဟု ကိုအောင်မင်းက နှုတ်ဆက်ပြီး ပြန်သွားသည်။

ထိုအခါကျမှပင် မမထွေး ရင်ဖွင့်လေတော့၏။

"ငါကတော့ ဘုရားတစ်ဆူဂူတစ်လုံးလို ကိုးကွယ်နေခဲ့တာ၊ အခု ဖွတ်ထွက်မှ တောင်ပို့မှန်းသိတယ်။ အင်းက ကောင်မတစ်ကောင်နဲ့ တိတ်တိတ်မှန်းပြီနေတာ" တဲ့

သမုဒယက တခြားတွင်ကစားနေ၍ တော်ပေတော့သည်။ ခင်နှင့်မိခင်၏ ပြဿနာက ငယ်နုသော သမုဒယလေး၏ နှလုံးသားအပေါ် အရိပ်မည်းထိုးမကျစေချင်ပါ။

"ဟုတ်ရဲ့လား မမထွေးရယ်။ ကိုအောင်မင်းက ခပ်အေးအေးသမားပါ"

အေးက မယုံချင်။

"အမလေး ကြောင်သူတော်ကြွက်သူခိုးဆိုတာ သူ့မှ သူအစစ်

www.burmeseclassic.com



ကြည့်ရင်တော့ နှင်းပြောသလို ရေခဲတုံးကြီးပဲ။ ရေခဲဆိုတာ အပြင်မှာသာ အေးတာ။ အတွင်းက အပူစာတ်ကြီးဟဲ့"

"မမထွေးက သတင်းကြားနဲ့ စွပ်စွဲနေတာလား။ မဟုတ်ဘဲနဲ့ ပြောရင် ကိုအောင်မင်းက ဘယ်ခံမလဲ"

ကျွန်တော်က မဆင်မခြင်ဝင်ပြောမိ၏။

မမထွေးဒေါသကား မီးဟုန်းဟုန်းတောက်နေပြီ။

"မဆာမတော့ အကြားလေ။ အကြားပဲပေါ့။ အဲဒါနဲ့စုံစမ်းတယ်၊ စုံစမ်းတော့ သတင်းက အနိုင်အမာပဲ။ ဒါနဲ့လိုက်ချောင်းတယ်၊ ပက်ပင်း မိတာပဲ။ အထုပ်အထည်နဲ့ လက်ဆွဲဆက်လက်ကိုင်ဖမ်းမြဲလိုက်တော့ ငြင်း မငြင်းနိုင်တော့ဘူးလေ"

"ဒါဆို ကိုအောင်မင်းက ဝန်ခံတယ်ပေါ့ . . . ဟုတ်လား"

"ဟုတ်တယ်"

"ဟာ"

"အဲဒါ ဒီမနက် အိမ်မှာ စာရင်းရှင်းကြတာပဲ"

"အပျက်အပျက်နဲ့ နှာခေါင်းသွေးထွက်ဖြစ်ကုန်ပါမယ် မမထွေး ရယ်။ ပြဿနာကို ပြေလည်အောင်နည်းလမ်းရှာပါ။ သမီးလေး သမုဒယ ရဲ့ ဘက်ကိုလည်း တွေးပေးပါ"

"မရတော့ဘူး။ သူက သမီးလေးရဲ့ မျက်နှာထက် မယားငယ် မျက်နှာကို ပိုပြီးကြည့်တတ်သူ ဖြစ်နေပြီ"

"သူက နောက်မဆုတ်ဘူးတဲ့လား"

မမထွေး အံကိုကြိတ်၏။

"ဟုတ်တယ်။ နောက်ဆုတ်လို့မရတော့ဘူးတဲ့ သူ့ကိုနားလည်



ပေးပါတဲ့"

"ဟာ . . . မဟုတ်တာ"

"မဟုတ်တာမှ လုံးဝကို မဟုတ်တာ။ ငါလည်း ဘယ်သည်းခံ နိုင်တော့မလဲ။ ရှင်ကြိုက်တဲ့လမ်း ရွေးလို့ ပြောလိုက်တယ်"

"ဒီလိုဆို အပိုင်းပိုင်း အပြတ်ပြတ် အလဲအကွဲ ဖြစ်ကုန်မှာ ပေါ့။ ကျွန်တော် ကိုအောင်မင်းနဲ့ ဆွေးနွေးပါဦးမယ်"

မမထွေးက မျက်ရည်များဖြင့် ခေါင်းကို ခါယမ်းသည်။

"သူ့ဘက်ကတော့ မသိဘူး။ ငါ့ဘက်ကတော့ သစ္စာမဲ့သူကို မျက်နှာထပ်မကြည့်နိုင်တော့ဘူး"

ကျွန်တော်နှင့် အေး သက်ပြင်းချရပြီ။

သမုဒယလေးဟာ မွေစာပင်ဖြစ်တော့မည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

□

ကိုအောင်မင်းကို ကျွန်တော်တွေ့ဆုံပြီး ညှိနှိုင်းတော့လည်း အဖြေက ပြောင်းလဲမလာ။ ကိုအောင်မင်းက ကျုံနေသောနှုံမှာ ရှုန်း မရတော့။ တဖျော့ဖျော့ အရာရာကို အမှန်အတိုင်း မမြင်နိုင်တော့။ မမတွေးထက် အသက်များစွာငယ်၍ အတော့်ကို ချောမောလှပသော အချွဲအနွဲ့လည်း ကောင်းပုံရသည့် ဒုတိယမိန်းမလေးက ကိုအောင်မင်း ကို လွှမ်းမိုးအောင်နိုင်သွားခဲ့ပြီဖြစ်သည်။

နောက်ဆုံးအခွင်တော့ ကိုအောင်မင်းနှင့် မမတွေးတို့ ကွာရှင်း ပြတ်စဲလိုက်ကြ၏။ သမုဒယလေးကို မမတွေးက ခေါ်ထားလိုက်၏။

"မောင်"

"ဟင်"

"မမတွေးကိုသနားသလို သမုဒယလေးကို ပိုပြီးကရုဏာ သက်မိတယ်။ သမုဒယလေးကို အေးတို့ခေါ်ပြီး မွေးစားထားရင် ကောင်းမလား"



"အို . . . ဘယ်ဖြစ်နိုင်မလဲ အေးရယ်။ မမတွေးက ခင်ပွန်းကို စွန့်နိုင်ပေမယ့် သမီးလေးကို ဘယ်ခွဲနိုင်မလဲ။ သူ့ဘက်ကို စဉ်းစားပေး ရမှာပေါ့။ ပြီးတော့ သမုဒယလေးနေရာက ကြည့်ရင်လည်း အမေနဲ့ ကွဲခဲ့ရပြီး အမေနဲ့ပါ ဝေးနေရရင် ပိုခံစားရမှာပေါ့။ မဖြစ်ပါဘူး။ မောင်တို့က ဘေးကနေပြီး အရင်ကထက် ပိုဂရုစိုက်ပေးတာ အကောင်း ဆုံးပါ။ ကိုအောင်မင်းမရှိလို့ လစ်ဟာသွားတဲ့ မေတ္တာကွက်လပ်ကို မောင်တို့က ဖြည့်တင်းပေးဖို့ပဲ ကြိုးစားရမှာပေါ့"

"အင်း . . . မောင်ပြောတာ သဘာဝကျပါတယ်၊ ဒါပေမဲ့"

အေး စကားစပြတ်သွားသည်။ ကျွန်တော့်ကိုကြည့်သည်။ ကျွန်တော်နားထောင်လိုက်ရပြီ။

"သံယောဇဉ်ကလေး (၈) နှစ်အရွယ် တတိယတန်း အရောက် မှာ အန်တီတွေတို့ လင်မယားကွဲတာကို အေးပြောမလို့ မဟုတ်လား"

အေးခေါင်းညိတ်သည်။

"အခု သမုဒယ (၇) နှစ်၊ တတိယတန်း ထပ်တူကျမှု တစ်ခုတော့ တိုးလာပြန်ပြီ ဒါကို မောင်လည်းတွေးမိလို့ ရင်တွေပူနေတာ။ သံယောဇဉ်ကလေးရဲ့ ဖြစ်စဉ်အရဆိုရင်တော့ နောက်ထပ်အဖြစ်တစ်ခု က သိပ်ကို ကြေကွဲရင်နာရမယ့် အဆင့်ပဲ၊ အဲဒါကို သမုဒယလေး မကြုံတွေ့ဖို့ မောင်တို့ကြိုးစားရမှာပဲ။ အကောင်းဆုံးကုစားချက်ကတော့ ဘုရားနည်းပဲ"

* * *

www.burmeseclassic.com

www.burmeseclassic.com

## (၆)

၂၀၀၆ ခုနှစ်ထဲ ဝင်လာခဲ့ပြီ။

သံယောဇဉ်၏ ဘဝကြမ္မာနှင့် သမုဒယ၏ ဘဝကြမ္မာတို့ထပ်တူကျလာသည်မှာ မည်သို့မျှ ငြင်း၍မရနိုင်ခဲ့ရာ သံယောဇဉ် ၂၅. ၁. ၉၆ နေ့တွင် ကွယ်လွန်ခဲ့သည် ဆိုသော အချက်က ကျွန်တော်တို့ ခေါင်းမှာ မီးတောက်နေစေခဲ့လေပြီ။

မိခင်ဖြစ်သော မမတွေးကိုမူ ကျွန်တော်တို့ မမေးပြောဖြစ်။

အန်တီတွေး၏ ပြောပြချက်အရ သံယောဇဉ်သည် (၉)နှစ်သမီးအရွယ် စတုတ္ထတန်းကျောင်းသူအဖြစ် တိုက်ရှေ့ရေကူးကန်တွင် ရေနစ်၍ သေဆုံးခဲ့ရသည်။

ထိုရက်က အန်တီတွေးသည် ဖခင်မရှိတော့သော သံယောဇဉ်ကလေးကို ဖခင်မေတ္တာရော၊ မိခင်မေတ္တာပါပေးကာ အထူးဂရုစိုက်ခဲ့သည်မှန်ပါလျက် မမျှော်လင့်ဘဲ ကံကြမ္မာဆိုးကဝင်လာခဲ့ခြင်း ဖြစ်သည်



အန်တီတွေး၏မိခင် ရုတ်တရက်မူးလဲကာ ဆေးရုံတင်လိုက်ရသဖြင့် အန်တီတွေး ဆေးရုံလိုက်ကာ မိခင်ကြီးကို ပြုစုစောင့်ရှောက်နေရချိန် ၂၅. ၁ . ၉၆ နေ့တွင် အိမ်တွင်ကျန်ခဲ့သော သမီးလေး သံယောဇဉ် ရေကူးကန်အတွင်း ရေဆင်းကူးရာမှ ရေနစ်သေဆုံးခဲ့ရခြင်း ဖြစ်သည်တဲ့။

ထို့ကြောင့် သံယောဇဉ်၏ ကံကြမ္မာနှင့် အချက်များစွာ တိုက်ဆိုင်ထပ်တူကျလာသော သမုဒယလေး၏ အနာဂတ်ကံကြမ္မာကို သံယောဇဉ်နှင့်တူမှာ ကျွန်တော်တို့ အလွန်အမင်း စိုးရိမ်နေမိကြ၏။

အဖြစ်အပျက်တွေက ဆယ်နှစ်တိတိခြားကာ ထပ်တူဖြစ်နေခဲ့သည် မဟုတ်လား။

သို့ဆိုလျှင် . . .

၂၅. ၁. ၂၀၀၆ နေ့တွင် သမုဒယလေးရေနစ်၍ သေဆုံးရတော့မည်လား။

* * *

www.burmeseclassic.com

www.burmeseclassic.com

□

ကျွန်တော်တို့ လင်မယားသည် သမုဒယလေး သံယောဇဉ်ကဲ့သို့ အဖြစ်ဆိုးကြီးကို ထိုနေ့ ထိုရက်တွင် ထိုသို့ မကြုံစေရန် စီမံချက်ချ ဆောင်ရွက်ရပါတော့သည်။

ပထမဦးစွာသမုဒယတို့ တိုက်ရှေ့မှ ရေကူးကန်ကလေးကို ရေများထုတ်ပစ်ရန် ကျွန်တော်နှင့်ဇနီးတို့ မမထွေးကို ပြောကြသည်။

မမထွေး နားမလည်။

"တဲ့ . . . ဘာဖြစ်လို့ ရေကူးကန်ကလေးကို ရေတွေ ထုတ်ပစ်ရမှာလဲ။ ဒါဟာ တိုက်ရဲ့ အလှအပလေး။ ပြီးတော့ သမီးလေးဟာ ဒီရေကူးကန်လေးမှာ ရေကူးရတာကို သိပ်သဘောကျတာ"

မမထွေးကငြင်းသည်။

"သမီးလေးကို ရေမကူးစေချင်လို့ပေါ့ မမထွေးရယ်"

"သမီးက ရေကူးကျွမ်းနေပါပြီတဲ့"

"မဟုတ်ဘူး မမထွေး။ ရေကူးကျွမ်းကျင်တိုင်းလည်း ပြောလို့မရဘူး။ မတော်တဆ ဒီတာမျိုးက ဖြစ်တတ်တာပဲ"

"နင်တို့လင်မယား ဘာဖြစ်နေတာလဲ။ ခုမှ ဘာလာပြီး စိတ်





ပူနေတာလဲ။ အရင်ကတော့ ဘာမှမပြောဘဲနဲ့"

"အရင်က မပြောပေမယ့် အခုပြောတာ မမထွေး။ ကျွန်တော်တို့စကားကို လက်ခံပေးပါ"

"နင်တို့ တော်တော်ထူးဆန်းနေပါလား။ ပြောစမ်း . . . ။ ဘာအကြောင်းရှိလို့လဲ"

သည်လိုဆိုတော့လည်း ကျွန်တော်တို့က အမှန်အတိုင်း ပြောရမှဖြစ်။

"သမီးလေးကို စိတ်ပူလို့ပေါ့ မမထွေးရယ်။ ဟိုတစ်ခါ မမထွေးတွေ့တဲ့ အေးတို့ကမ္ဘာထိက မန်နေဂျာအန်တိုထွေးရဲ့ သမီးလေးဆိုရင် တိုက်ရှေ့ ရေကူးကန်မှာရေကူးရင်း ရေနစ်ပြီးသေသွားရတာ"

အကြောင်းအရာများကို ဖုံးကွယ်ပြီး ပြောသင့်သည့်များကိုသာ ရွေး၍ ကျွန်တော်ပြောလိုက်သည်။

မမထွေးမျက်နှာတွင် စိုးရိမ်စိတ်လေးပေါ်လာ၏။

"အင်း . . . နင်တို့ပြောသလို ရေကန်ကို ရေထုတ်ပစ်လိုက်ဦးမယ်"

ကျွန်တော်တို့ တစ်ထစ်အောင်မြင်၍ တစ်ဆင့်ဝမ်းသာသွားကြသည်။

"ပြီးတော့ ရှိသေးတယ် မမထွေး"

"ဘာလဲဟဲ့ ဘာရှိသေးတာလဲ"

"မမထွေးတို့ ရေချိုးခန်းမှာက ရေပန်းရှိတယ်မဟုတ်လား"

"အေး . . . ရှိတယ်။ အဲဒါ ဘာဖြစ်လဲ"

"အဲဒီရေပန်းရှိနေတာပဲ မမထွေးရယ်။ ရေချိုးခန်းထဲက ရေ



www.burmeseclassic.com

www.burmeseclassic.com



စိမ်းချိုးတဲ့တန်ကို မသုံးပါနဲ့တော့”

“ဟဲ့ . . . အဲဒါက သမီးလေးကို အေးတဲ့အခါ ရေနွေးနဲ့ စိမ်းချိုးပေးတာ။ ပူတဲ့အခါကျတော့ ရေအေးနဲ့စိမ်းချိုးပေးတာ။ မသုံးလို့ မရဘူး”

“မသုံးစေချင်လို့ပါ မမထွေးရယ်”

“ရော် . . . နင်တို့တော့ ခက်နေပါပြီ၊ ရေကန်လည်း ရေထုတ်ပစ်၊ ရေစိမ်ကန်လည်း မသုံးရဆိုတော့ ရေကို နင်တို့က ဘာကြောင့် ကြောက်နေတာလဲ”

“မတော်တဆ ဖြစ်တတ်တာမို့ပါ”

“ဟဲ့ . . . မတော်တဆ ကြောက်နေရင် လောကမှာ ဘာမှ လုပ်လို့ကိုင်လို့ ရမှာဟုတ်တော့ဘူး။ ငါကြားဖူးတဲ့ ပုံပြင်လိုပဲ ပင်လယ်ထဲမှာ သင်္ဘောနစ်ပြီး သေတတ်လို့ ပင်လယ်ထဲမသွားနဲ့ ပြောတဲ့အခါ အိပ်ရာထဲမှာရောလူမသေဘူးလား။ ဒါဆို အိပ်ရာထဲ မဝင်နဲ့ပေါ့လို့ ပြန်ပြောတာလိုပဲ။ နင်တို့လည်း တရားကိုမရှိဘူး”

“မမထွေး ပြောချင်သလိုသာပြော ရေစိမ်ကန်မသုံးရင် ပြီး။ ကဲ . . . ဒီလိုလုပ် မမထွေးရယ်။ ဒီတစ်လပဲ မသုံးနဲ့။ နောက်လမှ ပြန်သုံးရင်သုံး။ ဟုတ်ပြီလား”

“နင်တို့တော့ ခက်နေပါပြီ။ နင်တို့ကြောင့် ငါရူးချင်လာပြီ”

နောက်ဆုံးတော့ မမထွေးက ညည်းညည်းညူညူဖြင့်ပင် လိုက်လျော သဘောတူခဲ့လေသည်။

ကျွန်တော်နှင့်အေး သက်ပြင်းချလိုက်ရ၏။

✵ ✵ ✵

❑

ဒုတိယ . . .

မိခင်ကြီးကို ဂရုစိုက်ရန်ဖြစ်၏။

သံယောဇဉ်ဆုံးပါးခဲ့ရသည်က အန်တီထွေးအနေဖြင့် မိခင်ကြီး ဆေးရုံတက်နေရသဖြင့် ဆေးရုံကို သွားနေရသောကြောင့် သမီးလေးကို ဂရုစိုက်မှုလျော့ခဲ့သည့်အတွက်ဖြစ်၏။ ဤအချက်ကိုလည်း ဂရုပြုရမည်။

အေး၏အစ်မအကြီးဆုံးနှင့်နေသော မိခင်ကြီး၏ ကျန်းမာရေးကို ယခင်ကထက် ပိုမိုဂရုစိုက်၊ ပြုစုစောင့်ရှောက်ရန် အရေးကြီးသည့်အလျောက် မမဦးနှင့် တွေ့ဆုံပြောဆိုကြည့်ရာ . . .

“အံမာ . . . ငါကတစ်သက်လုံး အမေနဲ့ အတူနေပြီး ပြုစုလာတာ၊ ငါ့ကို ဆရာလာမလုပ်စမ်းနဲ့” ဟု မမဦးက မျက်နှာထားတည်တည်နှင့် ဟောက်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး မမဦးရယ်၊ မမဦးက အမေ့ကို စောင့်ရှောက်တာ ညီမလေးတို့သိပါတယ်။ ဒါပေမယ့် အမေ့အသက်က ပိုကြီးလာပြီ မဟုတ်လား။ ဒါကြောင့် . . ."

"တော်စမ်း မိအေး။ နင်ကအကြီးလား။ ငါကအကြီးလား"

"မမဦးကလည်း ညီမလေးပြောတဲ့စကားမှာ အမှားပါလို့လား"

"တော်စမ်းပါအေး၊ ခုမှ အမေ့ကို ဂရုစိုက်ရကောင်းမှန်းသိမနေပါနဲ့။ ယောကျ်ားနဲ့တွေ့တော့ အမေကိုမေ့ပြီး ထားခဲ့ပြီးတော့များ"

မမဦးကိုလည်း ချော့တစ်ခါ၊ ခြောက်တစ်လှည့် စည်းရုံး၍ ပြောယူရသည်။ နောက်ဆုံးကျမှ . . .

"အေးပါကွယ် . . . နင်တို့အမေ့ကို ခုလို တွေးပြီးစိတ်ပူတာလည်း မမဦးကျေးဇူးတင်ပါတယ်။ မမဦး ပိုပြီး ဂရုစိုက်ပါ့မယ်"

"ညီမလေးတို့လည်း မပြတ်လာပါ့မယ်၊ တစ်စုံတစ်ခုအကြောင်းကိစ္စရှိရင်လည်း ချက်ချင်းဖုန်းဆက်ပါ"

"ကောင်းပါပြီ သမီးအလိမ္မာတုံးလေးရယ်"

စင်စစ် မိခင်ကို ဂရုစိုက်ရန်တစ္စမှာ သမုဒယလေး၏ ကံကြမ္မာကို ကြိုတင်ကာကွယ်ရန်အတွက် ဖြစ်ကြောင်းသာ မမဦးသိပါက ကျွန်တော်တို့ကို စိတ်ဆိုး၍ဆုံးမည်မထင်။

* * *

❑

တတိယ . . .

ကျွန်တော်တို့နှစ်ယောက် သမုဒယလေးအတွက် ဘုရားတွင် ရွှေသက်နှ်း၊ ဆီမီး၊ ရေချမ်း စသည်များ အကြိမ်ကြိမ်လှူဒါန်းကာ သမုဒယလေးအတွက် မိဇ္ဈာန်၍ သက်သတ်လွတ်စား၊ ပုတီးစိပ်ခဲ့ကြပါ သည်။

သမုဒယလေးရှိရာသို့လည်း နေ့စဉ်သွားကာ အတူနေပြီး ဂရု စိုက်မှုပေးခဲ့ကြပါ၏။

ဆိုရလျှင် . . .

သံယောဇဉ်ကဲ့သို့သော ဘဝကံကြမ္မာတို့ကို သမုဒယလေးတွင် ကျရောက်လာစေရန် သိပ္ပံနည်းကျရော၊ ဝိဇ္ဇာနည်းပါမကျန် ကြိုတင် ကာကွယ်နေခြင်းဖြစ်ပါ၏။

တစ်ရက်ကုန်ဆုံးပြီး ၂၉ ရက်နှင့် တစ်ရက်နီးလာလေသော၊

www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ ပိုချိုးရိမ်သောကကြီးထွားလာလေလေ ဖြစ်ရသည်။

တစ်ရက်ကုန်ဆုံးပြီး . . .

သမုဒယလေး ဘေးကင်းရန်တွက် ဖြစ်သွားပြီဆိုလျှင် သက်မချကာ နောက်တစ်နေ့အတွက် ပူပန်မှုက အစားထိုး ဝင်ရောက်လာပြန်လေ၏။

သို့ဖြင့် . . .

သံယောဇဉ်ကလေး ရေနစ်သေဆုံးခဲ့သော ၂၅-၁-၉၆ နေ့နှင့် သယ်နှစ်တိတိခြားနေသော ၂၅-၁-၂၀၀၆ နေ့သည် ရောက်ရှိလာခဲ့လေတော့၏။

✹ ✹ ✹

❑

၂၅-၁-၂၀၀၆ နေ့။

မိုးမလင်းမီကပင် ကျွန်တော်တို့ လင်မယား အိပ်ရာမှ လူးလဲထကြသည်။ လျင်မြန်စွာပြင်ဆင်ပြီး ရွှေတိဂုံစေတီတော်သို့ သွားကြသည်။ တူမလေး သမုဒယလေး၏ မွေးနံ့ထောင့်မှာ သိမ်ိဳး ပန်း၊ ရေချမ်းကပ်လှူကာ ကျွန်တော်တို့ပုတီးစိပ်ကြသည်။ မေတ္တာပို့ကြသည်။





ဘုရားမှ အဆင်းတွင် . . .

သမုဒယလေး၏ သက်စေ့ ငှက်ကလေးများ လွှတ်၏။

ပြီးလျှင် သမုဒယလေးတို့ အိမ်သို့ အရောက်သွားကြသည်။

သည်နေ့တစ်နေ့လုံး သမုဒယလေးနှင့် အတူနေကာ မျက်ခြည်မပြတ် စောင့်ရှောက်ရန်ပင်ဖြစ်သည်။ ကျွန်တော်တို့ ရည်ရွယ်ချက်ကို မေတွေးမသိ။

"ဟင် . . . ကယ်ကယ်လေးနဲ့ တီတီလေးတို့ အစောကြီး ဘာလာလုပ်တာလဲ"

သမုဒယလေးက မေး၏။

"ဒီနေ့ တီတီလေးက ခွင့်ယူထားတယ်။ သမီးနဲ့ကစားချင်လို့ လာတာ"

အေးက ပြောသည်။

"သမီးက ကျောင်းတက်ရဦးမှာ"

"ဒါဆို ကျောင်းလိုက်ပို့မှာပေါ့"

သမုဒယကို ပြင်ဆင်ပေးပြီး ကျောင်းလိုက်ပို့ကာ ကျောင်းရှေ့ လက်ဖက်ရည်ဆိုင်မှာပင် အေးနှင့်ကျွန်တော်တို့ စောင့်ကြရသည်။

သမုဒယ ကျောင်းအဆင်းကိုစောင့်ရင်း မမဦးထံသို့ အေးက ဖုန်းဆက်၏။

"အမေ နေကောင်းရဲ့လား မမဦး"

"အေး . . . ကောင်းတယ် . . . နင်တို့ ဘယ်ကဖုန်းဆက်တာလဲ"

"သမုဒယလေးကို ကျောင်းပို့ပြီး ကျောင်းရှေ့ကဆက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"တူမလေးရော မတွေ့ရတာကြာပြီ။ သူ့အသွားကတောင် တွေ့ချင်တယ် ပြောနေတယ်"

"ဒီစနေ တနင်္ဂနွေ ဝိတ်ရက်ကျမှ ခေါ်လာမယ်လေ"

မိခင်ကြီးလည်း နေထိုင်ကောင်းပြီး သမုဒယလေးလည်း ပျော်ပျော်ရွှင်ရွှင်ရှိနေသဖြင့် ကျွန်တော်တို့ စိတ်အနည်းငယ် အေးကြရ၏။ သို့သော် သည်နေ့တစ်နေ့လုံးကိုတော့ အထူးကြပ်မတ် ဂရုစိုက်ရပေမည်။

သမုဒယကျောင်းဆင်းသည်ထိ ကျွန်တော်တို့ စောင့်ကြပြီး ကျောင်းဆင်းခါမှ သမုဒယကို ကြိုတာ အိမ်ပြန်ခဲ့ကြသည်။

ညနေပိုင်း အိမ်တွင်ပင် သမုဒယနှင့်အတူကစားကြပြီး ညနေစာကို မမထွေး ချက်ပြုတ်ကျွေးသဖြင့် သမုဒယနှင့် အတူစားကြသည်။ မိုးချုပ်သွားသည်။

သမုဒယ စာဖတ်သည်ကို ဘေးမှာထိုင်စောင့်ပေးသည်။ သမုဒယ ရုပ်မြင်သံကြားကြည့်တော့လည်း ကျွန်တော်တို့နှင့်အတူ။ နောက်ဆုံး သမုဒယ အိပ်ချင်သည်ဆိုတော့ အိပ်ရာခင်းကာ အိပ်ပျော်သည်ထိ ကျွန်တော်တို့ စောင့်ကြသည်။

သမုဒယ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွားတော့ ည ဆယ်နာရီ ထိုးတော့မည်။

"မမထွေး . . . ကျွန်တော်တို့ပြန်တော့မယ်"

နှုတ်ဆက်သောအခါ မမထွေးက . . .

"ငါတော့ နင်တို့ကို လုံးဝနားမလည်ဘူး။ ဒီနေ့ နင်တို့ဘာကြောင့် သမုဒယနဲ့အတူရှိနေတာလဲ" ဟုမေးသည်။





"ကျွန်မတို့က သားသမီးမှမရှိတာ သမုဒယလေးကို သမီးလေးလိုချစ်လို့ပေါ့"

အေး အဖြေ။

"ချစ်တာ ငါသိပါတယ်။ လက်လည်းလက်ခံပါတယ်။ ဒါပေမဲ့ ဒီနေ့က နင်တို့လင်မယား ထူးကိုထူးခြားနေတာ"

ကျွန်တော်နှင့်အေး တစ်ယောက်ကိုတစ်ယောက်ကြည့်မိကြ၏။

"ဒီလို မမထွေးရေ . . . မမထွေး ညီမက ကလေးလိုချင်လို့ တစ်ပိုင်းသေနေတာ။ အဲဒါ ညက အိပ်မက်ကောင်းမက်တယ်လေ။ ဒါကြောင့် ကလေးများရချင်လို့လားဆိုပြီး ဒီနေ့ ဘုရားသွားဆုတောင်း။ ပြီးတော့ သမုဒယလေးလို ချစ်စရာကလေးလေးရပါစေဆိုပြီး သမုဒယနဲ့ အတူနေကြတာ"

ကျွန်တော်က စာရေးဆရာပီပီ ဇာတ်လမ်းထွင် ပြောရပြန်ပါ၏။

မမထွေးက ရယ်လေသည်။

"နင်တို့ကတော့ ရူးပါ"

မမထွေးကို နှုတ်ဆက်ပြီးမှ သမုဒယလေးကို တစ်ကြိမ်ဝင်ကြည့်ကြသေးသည်။ သမုဒယလေးက ပြုံးပြုံးကလေး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသည်ကိုတွေ့မှ ကျွန်တော်တို့ စိတ်အေးစွာ ပြန်လာခဲ့ကြသည်။

လမ်းတွင် . . .

"၂၉ ရက်နေ့ ကုန်ဆုံးဖို့ နာရီပိုင်းပဲ လိုတော့တယ်၊ အမေလည်း နေကောင်းတယ်။ သမုဒယလေးလည်း အိပ်ပျော်သွားပြီ။ စိတ်ချရပြီ

www.burmeseclassic.com

www.burmeseclassic.com



ရပြီ'' ဟု အေးက ပြောသည်။

''အင်း'' ဟု ကျွန်တော်က သံရှည်နှင့် သဘောတူကြောင်း ပြောပြီး၎

''အဲဒီ နာရီပိုင်းလေးလည်း မောင်က စိတ်ပူနေသေးတယ်'' ဟု ပြောမိ၏။

''အေးတို့ ည ၁၂–နာရီ ကျော်မှ အိပ်ကြတာပေါ့''

''ကောင်းတယ်။ အိမ်မှာ ဘုရားရှိခိုး ပုတီးစိပ်ပြီး မေတ္တာပို့ရမယ်''

❀ ❀ ❀

□

ကျွန်တော်တို့ ဘုရားရှိခိုး၊ ပုတီးစိပ်၊ မေတ္တာပို့များ ပြီးဆုံးသောအခါ ည ၁၂နာရီကျော်ပြီး၍ ဆယ့်ငါးမိနစ်ပင် စွန်းသွားပါပြီ။

ကျွန်တော်တို့ ပင့်သက်ချပြီး အိပ်ရာဝင်ခဲ့ကြရ၏။

''တော်ပါသေးရဲ့မောင်ရယ်။ ၂၅ ရက်နေ့ ကျော်သွားပြီ။ သမုဒယ လေးရဲ့ ကံကြမ္မာက သံယောဇဉ်နဲ့ မတူတော့ဘူး''

''ဟုတ်တယ်အေး။ မောင်လည်း ခုမှအလုံးကြီးကျသွားတယ်။ ဪ . . . ဘုရား တရား ဂုဏ်ကျေးဇူးပါပဲ''

ကျွန်တော်တို့ မအိပ်မီ အပြန်အလှန်ပြောမိသော စကားဖြစ်သည်။ သို့တိုင် ရင်ထဲတွင် အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟူသော တရားတိုမမေ့လျော့။ သေခြင်းတရားကို ကျွန်တော်တို့ တားနိုင်ခဲ့သည်မှာ အမှန်ပဲလားဟု သံသယရှိနေဆဲ။

''ကဲ . . . အိပ်ကြစို့ အေးရေ . . . ။ မနက်စောစောထပြီး

www.burmeseclassic.com



တူမလေးဆီ သွားကြည့်ဦးမယ်"

"အင်း"

ကျွန်တော်တို့ ဇော်တော်နှင့် အိပ်မပျော်နိုင်သေးပါ။

နံနက်ပိုင်းသို့ တရွေ့ရွေ့ ကူးပြောင်းလာသည်အထိ အေးနှင့် ကျွန်တော်တို့ အိပ်ရာထဲမှာ တလူးလူး တလွန့်လွန့် ရှိနေခဲ့ကြ၏။

လေးနာရီထိုးခါနီးမှ ကျွန်တော်တို့ မှေးခနဲအိပ်ပျော်ခဲ့ကြသည်။

အိပ်ရာမှ ဖျတ်ခနဲနိုးချိန်တွင် နေရောင်ခြည်က ပြတင်းမှန်ချပ်များကိုဖြတ်ကာ ကျွန်တော်တို့ အိပ်ရာပေါ်သို့ ဖြာဆင်းနေပြီဖြစ်၏။ နာရီကိုကြည့်လိုက်တော့ ခုနစ်နာရီ လေးဆယ့်မိနစ်။

၂၅-၁-၂၀၀၆ ကိုကျော်၍ ၂၆-၁-၂၀၀၆ နေ့သစ်ကို ရောက်ခဲ့ပြီ။

နေ့ရက်ဆိုးကြီးတစ်ခုကို ကျွန်တော်တို့ ဖြတ်ကျော်နိုင်ခဲ့ကြပြီ။

အေးနှင့် ကျွန်တော်တို့ အိပ်ရာမှထကာ ရေမိုးချိုးပြင်ဆင်နေမိကြ၏။ သမုဒယလေးအား နေ့သစ်နှင့်အတူ ကျွန်တော်တို့ သွားရောက်တွေ့ဆုံရန်ဖြစ်သည်။

ထိုအချိန်တွင် ဖုန်းမြည်လာသည်။

ဖုန်းသံကြောင့် ကျွန်တော့်ရင်ထဲ ထိတ်ခနဲ ခုန်သွားသလို အေးသည်လည်း မျက်နှာဖြူဖျော့သွားသည်။

ကျွန်တော်သည်ပင် ဖုန်းကို မရဲတရဲ ကိုင်လိုက်ရ၏။

"ဟဲလို"

"မောင်လေးလား။ ညီမလေးရော"



မမဦး အသံဖြစ်၏။ မမထွေးအသံ မဟုတ်သောကြောင့် သမုဒယနှင့် မပတ်သက်ဟု၍ ကျွန်တော် နည်းနည်းစိတ်အေးသွားသည်။

"ရှိတယ် မမဦး။ ဘာကိစ္စရှိလို့လဲ"

"အခုမမဦး ဆေးရုံက ဖုန်းဆက်တာ။ မေမေ ခုမနက် အိပ်ရာကအထမှာ မူးလဲသွားလို့ ဆေးရုံပို့ထားတယ်။ သိပ်တော့ စိတ်မပူကြပါနဲ့။ အခုသက်သာနေပါပြီ။ မမဦးတာ မောင်လေးနဲ့ ညီမလေး စိတ်ပူကြမှာစိုးလို့ ဖြစ်ဖြစ်ချင်းဖုန်းမဆက်တာ။ ဖြည်းဖြည်းမှပဲ လာခဲ့ကြ။ ဟုတ်လား"

"ဟုတ်ကဲ့ မမဦး"

မမဦးက 'ဖြည်းဖြည်းပဲလာ' ဟုဆိုသော်လည်း ကျွန်တော်တို့ လင်မယား အသော့နှင်တာ အထူးကုဆေးရုံဆီသို့ အငှားကားဖြင့် ရောက်သွားကြသည်။ ကျွန်တော်တို့ ရောက်သွားသောအခါ မိခင်ကြီးကို ထူထူထောင်ထောင် တွေ့ရသဖြင့် စိတ်အေးသွားရ၏။

"ညက အိပ်မပျော်လို့နဲ့ တူပါတယ်ကွယ်။ သွေးကလည်းနည်းနည်းတက်နေတယ်တဲ့"

မိခင်ကြီးတပင် ရယ်ရယ်မောမော စကားပြောလေသည်။

ထိုအခိုက်မှာ မမထွေးရောက်လာ၏။

"အင်း . . . အမေ့သမီးတွေက အမေကို ချစ်ရှာကြတာပဲ။ အမေနေမကောင်းဘူးဆို အပြေးရောက်လာတာပဲ"

မိခင်ကြီးက ကျေနပ်ခြင်းများစွာဖြင့် . . .

"မမထွေး . . . သမုဒယ နိုးပြီလား"

အေးက မမထွေးနားကပ်ကာ မေးသည်။

www.burmeseclassic.com



"နိုးပြီ . . . ကျောင်းသွားဖို့ပြင်နေတယ်"

အေးက အမောပြေသွားဟန်ဖြင့် ကျွန်တော့်ကို လှမ်းကြည့်သည်။ သမုဒ္ဒယအတွက် ကျွန်တော်တို့ စိတ်ချသွားကြပြီ။

ဘယ်မှာလဲ သံယောဇဉ်နှင့် ထပ်တူကျသော ဘဝဝက်ကြမ္မာ။

ဘယ်မှာလဲ ၁၀ နှစ်တိတိမှာလည့်လာသော ဘဝဝက်ကြမ္မာ။

ဘယ်မှာလဲ ကြမ္မာရဟတ်။

❁ ❁ ❁

▢

ဆေးရုံမှ မမထွေးနှင့် ကျွန်တော်တို့လင်မယား ပြန်ဆင်းလာကြ၏။ မမဦးကတော့ ဆေးရုံမှာပင် စောင့်နေရစ်ခဲ့သည်။

"ကဲ . . . ညီမလေးနဲ့ မောင်လေးက ဘယ်သွားမှာလဲ၊ အိမ်ပြန်မှာလား"

မမထွေးက မေးသည်။

"ဟင့်အင်း . . . မမထွေးတို့ အိမ်ကို လိုက်မယ်။ သမုဒ္ဒယလေးကိုတွေ့ပြီး ဂုဏ်ပြုချင်တယ်"





အေး၏ စကား။

"ဘယ်လို . . . သမီးကို ဂုဏ်ပြုမယ် . . . ဘာကြောင့်လဲ"

မမထွေး၏ အံ့အားတသင့်အမေး။

"ကဲပါ . . . ဒီအကြောင်းတွေ ညီမလေး ပြောပါ့မယ်။ လာ အိမ်သွားကြမယ်"

မမထွေး၏ ကားပေါ်တက်ရင်း အေးက ပြောသည်။ ကျွန်တော်ကလည်း အေးကို မတားတော့။ ယခုအချိန်ကျမှ မမထွေးကို ပြောလျှင်လည်း ဘာပြဿနာမှ မရှိနိုင်တော့ပြီ။

မမထွေးက ကားမောင်းနေစဉ် အေးက သံယောဇဉ်နှင့် သမုဒ္ဒယတို့၏ ဘဝဝက်ကြမ္မာ ဆက်နွယ်တိုက်ဆိုင်မှုများကို ပြောပြသည်။ အစမှအဆုံး။ ယနေ့ ၂၉-၁-၂၀၀၆ နေ့ထိ။

မမထွေးမျက်လုံးတွေ ဝိုင်းဝိုင်းလည်လျက်။

"ဒါကြောင့် နင်တို့လင်မယား မနေ့က ဗျာများနေတာကိုး"

အဆုံးကျမှ မမထွေး ပင့်သက်မောနှင့်အတူ မှတ်ချက်ချ၏။

"အင်း . . . ဘာပဲပြောပြော ဒီအခြေအနေကို ကျော်လွှားနိုင်ခဲ့တာ တကယ့်ကို ဂုဏ်ယူစရာပဲ။ ဒါပေမဲ့ ရှေ့ဆက်ပြီးတော့ ငါတို့ ဂရုစိုက်ဖို့တော့ လိုဦးမယ်ထင်တယ်"

"ဒါပေါ့ မမထွေးရဲ့။ မမထွေးလည်း ဂရုစိုက်ပါ။ ကျွန်တော်တို့လည်း ဝိုင်းပြီးဂရုစိုက်မှာပေါ့"

မမထွေး၏ ကားခြံဝင်းထဲသို့ ကွေ့ဝင်လာကာ တိုက်ရှေ့သို့ ထိုးရပ်လိုက်လျှင် အိမ်ဖော်အဒေါ်ကြီး ပြေးဆင်းလာသည်။

"ဒေါ်ကြီး . . . သမီးကျောင်းသွားပြီလား"



www.burmeseclassic.com

www.burmeseclassic.com



မမထွေးက လှမ်းမေးသည်။

မျက်ရည်များဖြင့် ငိုရှိုက်နေရင်း အိမ်ဖော်ဒေါ်ကြီးညွန့် ဘာမျှ ပြန်မပြောနိုင်။ ကျွန်တော်တို့ စိတ်ပူသွားကြသည်။ ကားပေါ်မှ အလု အယက်ပြေးဆင်းကာ တိုက်ထဲသို့ ပြေးဝင်သွားမိကြ၏။ ရင်ထဲက အပူမီး များကြောင့် ဘာကိုမျှ သတိမထားနိုင်ကြတော့။

ဧည့်ခန်း၊ အိပ်ခန်းတို့တွင် သမုဒယကို မတွေ့။

"သမီးလေး . . . သမီးလေး"

"သမုဒယရေ . . . သမုဒယ . . ."

နောက်ဆုံး . . .

ရေချိုးခန်းအတွင်း . . .

ရေစိမ်ကန်အတွင်းမှာ . . .

ရေအပြည့်ဖြင့် . . .။

"ဆရာကတော် ဆေးရုံထွက်သွားပြီးမှ သမီးလေးက ရေချိုး မယ်ဆိုပြီး ရေချိုးခန်းထဲဝင်သွားတာ။ သူ့ဘာသာ ကန်ကိုရေဖြည့်ပြီး ဝင်စိမ်တာနေမှာပါပဲ။ ကျွန်မက ကြာလို့ စိုးရိမ်ပြီး ရေချိုးခန်းတံခါး ဖွင့်ဝင်လိုက်တော့ . . ."

* * *

(၇)

အေး၏ အိပ်မက်ထဲမှာ သမုဒယလေးရောက်လာပြီး "သမီး သီတီလေးဆီမှာနေမယ်"ဟု ပြောခဲ့သည်။ စိတ်စွဲမှုကြောင့်လားဟု ကျွန်တော်တို့ တွေးခဲ့ကြ၏။

ယခု အေးမှာ ကိုယ်ဝန်ရှိနေခဲ့ပြီ။

တကယ်ပင် သမုဒယလေး ဝင်စားလာသည်လားဆိုသည်ကို တော့ မွေးလာမှ သိခွင့်ရကြပေတော့မည်။

သမုဒယလေးဖြစ်ပါစေ။ သို့သော် ကြမ္မာရဟတ်ဖြင့်မှ ကင်းဝေး ပြီးပြတ်သွားပါစေဟု ကျွန်တော်တို့ ဆုတောင်းနေမိကြပါ၏။

* * *

◆ သိဟာထိပ်တင်တော

www.burmeseclassic.com

www.burmeseclassic.com




# ယုံရခက်ခက် ကြုံရချက်

(၁)

(၂၈. ၁၁. ၂၀၀၈) ရက် သောကြာနေ့တွင် ကျွန်ုပ်တို့အဖွဲ့ မြည်ြို့သို့ ဘုရားဖူးနှင့်လေ့လာရေးခရီး ထွက်ခဲ့ကြသည်။ ကျွန်ုပ်တို့အဖွဲ့ ဆိုရာတွင် ကျွန်ုပ် စာရေးဆရာဗောင်မှူးကြီးသိန်းဝင်း၊ စိတ်ကူးသစ် ာပေမှ ထုတ်ဝေသူကိုတင်ထွန်း (နုတ်လှူဦး)၊ မောင်ညှိုမိုး (သန့်လျှင်) ှင့် ဆရာနေ့စိုးဟော်တို့ဖြစ်ကြသည်။

ရန်ကုန်မှ ခရီးသည်တင်အမြန်ကားကြီးဖြင့် မနက် (၁၀) နာရီ ွင် ထွက်ခဲ့ကြရာ လက်ပံတန်းမြို့သို့ နေ့လယ် (၁၂း၃၀) နာရီရောက် သဖြင့် ကားကြီးရပ်နားရာ ဖောက်သည်ထမင်းဆိုင်တွင် စားကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်မှာ ကြီးမားသော်လည်း လက်ရာအလွန်ညံ့သည်။ ဝန်ဆောင်မှု...
လည်း မကောင်း။ သို့သော် လေးယောက်ထမင်းစားရာ ရှစ်ထောင်ကျ...
ခန့်တော့ ကျသည်။

နေ့လယ်စာစားပြီးနောက် ပြန်ထွက်လာရာ ပေါင်းတည်...
ကုန်း၊ ရွှေတောင်ကိုကျော်တော့ ပြည်မြို့သို့ ဝင်လာသည်။ ပြည်မြို့...
အလွန်ကျယ်ပြန့်သော မြို့ကြီးဖြစ်ပေသည်။ ယခင်ရောက်စဉ်များကနှ...
မတူတော့။ အလွန်ခမ်းနားစည်ကားနေသည်။ ဆိုင်ကယ်အမျိုးမျိုး ထော...
ရာဂျီယာဉ်နှင့် သုံးဘီးဆိုင်ကယ်နောက်တွဲယာဉ်များက ပေါများလှသည်...
ထုံးစံမပျက် ဆိုက်ကားယာဉ်များစာလည်း ရှိသေးသည်။ ကျွန်ုပ်တို့လေ...



အဝေးပြေးကားဂိတ်မှ တည်းခိုခန်းသို့





ဆိုက်ကားအနေးယာဉ်ကို ရွေးလိုက်ကြပြီး ပြည်မြို့ရွှေဆံတော်ဘုရားနှင့် အနီးဆုံး တည်းခိုခန်းကောင်းကောင်းတစ်ခုသို့ ပို့ဆောင်ရန် ဆိုက်ကားဆရာအားပြောရာ ဆိုက်ကားဆရာက နှစ်မိုင်ကျော်ခန့်ခရီးကိုနင်းပြီး ရွှေဆံတော်ဘုရားအနီးမှ 'ရွှေပြည်' ဟူသော တည်းခိုခန်းသို့ ပို့ဆောင်ပေးသည်။ ဆိုက်ကားခကိုလည်း လူလေးဦးမှ ၁၅၀၀ ကျပ်ပဲယူသည်။ အလွန်လည်းဖော်ရွေသူများ ဖြစ်ကြသည်။

တည်းခိုခန်းအရောက်တွင် ကျွန်ုပ်ကဆိုက်ကားဆရာအား . .

"ဆိုက်ကားဆရာ . . . ဒီနားမှာ ပြည်ထောင်ကု ပင်စင်ယူပြီး ဆိုင်ကယ်အရောင်းဆိုင်ဖွင့်ထားတဲ့ ထောင်ပိုင်ကြီးဦးမြင့်အောင်ကို သိပါသလား"

"သိပါတယ်ဆရာ။ သူ့ဆိုင်က မြို့ထဲမှာပါ။ ဆိုင်ကယ်ရှောင်မက အပိုပစ္စည်းလည်း ရောင်းပါတယ်။ နာမည်ကြီးပဲ ဆရာ။ သူနေတဲ့အိမ်ကတော့ 'မင်းပေါင်းစုတည်' ဘုရားနားမှာပါ ဆရာ။ နည်းနည်းတော့လှမ်းတယ်။ ကျွန်တော်ဘာလုပ်ပေးရမလဲ ဆရာ"

"ကျွန်တော် စာတစ်စောင်ရေးပေးလိုက်မယ်။ သွားပို့ပေးပါဗျာ။ သူက ကျွန်တော်တို့ကို ဖိတ်နေတာ ကြာပြီ။ အခုလည်း သူ့လိပ်စာနဲ့ဖုန်းနံပါတ် မေ့ကျန်လာခဲ့လို့ ခင်ဗျားကိုအကူအညီတောင်းတာပါ။ ဆိုက်ကားခ ၅၀၀ ကျပ်လည်း ယူသွားပါဦး။ ဒီစာကလေးကိုတော့ ရောက်အောင်ပို့ပေးပါ"

"စိတ်ချပါ ဆရာ။ ကျွန်တော်ရောက်အောင်ပို့ပေးပါ့မယ်"

"ကျေးဇူးပဲဗျာ။ ကျွန်တော်တို့ စောင့်နေပါတယ်လို့ ပြောပေးပါ"

ကျွန်တော်တို့အဖွဲ့ 'ရွှေပြည်' တည်းခိုခန်းအပေါ်ထပ် လေး

www.burmeseclassic.com



ယောက်တွဲအခန်းကိုယူ၍ မစွည်းများနေရာချပြီး ခေတ္တနားကြသည်။ ပြီးနောက် တစ်ယောက်စီရေချိုးကြသည်။ ပြည်မြို့မှာ သစ်ပင်ပေါများလှသဖြင့် စိမ့်အေးနေသည်။ ရေချိုးပြီးနောက် ကျွန်ုပ်တို့ အဝတ်အစားလဲ၊ အနွေးထည်ဝတ်ကာ ဘည်းခိုခန်းတွင် လက်ကိုင်ဖုန်းနံပါတ်ပေး၍ မြင်းစီးကြေးရုပ်ကြီးဆီသို့ လမ်းလျှောက်ထွက်ခဲ့ကြသည်။

ပြည်မြို့လမ်းများမှာ ကျယ်ဝန်းသော်လည်း ဆိုင်ကယ်များက ဥဒဟိုဖြတ်သန်းနေ၍ အတော်သတိထားရသည်။ မြို့လယ်ကြေးရုပ်ကြီးအနီးရောက်တော့ သစ်သီးတန်းဘက်သို့ ဖြတ်ကူးကြပြီး စာအုပ်ဆိုင်များဘက်သို့ သွားကြသည်။ ထိုတွင် ကိုတင်ထွန်း (စိတ်ကူးသစ်စာအုပ်တိုက်) ၏ စာအုပ်ဖြန့်ဖြူးသောဆိုင်များ ရှိသည်။ ကျွန်ုပ်တို့ 'နေစေး' စာအုပ်ဆိုင်သို့ရောက်တော့ ဆိုင်ရှင်လူငယ်က ဝမ်းသာအားရဖိတ်ခေါ်သည်။ စာအုပ်ဆိုင်ထဲတွင် ကျွန်ုပ်တို့ရေးသော စာအုပ်များကိုအတော်များများတွေ့ရသည်။

ဆိုင်ရှင်က ညစာကျွေးရန် စီစဉ်နေသဖြင့် စောင့်ဆိုင်းနေစဉ် ဖုန်းဝင်လာသည်။ ထောင်ပိုင်ကြီးဦးမြင့်အောင်ထံမှဖြစ်သည်။ ကျွန်ုပ်နှင့် စကားပြောရာ လိုက်လာချင်သဖြင့် လိပ်စာအညွှန်းကို ပြောလိုက်ရသည်။

ကျွန်ုပ်တို့ ဦးမြင့်အောင်အား ဆိုင်ဖြင့်ထွက်၍ စောင့်ဆိုင်းနေကြစဉ် ရထားဥဩသံကြားကြရပြီး ဘူတာဝင်းဘက်မှ ရထားခေါင်းတွဲကြီး ကြေးရုပ်ကြီးအနီး ကားလမ်းကိုဖြတ်၍ မီးထိုး ဥဩဆွဲ၍ ထွက်လာသည်။ ကားများ၊ ဆိုင်ကယ်များ အကုန်ရပ်ကုန်သည်။ ရထားဦးထည်ရာမှာ စားသောက်ဆိုင်ကလေးများဖိတ်နေသဖြင့် ကျွန်ုပ်တို့အတော်စိုးရိမ်သွား





ကြသည်။ သို့သော် ဆိုင်ကလေးများက ဖယ်မပေး။ အရောင်းအဝယ်မပျက်ကြပါ။

ဆိုင်လေးများအနီးတွင် ရထားခေါင်းတွဲကြီး ရပ်သွားပြီး နောက်ပြန်ဆုတ်သွားသည်။ ရထားခေါင်းတွဲ ရှန်တိန်လုပ်ခြင်းဖြစ်ပေသည်။ ရထားခေါင်းတွဲကြီး နောက်ဆုတ်သွားတော့ ဆိုက်ကားတစ်စီးဖြင့် ဦးမြင့်အောင်ရောက်လာသည်။

ကျွန်ုပ်တို့ အစေးကပင် လက်ဖြန့်တိဆက်ကြသည်။ မတွေ့ရသည်မှာ ကြာပြီဖြစ်သော အကျဉ်းဦးစီးဌာနမှ မိတ်ဆွေဟောင်းများဖြစ်ကြသည်။

ဦးမြင့်အောင် . . .

"ဦးသိန်းဝင်းရေ . . . ကျွန်တော် အလုပ်များနေလို့ နည်းနည်းနောက်ကျသွားတယ်ဗျာ။ ကဲ . . . လာကြဗျာ။ စားသောက်ဆိုင်မှာထိုင်ရင်း စကားပြောကြရအောင်ပါ"

ကျွန်ုပ် . . .

"ဦးမြင့်အောင်ရေ . . . ဒီနေ့တော့ သည်းခံဗျာ။ ဒီ 'နေစေး' စာပေက မိတ်ဆွေတွေက ညစာကျွေးမှာမို့ပါ။ စကားလည်းပြောရအောင် ဆရာလည်း လိုက်ခဲ့ပါ။ ဪ . . . မိတ်ဆက်ပေးဦးမယ်။ ဒီဆရာက ကျွန်တော် တို့ထုတ်ဝေသူ New Idea (စိတ်ကူးသစ်စာပေ) က ဦးတင်ထွန်း။ ဒီဆရာက ဆရာနေဝိုးသော်၊ သူကတော့ သရဲတစ္ဆေနဲ့ဂမ္ဘီရစာတွေရေးသူ မောင်ညိုမှိုင်း (သန်လျင်) ပါ"

ဦးမြင့်အောင် . . .

"တွေ့ရတာ ဝမ်းသာလိုက်တာဗျာ။ ကျွန်တော်မျှော်နေတာ

www.burmeseclassic.com



ကြာပါပြီ။ ဆရာတို့ ပြီးခဲ့တဲ့လကတည်းက လာမယ်ထင်နေတာ။ ကျွန်တော် ဖုန်းသုံးကြိမ်တောင်ဆက်ပြီး ဖိတ်တာပါ။ နောက်ဆုံးအကြိမ်က ဆရာဦးသိန်းဝင်းဖုန်း ဆရာမကြီးဒေါ်ခင်မြကြွယ်နဲ့ တွေ့ပါတယ်။ ဆရာတို့ ဘာနဲ့လာကြတာလဲ"

ကိုတင်ထွန်း . . .

"ကျွန်တော်တို့ အဝေးပြေးကားကြီးနဲ့ လာကြတာပါ။ ဆရာ့ကိုလည်း ဒုက္ခမပေးချင်လို့ ရွှေပြည်တည်းခိုခန်းမှာ တည်းတာပါ"

ဦးမြင့်အောင် . . .

"ဖုန်းဆက်လိုက်ရောပေါ့ ဆရာရယ်။ ကျွန်တော်လာကြိုမှာပေါ့။ အဝေးပြေးဂိတ်က ကျွန်တော့်အိမ်နဲ့ နီးပါတယ်။ အိမ်မှာ ကားတွေလည်း



တည်းခိုခန်းသို့လာရောက်ခေါ်ဆောင်သော (ထောင်ပိုင်ကြီး-ငြိမ်း)ဦးမြင့်အောင်



ပါတယ်။ တည်းခိုခန်းမှာ မတည်းပါနဲ့တော့။ တစ်ခါတည်း ကျွန်တော့်အိမ် တည်းပါ။ ကျွန်တော့်အမျိုးသမီးကလည်း ဆရာတို့စာဖတ်ပရိသတ်မို့ နော်တော့်အိမ်မှာ တည်းဖို့ဖို့ဖို့နဲ့ ညစာပါ အသင့်ပြင်ဆင်ထားပါတယ်။ ကိုက်ခဲ့ကြပါနော်"

ကိုတင်ထွန်း . . .

"ဆရာဦးမြင့်အောင်ရေ . . . ဒီညတော့ သည်းခံပါ။ တည်းခိုခန်း လည်း ငှားပြီးပြီ၊ ညစာကိုလည်း 'နေဇေး' စာဖေဖာ စီစဉ်ပြီးပြီဆိုတော့ ဆက်ဖြစ်မှပဲ ဆရာ့ဆီ လာပါရစေ။ ဒီညတော့ ကျွန်တော်တို့နဲ့ ညစာစား စကားပြောကြတာပေါ့နော်"

ကျွန်ုပ်တို့အဖွဲ့ 'နေဇေး' စာဖေအနီးရှိ စားသောက်ဆိုင်တွင် ကြသည်။ ဆရာဦးမြင့်အောင်မှာအကျဉ်းဦးစီးဌာနတွင် ကျွန်တော် အပတ်စဉ်ထက် နောက်ကျသည်။ ယခု အငြိမ်းစားယူပြီးနောက် ကျော်ပြည်နှင့်ဆက်၍ ဆိုင်ကယ်အရောင်းအဝယ်လုပ်နေရာ အတော် ဆင်ပြေနေပြီဖြစ်သည်။

ည (၉) နာရီခန့်တွင် စားသောက်ပြီး၍ ကျွန်ုပ်တို့ တည်းခိုခန်းသို့ ပြန်လျှောက်ပြန်ကြသည်။ ဦးမြင့်အောင်က တည်းခိုခန်းအထိလိုက်လာ မနက်ဖြန်မနက် (၈) နာရီတွင် လာခေါ်မည်ဖြစ်ကြောင်း ချိန်းဆို၍ သွားသည်။

ကျွန်ုပ်တို့ ရေချိုးနှာသစ်၊ ခြေလက်ဆေးပြီး အိပ်ရာဝင်ကြတော့ လုံခြုံစွာပိတ်ထားသော တည်းခိုခန်းအတွင်း ခြင်များက ဝင်နေသည်။ ထားသောအညာစောင်က ငါးပေခန့်သာရှည်၍ ကျွန်ုပ်တို့မျက်နှာ အား မဖုံးနိုင်။ ခရီးပန်းလာ၍ ခြင်ကိုက်သော်လည်း အိပ်ပျော်ကြ

www.burmeseclassic.com



သည်။ သို့သော် မကြာခဏ ခြင်ကိုက်၍ နိုးကြသည်။ မနက် (၄) နာရီခွဲ နိုးကြသည်။ ပြန်အိပ်သော်လည်း အိပ်၍မပျော်တော့။ မနက် (၅) နာရီခွဲ ဘုရားဝတ်ပြု၊ ပုတီးစိပ်ပြီးနောက် ကြေးရုပ်ကြီးအနီးရှိဆိုင်တွင် မနက်စာ စားကြသည်။

ပြီးနောက် ရွှေသံတော်ဘုရားပေါ်သို့ တတ်လှေကားဖြင့်မတက်



ပြည်ရွှေသံတော်ဘုရားပေါ်သို့တက်ရသောင်းတန်း

ဘဲ ရှုနိုးလှေကားဖြင့် တက်ကြသည်။ ကျွန်ုပ်တို့ဘုရားပေါ်ရောက်တော့ လှေကားထိပ်တွင် သောကြာထောင့်ဂြိုဟ်တိုင်ကိုမြင်ရသဖြင့် သောကြာ သား ကျွန်ုပ်အတွက် အဆင်ပြေစွာ ဘုရားဝတ်ပြုရတော့သည်။

ကျွန်ုပ် ဘုရားဝတ်ပြုအပြီး အမှုအတန်းဝေနေစဉ် နံဘေးနား



မှ သာဓုခေါ်သံနှင့်အတူ တောစံပယ်ပန်းရနံ့အား ကျွန်ုပ်၏ဂန္ဓာအာရုံတွင် ထင်ဟပ်လာသည်။ ကျွန်ုပ်၏အနီးတွင် တစ်လံကွာလောက်ကထိုင်နေ သော အမျိုးသမီးငယ်တစ်ဦးအား တွေ့ရသည်။ အစိမ်းရောင်ဝတ်စုံ အပြင် လည်ဆွဲ၊ လက်ကောက်၊ နားကပ်များမှာ အစိမ်းရောင်ဖြစ်သည်။ ကျွန်ုပ် တန်ဆောင်းအတွင်း လှည့်ပတ်ကြည့်သော်လည်း တစ်စုံတစ် ယောက်မျှ မရှိပါ။ အတက်တုန်းကပင် ကျွန်ုပ်ဒုံးနာနေ၍ နောက်ကျန် နေခဲ့ရာ ကျွန်ုပ်တို့အဖွဲ့ ဘယ်ရောက်သွားသည်လည်း မသိ။ ကျွန်ုပ် ထပြန်မည်အလုပ် နံဘေးမှအမျိုးသမီးမှာ ဘုရားဦးချပြီး ကျွန်ုပ်အား ပြုံးပြ၍ ရင်ပြင်တော်ပေါ်မှ ခရေပင်ကြီးဆီသို့ ထွက်သွားသည်။

ကျွန်ုပ် ဘုရားရင်ပြင်တော်အား တစ်ပတ်ပတ်ရန် စိတ်ကူးမိ သော်လည်း နာရီအားကြည့်မိရာ (၅း၄၅) နာရီရှိပြီဖြစ်သဖြင့် ထောင်ပိုင် ကြီးဦးမြင့်အောင်နှင့် မနက် (၈) နာရီတွင် ချိန်းဆိုထားသည်ကို သတိရမိ သောကြောင့် တည်းခိုခန်းသို့ ဒရောသောပါးပြန်ပြေးလာရတော့သည်။

တော်ပါသေးသည်။ တည်းခိုခန်းရှေ့ရောက်တော့ မနက် (၈) နာရီတိတိ။ ဆရာဦးမြင့်အောင် မရောက်သေးပါ။ တစ်ဦးတည်းဖြစ်၍ တည်းခိုခန်းထဲမဝင်တော့ဘဲ တည်းခိုခန်းရှေ့ခရေပင်ရိပ်ထိုင်ခုံတွင် ထိုင် ၍စောင့်နေမိသည်။

ခရေပန်းရနံ့ရမှ ဘုရားပေါ်က အစိမ်းရောင်အမျိုးသမီးကို သတိရမိတော့သည်။ တောစံပယ်ပန်းမှာ မြို့ပေါ်တွင်ရှိနိုင်ခဲသည်။

ကျွန်ုပ် အမှုဝေ၍ သာဓုခေါ်သွားသောအမျိုးသမီးမှာ မည်သူ နည်း။ ကြေချပ်တမျှ ချောမောလှပသူကလေးဖြစ်၍ ကျွန်ုပ်၏မျက်စိထဲ တွင် တရေးရေးမြင်ယောင်မိတော့သည်။

www.burmeseclassic.com





စာမေးကိုချစ်သော (ထောင်ပိုင်ကြီး-ငြိမ်း) ဦးမြင့်အောင်နှင့်အတူ

မနက် (၈း၁၀) နာရီတွင် ဦးမြင့်အောင် Super saloon ကားဖြူကလေးဖြင့် ရောက်လာသည်။ ကားကို သူ့သားဖြစ်သူက မောင်းလာခြင်းဖြစ်သည်။

ဦးမြင့်အောင် . . .

"ဦးသိန်းဝင်းရေ . . . နည်းနည်းနောက်ကျသွားတယ်ဗျာ။ ကားဆီဖြည့်နေရလို့ပါ"

ကျွန်ုပ် . . .

"ရပါတယ်ဗျာ . . .။ ကျွန်တော့်အဖွဲ့တွေတောင် ဘုရားပေါ်က ပြန်ဆင်းမလာကြသေးပါဘူး။ ကျွန်တော်က ဆရာဦးမြင့်အောင်နဲ့ မနက်



(၈) နာရီချိန်းထားတာ သတိရလို့ အမြန်ပြန်ဆင်းလာခဲ့တာပါ"

ဦးမြင့်အောင် . . .

"ကဲ . . . အဲဒါဆိုရင်လည်း ပစ္စည်းတွေသိမ်းတော့ဗျာ။ ကျွန်တော့်အိမ်မှာ ကျွန်တော်နဲ့ ကျွန်တော့်ဇနီးပဲရှိတာ။ ဧည့်ခန်းသပ်သပ်လည်း စီစဉ်ထားပါတယ်။ အခုပါလာတဲ့သားက အိမ်ခွဲနေတာပါ။ ကျွန်တော့်အိမ်က လွတ်လပ်ပြီး ကျယ်ဝန်းပါတယ်"

ကျွန်ုပ် ပစ္စည်းများသိမ်းဆည်းနေစဉ် ကိုညိုမှိုင်းတို့အုပ်စုလည်း ပြန်ရောက်လာကြသဖြင့် ပစ္စည်းများအား ကားပေါ်တင်သည်။

ကိုတင်ထွန်း . . .

ဆရာဦးသိန်းဝင်းက ဘယ်လို့ပျောက်သွားတာလဲ။ ကျွန်တော်တို့လည်း ဘုရားပေါ်မှာ တတ်ပုံလျှောက်ရိုက်ရင်း ထူးဆန်းတဲ့အဘွားကြီးတစ်ဦးနဲ့တွေ့လို့ ကြာသွားတာပါ။ မျက်စိမမြင်ပေမယ့် ရှေ့ဖြစ်နောက်ဖြစ်တာတွေ အလွန်မှန်တယ်ဗျာ။ ဘုရားပေါ်မှာ ဆရာ့ကို ရှာပါသေးတယ်။ နောက်မှ ထောင်ပိုင်ကြီးဦးမြင့်အောင်နဲ့ မနက် (၈) နာရီချိန်းထားတာ သတိရတာနဲ့ ပြန်ဆင်းပြေးလာခဲ့ကြတာ။ ကျွန်တော်တို့အဖွဲ့တွေက စောစပ်သချာပြီး တော်ကြပါပေရဲ့ဗျာ"

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

(၂)

ကျွန်တော်တို့ ပစ္စည်းများအား ဦးမြင့်အောင်၏ကားအဖြူလေး နောက်ခန်းထဲ ထည့်ကြသည်။ ပြီးနောက် တည်းခိုခန်းတွင် ငွေရှင်းပြီး ထွက်ခဲ့ကြတော့သည်။ ဦးမြင့်အောင်တို့မိသားစုမှာ ကျွန်ုပ်တို့၏စာဖတ် ပရိသတ်လည်းဖြစ်ပေသည်။

ကျွန်ုပ်တို့ကားလေး 'မင်းပေါင်းစုတည်' ဘုရားအနီးရှိ အောင်ဆန်းပြည်သာယာရပ်ကွက် ဦးမြင့်အောင်၏အိမ်သို့ ရောက်ကြသည်။ ဦးမြင့်အောင်၏ဇနီး ဆရာမကြီး (သူနာပြုဆရာမကြီး) ဒေါ်ချိုကလည်း



လိုက်လံရှာဖွေကြိုသည်။

ဦးမြင့်အောင်၏တိုက်မှာ ဆောက်လက်စဖြစ်သော်လည်း မြေညီထပ်မှာ ပြီးစီးပြီဖြစ်၍ ကျွန်ုပ်တို့အား အလွန်ကောင်းမွန်ခမ်းနားသော Aircon တပ်ထားသောညေ့်ခန်းတွင် နေရာပေးသည်။ ရေချိုးခန်းနှင့် အိမ်သာလည်း တွဲလျက်ပါရှိသည်။ ကိုရီးယားစတိုင် ဆိုဖာမွေ့ရာထူကြီး များကိုလည်း ခင်းကျင်းထားသည်။ တီဗီနှင့်အောက်စက်ကိုလည်း အသင့် ဖွင့်ဆင်ထားသည်။

ကျွန်ုပ်တို့အား ခေတ္တအနားယူနိုင်းသဖြင့် လေအေးခန်းထဲတွင် လဲလျောင်းအနားယူကြရသေးသည်။ ပြီးနောက် ရေချိုးကြသည်။ ရေချိုး ခန်းထဲ၌လည်း ဆပ်ပြာနှင့်သွားတိုက်ဆေး အဲကောင်းစားအသစ်များကို ဖွင့်ဆင်ထားပေးသည်။

ရေချိုးပြီးသည်နှင့် ကော်ဖီပူပူလေးတိုက်သည်။ ယခုမနက်ခရီး စဉ်အား ကျွန်ုပ်အဆိုပြုထားသည့်အတိုင်း ပြည်မြို့မှ (၁၆) မိုင်ဝေးသော ဝက်ထီးကန်သို့ သွားရောက်လည်ပတ်လေ့လာရန်ဖြစ်သည်။ 'ဝက်ထီးကန် တိုက်ပွဲ' မှာ မြန်မာ့သမိုင်းတွင် အထင်ကရဖြစ်ပေသည်။ လမ်းမှာ ကြမ်း သဖြင့် ဦးမြင့်အောင်က Super Saloon ကားအစား ဒီဇယ်ဂျစ်ကားကို အသုံးပြုသည်။ ဆီဆိုကုန်းလမ်းအတိုင်းလာပြီး တီတွတ်လမ်းဆုံကို ရောက်တော့ မြောက်နဝင်းဆည် မြောင်းလမ်းအတိုင်း အတွင်းသို့ဝင်လာ သည်။ အင်တောခင်းလမ်းဖြစ်သည်။

ဝက်ထီးကန်ရွာထဲရောက်တော့ ယခင်ဆယ်နှစ်ခန့်က ကျွန်ုပ် ရောက်ဖူးသည်နှင့် မတူတော့။ ခမ်းနားထည်ဝါသောတိုက်ကြီးများနှင့် ဈေးဆိုင်၊ စားသောက်ဆိုင်များကို ခမ်းနားစွာမြင်တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com






တိုးတက်နေသော ဝက်ထီးကန်မြို့အလှ

ကျွန်ုပ်၏ငယ်ပေါင်းသူငယ်ချင်း လူမှုဝန်ထမ်းဌာနမှ ဦးကျော်
စိန်ဝင်းအိမ်တိုဝင်၍ သူ့ဇနီးအား နှုတ်ဆက်သည်။ ပြီးနောက် သူ
ယောက္ခမ ဦးစိန်ဟန်၏အိမ် (ဆီစက်) သို့ ဝင်သည်။ ကျွန်ုပ်မရောက်တာ
ကြာသော်လည်း မှတ်မိကြသည်။ ရန်ကုန်တွင်ရောက်နေသော သူငယ်
ချင်းဦးကျော်စိန်ဝင်းကလည်း ဖုန်းဆက်ထားသဖြင့် မျှော်နေကြောင်
လိုက်လှဲစွာကြိုဆိုကြသည်။

ကျွန်ုပ်တို့ ထိုအိမ်တွင် ကော်ဖီသောက်ရပြန်သည်။ ကျွန်ုပ်တ
ကလည်း အသင့်ပါလာသည့်ဝတ္ထုစာအုပ်များအား လက်မှတ်ထိုး၍ အမှတ်
တရပေးခဲ့သည်။







ဝက်ထီးကန်မြင်ကွင်း

ပြီးနောက် ဝက်ထီးကန်ရှိ ထင်ရှားသောနေရာများအားထွက်ခဲ့ရာလမ်းတွင်ရှိသည့် စာပေမိတ်ဆွေဦးမြင့်ဦးအိမ်သို့ဝင်ကြရာ ဦးမြင့်ဦးကလည်း လှိုက်လှဲစွာကြိုဆိုပြီး ဆိုင်ကယ်ဖြင့်ရှေ့က ဦးဆောင်သွားသည်။

ပထမ ဝက်ထီးကန် ကန်စပ်တွင်ရှိသော အောင်မြေဘုရားသို့ ဝင်၍ပူဇော်ရှိခိုး ဓာတ်ပုံမှတ်တမ်းတင်ပြီး အောင်မြေနှင်းကြသည်။ ဝက်



ဝက်ထီးကန်ဘေးမှ လှမ်းမြင်ရသော ဝက်ထီးကန်စေတီ



www.burmeseclassic.com

www.burmeseclassic.com



ထီးကန်ကြီးမှာ အတော်ကျယ်ပြောလှသော်လည်း ပေဒါပင်များနှင့် ပြည့်ကျပ်နေသည်။ ထိုမှအပြန်တွင် ဦးမြင့်ဦးက နေ့လယ်စာကျွေးရန် ဆန္ဒပြုသော်လည်း ကျွန်ုပ်တို့ လက်မခံနိုင်ခဲ့။ အဘဦးစိန်ဟန်အိမ်က ဖိတ်ထားပြီးဖြစ်သည်။ နေ့လယ်စာအား အရေးပေါ်စီစဉ်ထားသော်လည်း ကျွန်ုပ်တို့အဖွဲ့ ခရီးပန်း၍ စားဝင်ကြသည်။ ပြီးနောက် အချိုပွဲအဖြစ် သဘော်သီးမုန့်၊ လက်ဖက်သုပ်တို့ဖြင့် ဧည့်ခံပြန်သည်။ ပဲသီစစ်စစ်ဆမ်းထားသော လက်ဖက်သုပ်မှာ စား၍ကောင်းလှသည်။ အသီးအနှံလည်း ပေါကြောင်း သိရသည်။



စားသွယ်ရာများကို ချက်ချင်းစီစဉ်ကျွေးမွေးကြသော
ဝက်ထီးကန်မှ စာချစ်သူညီအစ်မများ





ကျွန်ုပ်တို့စားသောက်ပြီးတော့ ဘုရားဒါယကာ အဘဦးစိန်ဟန်က ဦးဆောင်၍ 'မဏိဒီပ၊ ရတနာစဥ္စု၊ ထွန်းမှန်ကူ၊ လောကတန်ဆောင်၊ ရတနာစာန်အောင် ဘုရားငါးဆူသို့ လိုက်ပို့သည်။ နယ်ခံပါ၍ အဆင်ပြေသည်။ ဘုရားစုံအောင် ဖူးရသည်။



ဝက်ထီးကန်သမိုင်းကို ရှင်းပြသော အဘနှင့်အတူ

အပြန်လမ်းတွင် သရေခေတ္တရာ (သီရိခေတ္တရာ) မြို့ဟောင်းနှင့် မော်စာရှေးဟောင်းပြတိုက်သို့ ဝင်သည်။ သီရိခေတ္တရာမြို့ဟောင်းမှ တူးဖော်ရရှိထားသော AD–၄ ရာစုခေတ်က မြေထည်ပစ္စည်းများနှင့် ပုတီးများ၊ ကျောက်စာများနှင့် အရိုးအိုးများ၊ သံမှယ်နများ ဖြစ်ကြသည်။ သဲအုတ်များနှင့်လုပ်ထားသော်လည်း အလွန်လက်ရာမြောက်သည်။ ကျွန်ုပ်တို့ တစ်ယောက်လျှင် ၂၀၀ ကျပ်စီ ဝင်ကြေးပေးပြီး လေ့လာကြသည်။

www.burmeseclassic.com



နှစ်ပေါင်းများစွာကြာမြင့်ပြီဖြစ်သော်လည်း ပျူခေတ်လက်ရာ အုတ်ခွ
ဘုရားများနှင့် ဆင်းတုတော်များမှာ လက်ရာမြောက်၍ သပ္ပာယ်လှသည်
အထူးခြားဆုံးမှာ အိမ်မိုးအုတ်ကြွပ်များနှင့် သံမယ်နများဖြစ်သည်။ လ
ရာကောင်းသည်။ သံမယ်နများမှာ အချောင်း၊ အကောက် ပုံစံစုံသည်
ပျူခေတ်တပင် ရှေးမြန်မာကြီးများ သံထည်လုပ်ကိုင်ရာတွင် နိုင်နင်း
ဖြစ်ကြောင်း အထောက်အထားပင်ဖြစ်သည်။

ကိုညီမြိုင်းတို့ မှင်မခန်းမကြီးထဲတွင် ကျောက်စိမ်းပုတီးများအ
လေ့လာနေစဉ် ကျွန်ုပ်တစ်ဦးတည်း အနောက်ဘက်အဆောင်သို့ ကူ
သည်။ အနောက်အဆောင်ထဲတွင် ပျူခေတ်အရိုးအိုးပုံစံအမျိုးမျိုးအ
တွေ့ရသည်။ ပျူစာရေးထိုးထားသော ကျောက်စာချပ်ကြီးများကိုလည်
တွေ့ရသဖြင့် ကျွန်ုပ်လေ့လာနေစဉ် တောစပယ်ပန်းရနံ့ကို ရှူရှိုက်မိသ
ပတ်ဝန်းကျင်အား ကြည့်မိရာ ကျောက်ဖျာကြီးများကွယ်နေသောနေရ
အမျိုးသမီးတစ်ဦး ထွက်လာသည်။ အစိမ်းရောင်ဝတ်စုံနှင့်ဖြစ်သည်

သေသေချာချာကြည့်မှ မနက်က ရွှေဆံတော်ဘုရားပေါ်တွ
ကျွန်ုပ်နှင့်ဆုံခဲ့သော အမျိုးသမီးပင် ဖြစ်နေသည်။ ကျွန်ုပ် အလွန်အံ့
လွန်း၍ ငေးမောမိရာ သူမက လိုက်လှဲစွာပြုံး၍ နှုတ်ဆက်သည်။ သို့သေ
စကားတော့ မပြော။

သူမ အနောက်ဆောင်ထဲမှထွက်သွားတော့ တောစပယ်ရနံ့
ပျံ့လွင့်၍ကျန်ခဲ့သည်။ သူမနှင့်ကျွန်ုပ် ဆုံခဲ့သည်မှာ နှစ်ကြိမ်ရှိပေ
သူမမှာ အဖော်လည်း ပါဟန်မတူပါ။

မကြာမီ ကိုညီမြိုင်းနှင့်ကိုတင်ထွန်းတို့အဖွဲ့ ရောက်လာကြသည်

ကိုညီမြိုင်း . . .





"ဟော . . . ထောင်မှူးကြီးက တစ်ယောက်တည်း ကျိတ်ပြီး လေ့လာနေတာပျို။ ကျမ်းပြုတော့မယ်ထင်တယ်"

ကျွန်ုပ် . . .

"မခနဲ့ပါနဲ့ ကိုမြိုင်းရယ်။ ကိုယ့်စိတ်တူးနဲ့ ကိုယ်ပါ။ ဒါနဲ့ ခင်ဗျား တို့ဝင်လာတုန်းက မြစိမ်းရောင်ဝင်းသမီးလေးကို တွေ့လိုက်သေးသလား။ တောစပယ်တွေဝေနေအောင် ပန်ထားတယ်လေ"

ကိုညီမြိုင်း . . .

"ထောင်မှူးကြီးဇာတ်လမ်းရှာပြီထင်ပါရဲ့။ ဘယ်သူ့ကိုမှ မတွေ့ လိုက်ရပါဘူးဗျာ။ အနောက်ဆောင်ထဲရောက်တော့ ခင်ဗျားတစ်ယောက် တည်းကိုပဲ တွေ့ရတာပါ။ အလို . ဘာနံ့ပါလိမ့်။ စံပယ်ပန်းနံ့လိုပဲ။ ဒါပေမဲ့ စံပယ်ပန်းရနံ့ထက်ပြင်းပြီး ပိုမွှေးတယ်ဗျ။ ဘာနံ့ပါလိမ့်"

ကိုတင်ထွန်း . . .

"အဲဒါ တောစပယ်ပန်းရနံ့ပေါ့ ဆရာမြိုင်းရဲ့"

ကိုနေစိုးသော် . . .

"ထောင်မှူးကြီး တကယ်မြင်လိုက်တာလား။ ကျွန်တော်တို့နဲ့ တော့ ဘယ်အမျိုးသမီးနဲ့မှ မဆုံဖြစ်ဘူးဗျ။ ဒေါ်ပေါက်ကများ ထွက်သွား သလားမသိဘူး။ ဒီပြတိုက်ထဲမှာလည်း ဝင်ကြေးကောက်တဲ့စာရေးမတစ် ယောက်ပဲ ရှိပါတယ်။ သူကလည်း အဖြူရောင်အကျႌနဲ့ အပြာရောင်ထဘီ ယူနီဖောင်းပဲ ဝတ်ထားတာပါ။ စံပယ်ပန်းလည်း ပန်မထားပါဘူး။ ဗျူး တော့ ထူးဆန်းနေပြီထင်တယ်"

ကျွန်ုပ် . . .

"ခင်ဗျားတို့အဖွဲ့ ဝင်လာခါနီးမှ ကျွန်တော့်ကို ပြုံးနှုတ်ဆက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ဒီအပေါက်က ထွက်သွားတာပဲဗျ"

ကိုညိုမှိုင်း . . .

"ဆရာထောင်မှူးကြီးကတော့ ဂမ္ဘီရစာရေးဆရာလို့ မပြောရဘူး။ လုပ်ချလိုက်မြန်ပြီ"

ကျွန်ုပ် . . .

"ကိုမှိုင်း . . . ကျွန်တော်က ဘာတွေညာတွေလို့ ပြောတာ မဟုတ်ဘူးနော်။ ကျွန်တော်တကယ်မြင်လိုက်လို့ပြောတာ။ ခင်ဗျားတို့သရဲ တစ္ဆေ စာရေးဆရာတွေလို ဥစ္စာစောင့်တွေဘာတွေလို့ ပြောတာ မဟုတ်ဘူး။ ကျွန်တော် တတကယ်မြင်လို့ တကယ်ပြောတာ။ မနက်ကလည်း ကျွန်တော် ရွှေဆံတော်ဘုရားပေါ်မှာ သူမကို မြင်ခဲ့သေးတယ်။ အခုလည်း ကြည့်ပါလား။ တောစံပယ်ပန်းနံ့တောင် ကျန်ခဲ့သေးတယ်"

ကိုတင်ထွန်း . . .

"ဟုတ်ပါတယ် ဆရာရယ်။ ကျွန်တော်တို့ ယုံပါတယ်။ ဆရာ့ကို စနေကြတာပါ။ ဒါပေမဲ့ အဲဒီအမျိုးသမီးကလေးက ဘယ်ကလာပြီး ဘယ်လိုပျောက်သွားတာလဲဆိုတာ ကျွန်တော်စဉ်းစားနေတာပါ"

ကျွန်ုပ် . . .

"အေး . . . အေး . . . မယုံရင်လည်း စဉ်းစားကြပေါ့။ နောက်တစ်ခါတွေ့ရင်တော့ မေတ္တာရပ်ခံပြီး ခင်ဗျားတို့နဲ့တွေ့အောင် လုပ်ပေးမယ်"

ကျွန်ုပ်ဒေါသထွက်သွားမှန်းသိ၍ သူတို့ငြိမ်သွားသည်။ ကျွန်ုပ်လည်း ရှေးဟောင်းပစ္စည်းများကို လေ့လာရသည်မှာ ငြီးစီစီဖြစ်လာ၍ အရှေ့ဆောင်သို့မသွားတော့ဘဲ မြတိုက်အဝထွက်၍ အင်တော့ခုံတန်းပေါ်သို့





ထိုင်ရာ ဦးမြင့်အောင်နှင့်သားတော်မောင် ရောက်လာပြီး . . .

ဦးမြင့်အောင် . . .

"ဆရာတို့ ဘာတွေစကားများနေကြတာလဲ။ တစ်စွန်းတစ်စတော့ ကြားလိုက်ရသလိုပဲ။ အစိမ်းရောင်ဝတ်တဲ့ မိန်းကလေးကိစ္စ ထင်ပါရဲ့ ဆရာ"

"ဟုတ်ပါတယ်ဗျာ။ တောစံပယ်ပန်းတွေပန်ထားတဲ့ အစိမ်းရောင်ဝတ် မိန်းကလေးလေ။ ဦးမြင့်အောင်တို့ရော မြင်လိုက်ရသလား"

သား . . .

"ကျွန်တော်လည်း မြင်လိုက်တယ် အဖေ။ အနီးကပ်တော့ မဟုတ်ဘူး။ ကျွန်တော်တို့ မြတိုက်ထဲက ထွက်လာတော့ ကျွန်တော်တို့ မြတိုက်ရှေ့မှာ ရပ်ထားတဲ့ကားနားက ထွက်လာပြီး လမ်းမကြီးအတိုင်း ထွက်သွားတာကို မြင်လိုက်ရတယ်"

ဦးမြင့်အောင် . . .

"ဟေ . . . ဟုတ်သလား သားရ။ အဖေတော့ မမြင်လိုက်မိဘူး။ တစ်ယောက်တည်းလား သားရ"

"ဟုတ်တယ်အဖေ။ တစ်ယောက်တည်းပဲ။ အဖော်လည်း မပါဘူး"

"အေးကွာ . . .။ ဆရာဦးသိန်းဝင်းက ရွှေဆံတော်ဘုရားပေါ်မှာ တွေ့ခဲ့တယ်ဆိုတော့ ပြည်မြို့ကပဲထင်ပါရဲ့။ လမ်းမှာတွေ့ရင်လည်း ခရီးကြုံခေါ်တင်ပြီး ကူညီရတာပေါ့။ သူ့ခမျာ တစ်ယောက်တည်းဆိုတော့ ကူညီစောင့်ရှောက်ရမှာပေါ့လေ"

"အဖေ . . . ဒီနားမှာ ရှေးဟောင်းသုတေသနသင်တန်း



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းရှိတယ်။ အဲဒီက သင်တန်းသူများ ဖြစ်နေမလားမသိဘူး"

ကျွန်ုပ်တို့စကားကောင်းနေစဉ် ကိုညိုမှိုင်းတို့အဖွဲ့ ထွက်လာသဖြင့် ကျွန်ုပ်တို့ ပြတိုက်မှ ပြန်ထွက်ခဲ့ကြသည်။ သင်တန်းကျောင်းကို



သီရိခေတ္တရာမြို့ဟောင်းအဝင် နဂါးတွန့်တံတား

ကျော်တော့ လက်ဝဲဘက်တွင် သီရိခေတ္တရာမြို့ရိုးဟောင်းကြီးအား ဦးမြင့်အောင်က လှမ်းပြသည်။ ထိုစဉ် မြို့ရိုးဟောင်းခြေရင်းတွင် မြို့ရိုးဟောင်းကြီးအား မျှော်ငေးကြည့်နေသည့် အစိမ်းရောင်အမျိုးသမီးအရိပ်တစ်ခုအား ကျွန်ုပ်ရိပ်ခနဲတွေ့လိုက်ရသဖြင့် . . .

ကျွန်ုပ် . . .

"ကားခဏရပ်ပါ။ ဟိုမှာ . . . ဟိုမှာ . . . အစိမ်းရောင်အမျိုးသမီး အုတ်ရိုးဟောင်းကြီးခြေရင်းမှာ"



ဦးမြင့်အောင်၏သားက ကားကို ချက်ချင်းရပ်ပေးသည်။ ကျွန်ုပ်၏အော်သံကြောင့် အားလုံးအောက်ဆင်း၍ကြည့်ကြသည်။ တောစပ်အလယ်မှ အုတ်မြို့ရိုးဟောင်းကြီးအနီးတွင် တစ်စုံတစ်ဦးကိုမျှ မတွေ့ရ။ တောချုံဖုတ်များကွယ်နေ၍လည်း ဖြစ်နိုင်သည်။ မြို့ရိုးဟောင်းကြီးမှာ ကျွန်ုပ်တို့ကားရပ်ထားရာ ကားလမ်းမနှင့် အတော်အလှမ်းဝေးပါသည်။

ကိုညိုမှိုင်း . . .

"ကဲ . . . ဆရာထောင်မှူးကြီး . . . လက်လျှော့တော့။ အစိမ်းရောင်အမျိုးသမီးကို ဆရာတစ်ယောက်တည်းမြင်ရတာဆိုတော့ ဟုတ်တော့ဘူးထင်တယ်။ ဆရာခရီးပန်းပြီး အိပ်ရေးပျက်လို့ထင်ပါတယ်။ ကဲ . . . သွားကြစို့။ လမ်းမှာလည်း ဝင်စရာတွေရှိသေးတယ်"

ဦးမြင့်အောင် . . .

"မဟုတ်သေးဘူး ဆရာမှိုင်းရဲ့။ ဦးသိန်းဝင်းတစ်ယောက်တည်း မြင်တာမဟုတ်ဘူး။ ပြတိုက်အထွက်မှာ ကျွန်တော့်သားလည်း မြင်လိုက်ရတယ်လို့ ပြောပါတယ်"

သား . . .

"ဟုတ်ပါတယ်ခင်ဗျာ။ ကျွန်တော်လည်း ကားသောကမြင်သွားပြီး ဒီမြို့ရိုးဟောင်းဘက် လမ်းလျှောက်ထွက်သွားတာကို မြင်လိုက်ရပါတယ်"

ကိုတင်ထွန်း . . .

"ထားပါတော့ ဆရာတို့ရယ်။ ဒီရှေးဟောင်းသုတေသနဌာနမှ သင်တန်းသူတွေလည်း ဖြစ်နိုင်တာပါပဲ။ အမျိုးသမီးတစ်ယောက်တွေ့ရတာ ဘာထူးဆန်းလို့လဲ။ ဆရာမှိုင်းဖွတာနဲ့ ဆရာထောင်မှူးကြီးက ဖိ



www.burmeseclassic.com

www.burmeseclassic.com



ချင်ဖြစ်တော့ ဥစ္စာစောင့်လိုလို၊ သရဲတစ္ဆေလိုလို ဖြစ်ကုန်ကြတာပါ။ ကဲ . , ' သွားကြစို့ဗျာ''

ကျွန်ုပ်တို့လည်း မချင့်မရဲဖြစ်ပြီး ဆက်၍ခရီးထွက်ခဲ့ကြတော့သည်။ လမ်းတွင် အစိမ်းရောင်ဝတ်စုံဝတ်သော အမျိုးသမီးတစ်စုံတစ်ယောက်ကိုမျှ မတွေ့ခဲ့ရတော့ပါ။ ကျွန်ုပ်၏စိတ်ထဲ စွဲလမ်းနေမိသဖြင့် ထင်ယောင်ဝိုးဝါးမြင်ခဲ့ခြင်းလည်း ဖြစ်နိုင်ပေသည်။ ကျွန်ုပ် စိတ်ကိုလျှော့ချလိုက်မိတော့သည်။

ကျွန်ုပ်တို့ ဦးမြင့်အောင်အိမ်ပြန်ရောက်တော့ ညနေစောင်းပေပြီ။ ခေတ္တနားပြီး ရေမိုးချိုးကြသည်။ ပြီးနောက် အဝတ်အစားလဲ၍ ဦးမြင့်အောင်၏အစီအစဉ်အတိုင်း ဂျစ်ကားဖြင့် မြို့ထဲထွက်ခဲ့ကြသည်။ ပြည်မြို့မှ လက်ဆောင်ပစ္စည်းများ ဝယ်ရန်ဖြစ်သည်။ ယိုစုံလုပ်သည့် ဆိုင်ကြီးတစ်ဆိုင်သို့ ဝင်ကြသည်။ ဦးမြင့်အောင်၏ အသိဆိုင်ဖြစ်သည်။ ဆိုင်တွင်းဝင်သည်နှင့် ဆိုင်ရှင်များက ဖိုက်လှဲစွာကြိုဆိုပြီး နေရာထိုင်ခင်းပေး၍ ရှောက်ယို၊ သရက်ယို၊ ဘတွတ်ယိုတို့ဖြင့် ဧည့်ခံသည်။ ကျွန်ုပ်တို့ မြည်းစမ်းကြပြီး ကြိုက်နှစ်သက်ရာယိုစုံများအား ပြည်မြို့ပြန် အမှတ်တရလက်ဆောင်ပေးရန် ဝယ်ကြသည်။

နောက်တစ်ဆိုင်တွင်လည်း ပြည်မြို့လုပ် မုန့်ချိုအမျိုးမျိုး မလိုင်လုံးနှင့် အကြော်စုံ၊ လက်ဖက်တို့ကို ဝယ်ကြပြန်သည်။ မောင်ညိုမှိုင်းမှာ ဆွေကြီးမျိုးကြီးရှိဟန်တူသည်။ သူဝယ်သောလက်ဆောင်ပစ္စည်းများမှာ သူတစ်ယောက်တည်း မနိုင်၍ အခြားသူများက ဝိုင်းဆွဲပေးရသေးသည်။

ကိုညိုမှိုင်းနှင့် ကျွန်ုပ်မှာ ညီအစ်ကိုအရင်းနှယ် ရင်းနှီးခင်မင်ကြသည်။ တွေ့သည်နှင့် နောက်ပြောင်ပြောဆိုပြီး ဦးသူက စ၍ဆော်တော့



သည်။ ကျွန်ုပ်တို့နှစ်ဦးကြားတွင် ဖျန်ဖြေသလိုလိုနှင့်ဘေးဝင်တီးပြီး မြှောက်ပင့်ပေးသူက ကျွန်ုပ်တို့၏ထုတ်ဝေသူ သင်္ကောင်းသားကိုတင်ထွန်းပင် ဖြစ်သည်။

ကျွန်ုပ်နှင့်ကိုမှိုင်း စကားနိုင်လုကြလျှင် ကိုတင်ထွန်းက အားရဝမ်းသာကြည့်နေတတ်သည်။ အသာစီးရသူဘက်မှ မြှောက်ပေးတတ်သည်။ နိမ့်သူဘက်ကိုလည်း မညှာ။ ဖခ်ချင်အောင်ပြောဆိုပြီး မီးထိုးပေးတော့သည်။ ထို့ကြောင့် တစ်ခါတစ်ရံတွင် ကျွန်ုပ်နှင့်ကိုမှိုင်း တိုင်ပင်ညှိနှိုင်းပြီး သရုပ်ပြ၍ ကိုတင်ထွန်းစကားဝိုင်းထဲသို့ဝင်အလာကို စောင့်သည်။ ပြီးသည်နှင့် ဗိသုကာလေးဖြင့်ဘေးပစ်သလို သူ့ကိုဝိုင်းဆော်ကြတော့သည်။

ထိုအချိန်ကျတော့လည်း ထုတ်ဝေသူကိုတင်ထွန်းမျက်နှာကလေးမှာ သနားစရာ။ ခုနစ်လနှင့်မွေးသော ကလေးငယ်ကို တရုတ်နို့မှုန့်များလည်း မတိုက်ရဲသဖြင့် မိခင်၏နို့ပိန်ကလေးအား မဝတစ်ဝတိုက်ထားရသလို မျက်နှာကလေးမှာ ချောင်ကျသွားတတ်သည်။

သူက ခံစားချက်ရှိသူဖြစ်၍ ကျွန်ုပ်တို့မှာ အလွန်အကျွံတော့ မစရဲ။ တော်ကြာ စိတ်ဝေဒနာရှင်တစ်ယောက်ဖြစ်သွားလျှင် ကျွန်ုပ်တို့၏ ထမင်းအိုးကြီးအက်၍ နောက်တစ်လုံးအသစ်ဝယ်ရပေတော့မည်။ ကျွန်ုပ်တို့က အိုးသစ်ကို မကြိုက်။ အဟောင်းက အထာကျနေပြီဖြစ်၍ အချိန်အဆမှန်ကန်နေသောကြောင့် ဖြစ်ပေသည်။

ပြည်မြို့မှာ အတော်ကျယ်ပြန့်သလို လမ်းဘေးတွင် အရိပ်ရအပင်များလည်းပေါများ၍ တစ်မြို့လုံးစိမ်းစိုသာယာနေသည်။ ထို့ကြောင့်လည်း ရန်ကုန်ထက် ရာသီဥတုမှာ ချမ်းအေးနေသည်။ မြို့တွင်း၌ပင် တောနှင့်၊ တောင်နှင့်၊ ဘုရားစေတီများဖြင့် စည်ကားသာယာလှသည်။

www.burmeseclassic.com



ဧရာဝတီမြစ်ကြီး၏ ကမ်းနဖူးဖြစ်၍လည်း ရာသီဥတုမှျတပြီး အေးချမ်း ဟန်တူပါသည်။


ပြည်မြို့ပတ်ဝန်းကျင်တွင် ကျယ်ပြောလှသောစပါးခင်းများက အနှံ့နေရာယူထားသည်။ မြောက်နဝင်းဆည်မှ စိုက်ပျိုးရေရသဖြင့် စပါး အပြင် ပဲမျိုးစုံလည်းထွက်သည်။ ပြည်မြို့ထွက် မလိုင်လုံးနှင့် လက်ဖက်၊ အကြော်စုံ၊ ယိုမျိုးစုံတို့မှာလည်း နာမည်ကြီးပေသည်။ သီရိခေတ္တရာ ပြည်မြို့မှာ ရှေးဟောင်းသမိုင်းဝင်မြို့ကြီးတစ်မြို့ ဖြစ်ပေတော့သည်။

✸ ✸ ✸

✸

(၃)

ညနေ (၆) နာရီခန့်တွင် ကျွန်ုပ်တို့အဖွဲ့ ဦးမြင့်အောင်၏ဂျစ်ကား တလေးဖြင့် ဧရာဝတီမြစ်ကို ဖြတ်ကျော်ဆောက်လုပ်ထားသော နဝဒေး တံတားပေါ်မှ ဖြတ်သန်းကာ အနောက်ဘက်ကမ်းသို့ ကူးခဲ့ကြသည်။ ဆောင်းရာသီဖြစ်၍ နေဝင်စောသည်။ ဧရာဝတီမြစ်ပြင်ကို ဖြတ်သန်း တိုက်ခတ်လာသော ဆောင်းရာသီညချမ်း လေနုအေးကလေးက စိမ့်ခနဲ အေးမြသွားစေသည်။ တော်ပါသေးသည်။ ကျွန်ုပ်တို့ ကိုယ်စီ အနွေးထည် များဝတ်လာကြသည်။



ကားတစ်စီးဖြင့် မနားတမ်းလိုက်ပို့ရှာသော ထောင်ပိုင်ကြီး၏သားငယ်

နဝဒေးတံတားကြီးမှာ မီးထိန်ထိန်လင်းနေသည်။ အရှေ့ဘက်ကမ်းသို့ပြန်ကြည့်ရာ ရွှေဆံတော်ဘုရားအား ညအမှောင်ထု တောအုပ်ထဲတွင် ရွှေရောင်များပြိုးပြက်လင်းလက်ပြီး သပ္ပာယ်စွာဖူးတွေ့ရသည်။ ကျွန်ုပ်တို့ မုန့်များဝယ်နေ၍ အချိန်နောက်ကျသွားဟန်တူသည်။ ဧရာဝတီမြစ်ကြီး၏ နေဝင်ဆည်းဆာအလှ (Sun Set) ကို မမြင်ရတော့ပါ။ ဧရာဝတီမြစ်ပြင်ကြီးနှင့် တောတန်း၊ တောင်တန်းတစ်ခုလုံးမှာ မှောင်မည်းနေတော့သည်။ ကားလေးဖြင့် ငါးမိနစ်ကျော်ခန့်မောင်းမှ အနောက်ဘက်ကမ်းသို့ရောက်သည်။ ဆင်တဲနှင့်တောင်ကုတ်သို့ သွားရာလမ်းဖြစ်ပေမည်။

နဝဒေးတံတားကြီးအား ဖြတ်သန်းကျော်လွှားပြီးနောက် တစ်ဖက်ကမ်းရောက်သည်နှင့် လက်ဝဲဘက်သို့ ချိုးကွေ့ဝင်ရောက်ရသည်။



တောလမ်း၊ တောင်ပတ်လမ်းဖြစ်သည်။ ဆိုင်ကယ်များနှင့်လမ်းလျှောက်သူများ ဥဒဟိုသွားနေကြသည်။ လမ်းမီးမရှိ၊ တောလမ်းအတိသာ။ ကားချင်းဆုံလျှင်တော့ ဘေးချရပ်ပြီး ဖြည်းဖြည်းမောင်းရသည်။ အကွေ့အကောက်၊ အတက်အဆင်းကလည်း အလွန်များသည်။

တောထဲသို့ တစ်မိုင်ကျော်ခန့်ဝင်လာမှ ဧရာဝတီမြစ်ကမ်းဘေးရှိ ဘုရားကြီးတစ်ဆူကို ဖူးတွေ့ရသည်။ မြစ်ကမ်းနဖူး တောင်ကုန်းပေါ်တွင် ကြီးမားခန့်ထည်စွာ တည်ထားကိုးကွယ်သော စေတီတော်ကြီးတစ်ဆူ



ရွှေဘုံသာမုနိဘုရား

ဖြစ်ပေသည်။ ဘွဲ့တော်မှာ 'ရွှေဘုံသာမုနိ' ဖြစ်သည်။ မီးမောင်းကြီးများထိုး၍ ပူဇော်ထားသဖြင့် ဧရာဝတီမြစ်ရေပြင်တွင် အရိပ်ထင်နေရာ အလွန်သပ္ပာယ်ကြည်ညိုဖွယ်ရာဝင် ဖြစ်တော့သည်။

www.burmeseclassic.com



ကျွန်ုပ်တို့အဖွဲ့ ရွှေဘုံသာမုနိဘုရားကြီးပေါ်သို့ တက်ကြသည်။ မထမဆုံးတွေ့သည့်တန်ဆောင်းတွင်းဝင်၍ ဘုရားဝတ်ပြုကြသည်။ တိုက်ဆိုင်သည်ကတော့ သောကြာနံထောင့်ဖြစ်နေခြင်းပင်။ ကျွန်ုပ်တို့ ပြည်ရောက်သည်နှင့် ရွှေဆံတော်၊ ဝက်ထီးကန်အောင်မြေဘုရား၊ လောကတန်ဆောင်နှင့် ရတနာမာန်အောင်ဘုရားများအား ပူဇော်ရန်ဝင်ရောက်သည်နှင့် သောကြာထောင့်များတွင် မရှာဖွေရဘဲ ထိုင်မိလျက်သားဖြစ်နေခြင်းများက ထူးဆန်းလှသည်။

ယခုလည်း ထူးဆန်းနေပြန်သည်။ ရွှေဘုံသာမုနိဘုရားကြီး၏ သောကြာထောင့်တွင် ထိုင်မိလျက်သားဖြစ်ပြီး ပူဇော်နေမိပြန်သည်။



ရွှေဘုံသာမုနိစေတီတော်မြတ်ကြီး

ဗိုလ်ရှိထူးခြားသည်က ဘုရားပန်းဆိုးသုံးလုံးတွင် သစ္စာပန်း၊ ဒိဗင်ဘာပန်းနှင့် တောစံပယ်ပန်းများ ဝေနေခြင်းဖြစ်သည်။





မောင်ညိုမှိုင်း . . .

"ကိုသိန်းဝင်း . . . ဘယ်လိုလဲဗျ။ တောစံပယ်ပန်းရနံ့က သင်းလှချည်လား။ ခင်ဗျားတွေ့ခဲ့တဲ့ မြစိမ်းမင်းသမီးနဲ့များ ပတ်သက်နေပြန်ပြီလား"

ကျွန်ုပ် . . .

"အင်း . . . ထူးတော့ ထူးတယ်ဗျ။ ကျွန်တော်တို့ ပြည်ရောက်ကတည်းက ဘုရားဖူးတိုင်း သောကြာထောင့်နဲ့ဆုံတာရယ်၊ တောစံပယ်ပန်းအနံ့ကို ရတာရယ်က အတော်ဆန်းကြယ်နေတယ်နော်"

ကိုတင်ထွန်း . . .

"ဆရာက ပဌာန်းဆက်စက်ပါဝဏ္ဏကို ရေးခဲ့တာဆိုတော့ ဆရာ့ရဲ့ပဌာန်းဆက်တွေက လိုက်ပြီးစောင့်ရှောက်တာထင်ပါရဲ့"

မောင်ညိုမှိုင်း . . .

"ကိုတင်ထွန်းရေ . . . ဆရာထောင်မှူးကြီးနား သိပ်မကပ်နဲ့ဗျ။ သူက အရင်ဘဝက ပဌာန်းဆက်တွေ များလွန်းလို့ မြစိမ်းမင်းသမီးတင် မကဘူး။ အစောင့်အရှောက်၊ ဘီလူးကျွန်တွေလည်း ကိုယ်ရောင်ဖျောက်ပြီး စောင့်ရှောက်နေနိုင်တယ်။ သထုံမြို့က ရွှေစာရံဘုရားမှာလည်း သူ့ဘကြီး ဒေဝယက္ခဘီလူးကြီးရှိနေတာ ခင်ဗျားလည်းအသိသားပဲလေ"

"ဟုတ်တယ်ဆရာမှိုင်းရေ။ ကျွန်တော်တောင် မေ့တော့မလို့။ ဆရာထောင်မှူးကြီးတို့က ဒေဝယက္ခမျိုးပဲနော်"

ထိုစဉ် ဆရာနေမိုးသော်က ဝင်တားလာသည်။

"ဆရာတို့ စကားကို ဆင်ခြင်ပြောကြပါ။ ကျွန်တော်ဟာ ရဟန်းဝတ်နဲ့ ဒီဘုရားကို ရောက်ဖူးတယ်။ လက်ဝဲဘက်သရက်ပင်ကြီးအနောက်

www.burmeseclassic.com



ဘက်မှာ မမြစိမ်းရဲ့နတ်နန်းရှိတယ်။ ယုံကြည်သူများလို့ Aircon တောင် တပ်ပြီး လှူဒါန်းထားကြတယ်။ ဒီနယ်မြေက မမြစိမ်းရဲ့နယ်မြေပါ။ နောက် တာပြောင်တာဖြစ်စေမယ့် တောထဲတောင်ထဲမှာမို့ စကားကို ဆင်ခြင် ပြောတာ အကောင်းဆုံးပါပဲ။ အများမပါတော့ဘူးပေါ့"

ကိုနေစိုးသော်ဝင်ဟန့်တော့မှ ကိုညိုမှိုင်းနှင့်ကိုတင်ထွန်းတို့ ပါး စပ်ပိတ်သွားကြသည်။ သရဲတစ္ဆေဆရာ မောင်ညိုမှိုင်းလည်း ငြိမ်ကုပ် သွားသည်။ အဆင်းအီးတပ်ပြီး ဝင်နိုပ်တတ်သည့် ကိုတင်ထွန်းလည်း ဆောင်းညချမ်း၌ ဇောချွေးများပြန်အောင် ကြောက်ရွံ့သွားသဖြင့် သူ့ မျက်နှာလေးမှာ ဆီးရွက်ခန့်သာရှိတော့သည်။

ထိုစဉ်တွင် ထောင်မှိုင်ကြီးဦးမြင့်အောင်က . . .

"ကဲ . . . လာပါဗျာ။ ခေတ်လူကြီးတွေပဲ။ ယုံတာ၊ မယုံတာ အပထားပြီး မမြစိမ်းနတ်နန်းကို သွားလေ့လာရအောင်ပါ။ သူ့နယ်မြေ ဆိုတော့ စကားအပြောအဆိုဆင်ခြင်ကြဗျာ။ မမြစိမ်းနတ်နန်းကိုတော့ ယောက်ျားတွေ သွားခဲတယ်ဗျ။ မိန်းမပျိုလေးတွေသွားပြီး လိုရာဆုတောင်း ကြတာများတယ်။ စာမေးပွဲအောင်ဖို့ကိစ္စ၊ အချစ်ရေးကိစ္စတွေပေါ့ဗျာ"

မောင်ညိုမှိုင်း . . .

"မမြစိမ်းဇာတ်က ပန်တျာကြည်လင်နဲ့ မဿိုင်သန်းသန်းမြင့်နဲ့ က,တာဗျ။ အလွန်ကြည့်ကောင်းပြီး သားရှင်ပြုခါနီးမှာ မိသားစုပြို့ကွဲရတဲ့ ဇာတ်လမ်းပဲ။ ဇာတ်က အလွန်နာတယ်။ ပွဲကြည့်ပရိသတ်မျက်ရည်လည် ရတဲ့ ဇာတ်ပေါ့။ ဇာတ်စကားပြောအဖွဲ့အနွဲ့ကလည်း အလွန်ကောင်းတယ်။ နောက်ပြီး တခြားမင်းသမီး မင်းသားလည်း က,သေးတယ်။ ဇာတ်လမ်း ကို ဇာတ်ပြားတောင်သွင်းပြီး အလွန်အောင်မြင်ခဲ့တာပါ"





ကျွန်ုပ်တို့ စကားပြောရင်း ဘုရားရင်ပြင်တော်ပေါ်ရှိ သရက်ပင် ကြီးအနီးရှိ အားကောင်းလှသော မီးမောင်းကြီးအောက်မှ ဖြတ်လျှောက်




အမြောက်အမြားသွားရောက်ကြည့်ညို မမြစိမ်းနန်း

www.burmeseclassic.com

www.burmeseclassic.com



လာကြသည်။ ဘုရားခါတော်ဘက်ထောင့်၌ အစိမ်းရောင်မီးများ ထွန်းထားသော နတ်နန်းတစ်ခုသို့ ရောက်သည်။ ခေါင်းစီးတွင် အစ်မတော် မပြုစိမ်းနတ်နန်းဟု ကမ္ပည်းရေးထိုးထားသည်။ နတ်နန်းတံခါးအား ဖွင့်ထား၍ ကျွန်ုပ်တို့အလျှင် အမျိုးသမီးလေးနှစ်ဦး အထဲတွင်ရှိနေသည်။ အလှူငွေနှင့် စံပယ်ပန်းများ ကပ်နေကြခြင်းဖြစ်သည်။ ကျွန်ုပ်တို့ နတ်နန်းထဲရောက်သည်နှင့် အေးစိမ့်သွားသည်။ Aircon တပ်ထားခြင်း ဖြစ်သည်။ စံပယ်ပန်းရနံ့ကလည်း မွှေးကြိုင်နေသည်။ ခေါင်းတွင် မကိုဋ် ဆောင်းထားပြီး တောစံပယ်ပန်းများ ဝေနေသည်။ လက်များနှင့် ပန်းအိုးများအတွင်း၌လည်း သစ္စာပန်းနှင့် စံပယ်ပန်းများ အပြည့်ပင်။

ရုပ်တုမှာ ပလာစတာရုပ်တုဖြစ်သည်။ အစိမ်းရောင်ဇာ အင်္ကျီနှင့် ချိတ်လုံချည်အစိမ်းရောင်ကို အချိုးကျဝတ်ဆင်ထားသည်။ မီးဆလိုက်ထိုးထားသဖြင့် တစ်ကိုယ်လုံးအား ထင်ရှားစွာမြင်နေရသည်။ မျက်နှာမှာ မိတ်တပ်လိမ်းထားသလို ဖြူဖင်ဉာဉ်ကျက်နေပြီး မျက်တောင်ကော့များကိုလည်း တပ်ဆင်ထားသဖြင့် သက်ရှိလူနှင့်အလွန်တူလှသည်။ လက်နှင့် မကိုဋ်တွင် ငွေစက္ကူမျိုးစုံကို လှူတန်းထားသည်။ နံဘေး မြေပြင်၌လည်း ငွေစက္ကူမျိုးစုံ ပြန့်ကျဲနေသည်။ လက်ဝဲဘက်နံဘေးတွင် ခုတင် (ညောင်စောင်း) တစ်ခုအား ပြင်ဆင်ထားရာ မွေ့ရာ၊ ခေါင်းအုံး စုံလင်သည်။ မကိုဋ်တစ်ခုအားလည်း ခုတင်ခြေရင်း၊ မွေ့ရာလိပ်ပေါ်တွင် တင်ထားသည်။ ငွေစက္ကူများကတော့ ခုတင်ပေါ်၌လည်း ပြန့်ကျဲလျက်။ သို့သော် မပြုစိမ်းနတ်နန်းတွင် အစောင့်မရှိ။ စည်သူမှုလည်း မယူကြ သည်ကို အံ့ဩစရာတွေ့ရသည်။

ခုတင် (ညောင်စောင်း) ခြေရင်းတွင် ကြည့်မှန်ကြီးတစ်ချပ်ထောင်





ထားပြီး ဓာတ်ပုံတစ်ပုံအား မှန်နှင့်ကပ်၍ တင်ထားသည်။ ကျွန်ုပ် အသေအချာကြည့်မှ ကျွန်ုပ် ရွှေဆံတော်ဘုရားပေါ်၌လည်းကောင်း၊ ရော်စာပြ တိုက်၌လည်းကောင်း ဆုံတွေ့ခဲ့ရသော မြစိမ်းရောင်ဝတ်စုံဝတ် အမျိုးသမီးလေးဖြစ်နေသည်။ ရုပ်တုမှာ နန်းဝတ်နန်းစားနှင့်ဖြစ်၍ မတူလှသော်လည်း ဓာတ်ပုံမှာ သဘာဝကျပြီး ကျွန်ုပ်မြင်ခဲ့ရသူနှင့် တစ်ဆင်တည်းဖြစ်နေသည်။

ကျွန်ုပ်အသေအချာကြည့်နေစဉ် ဓာတ်ပုံကလေးမှာ လေမတိုက်ဘဲ မှောက်လျက်လဲသွားသည်။ ကျွန်ုပ် ကောက်ယူ၍ အသေအချာကြည့်ပြီး ပြန်ထောင်ပေးလိုက်သည်။



လူသားအစစ်ကဲ့သို့ ထင်မှတ်ရသောဓာတ်ပုံ



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ကိုတင်ထွန်းက ခေါ်သဖြင့် နတ်နန်းအဝင်ဝနံရံတွင် ချိတ်ဆွဲပူဇော်ထားသောဓာတ်ပုံကို ကြည့်မိပြန်သည်။ အဓောတ ပုံတလေး အား အကြီးချဲ့ထားခြင်းဖြစ်ပြီး ဓာတ်ပုံမှန်ပေါင်တွင် တောစံပယ်ပန်းများ အား သီကုံးပူဇော်ထားသည်။ ဓာတ်ပုံအကြီးချဲ့ထားသဖြင့် ပိုအသက်ဝင် သည်။ ရုပ်တုကိုရိုက်ထားသော ဓာတ်ပုံဟု မထင်ရ။ တကယ့်ဗီဘိ လူ အစစ်ပုံဖြစ်သည်။

ထိုစဉ် စံပယ်ပန်းရနံ့များ ထောင်းခနဲထသွားသည်။ ကျွန်ုပ် အံ့ဩတွေဝေနေမိစဉ် . . .

ကိုတင်ထွန်း . . .

"ဆရာ ့ အမှတ်တရဓာတ်ပုံ ရိုက်ရအောင်နော်"

ဟု ပြောဆိုကာ သူ၏ Digital Camera လေးအား ဖြင့်ဆင် သည်။ ထို့နောက် ရုပ်တုအား စတင်၍ရိုက်သည်။ မီးမပွင့်။ မော်တာ မလည်။ Battery မီးပင် မလာပါ။

ကိုတင်ထွန်း . . .

"ဆရာရေ . . . အံ့ဩစရာပဲဗျို့။ ကျွန်တော့်ကင်မရာကို ဒီဘုရားပေါ်ရောက်မှ ဓာတ်ခဲအသစ်လဲတာ။ နှစ်ပုံသုံးပုံပဲ ရိုက်ရသေး တယ်။ ဘယ်လိုဖြစ်တယ် မသိဘူး။ ထူးဆန်းလိုက်တာဗျာ"

ကိုတင်ထွန်း ကင်မရာအားဖွင့်ကြည့်နေစဉ် မောင်ညိုမှိုင်းက..

"ကျွန်တော်သိပြီဗျို့။ ခင်ဗျားကင်မရာ ပြန်တပ်လိုက်။ ကျွန် တော်တောင်းပန်ပေးမယ်။

အစ်မတော်မမြစိမ်းခင်ဗျား . . .။ ကျွန်တော်တို့ ရန်ကုန်မှ စာရေးဆရာညွှန့်သည်များ ဖြစ်ပါတယ်။ အမှားအယွင်းရှိလျှင် ခွင့်လွှတ်





တော်မူပါ။ ကျွန်တော်တို့အား ကူညီပါ။ ဓာတ်ပုံရိုက်ခွင့်ပြုပါ။

ကဲ . . . ကိုတင်ထွန်း။ ခင်ဗျားကင်မရာ စမ်းကြည့်စမ်းပါဦး"

ကိုတင်ထွန်းက ခလုတ်ဖွင့်လိုက်သည်နှင့် ဘက်ထရီမီး ပြန်လာ သည်။ ကျွန်ုပ်တို့ကလည်း အလွန်ဝမ်းသာပြီး အံ့ဩသွားမိသည်။

မောင်ညိုမှိုင်း . . .

"ကဲ . . . ကဲ . . . ခွင့်ပြုပြီ။ ရိုက်တော့ . . .။ ရပြီ"

သူ့စရိုက်နှင့်သူ့ဇာတ် ဟပ်နေတော့သည်။ ဤလိုနေရာမျိုးတွင် သရဲ တစ္ဆေဆရာ မောင်ညိုမှိုင်းက လုပ်တတ်ကိုင်တတ်သည်။ အထာ သိသည်။ ကျွန်ုပ်တို့ချည်းသာဆိုလျှင်တော့ ဓာတ်ပုံမရိုက်ရဘဲ ပြန်ရမည့် ကိန်းပင်။

ကိုတင်ထွန်းက ရုပ်တုအပြင် ကျွန်ုပ်ရိုက်ခိုင်းသောဓာတ်ပုံကို ပင် ဓာတ်ပုံပြန်ရိုက်ပေးသည်။ ကျွန်ုပ် အပြင်တွင် တွေ့မြင်ခဲ့ရသော မိန်းကလေးအလှမှာ ဓာတ်ပုံထဲတွင် ပို၍ပေါ်လွင်ထင်ရှားသည်။ နတ်နန်း ထဲမှာဖြစ်၍ ကျွန်ုပ်တို့ အပိုစကားမပြောတော့ပါ။ ဓာတ်ပုံများကိုသာ တစ်ပုံပြီးတစ်ပုံ ရိုက်ယူတော့သည်။

အပြန်တွင် ကျွန်ုပ်တို့ ရွှေဘုံသာမုနိဘုရားကြီးအား လက်အုပ်ချီ ပတ်၍ ပူဇော်သည်။ ပြီးနောက် စောင်းတန်းမှဆင်း၍ ရောဝတီမြစ်ကမ်း အလှအား ကြည့်ရှုကြသည်။

စောင်းတန်းအောက်ခြေတွင် စားသောက်ဆိုင်တန်းရှိသည်။ ရောဝတီမြစ်ကမ်းဘေးဖြစ်၍ လေတဖြူးဖြူးတိုက်နေပြီး အလွန်အေးချမ်း သာယာသော နေရာကလေးဖြစ်သည်။ အနောက်ဘက်လှည့်ကြည့်လိုက် သည်နှင့် ရွှေဘုံသာမုနိစေတီတော်မြတ်ကြီးအား ရွှေရောင်တဝင်းဝင်းနှင့်

www.burmeseclassic.com

www.burmeseclassic.com



ဖူးတွေ့ရသည်။

ကျွန်ုပ်တို့ ည (၈) နာရီခန့်တွင် နံ့ဝဒေးတံတားအား ဖြတ်ကျော်၍ မြည်မြို့ထဲသို့ ပြန်ဝင်လာကြသည်။ ညစာအား ထောင်ပိုင်ကြီးဦးမြင့်အောင်စီစဉ်ပေးသည့်အတိုင်း သူ့အိမ်တွင်တည်းခိုပြီး သူ့အိမ်တွင် စားကြသည်။

ဆရာမကြီးဒေါ်ချိုကလည်း အလွန်ယဉ်ဝတ်ကျေသော အမျိုးသမီးကြီးဖြစ်သည်။ ထောင်ပိုင်ကြီးဇနီးပီသစွာ မွန်ရည်ပျူငှာသည်။ ဒေါ်ချိုအမိခင်ကြီးလည်း လာသည်။ ကျောင်းအုပ်ဆရာကြီးဦးအေးမောင်လည်းလာ၍ ကျွန်ုပ်တို့နှင့် စကားပြောကြသည်။

ကျွန်ုပ်တို့၏စာဖတ်ပရိသတ်များ ဖြစ်သည့်အတိုင်း ကျွန်ုပ်တို့၏ဝတ္ထုများအား အကျအနပေဖန်သည်။ ကျွန်ုပ်တို့ ပီတိဖြစ်ရပါသည်။ ကောင်းသည်၊ ဆိုးသည်ကို စာဖတ်ပရိသတ်နှင့်တွေ့ဆုံပြီး အကြံပြုမှသာ ကျွန်ုပ်တို့သိရှိနိုင်မည်ဖြစ်ပေသည်။

ညသည်များပြန်သွားတော့ ဆရာမကြီးဒေါ်ချိုက မောင်ညိုမှိုင်းမှ စတင်ပြီး ကျွန်ုပ်တို့အားလုံးအား သွေးပေါင်ချိန်တိုင်းပေးသည့်အပြင် မကျေနပ်သေးဟန်ဖြင့် ညီမဖြစ်သူ ဆရာဝန်မအား ခေါ်၍စစ်ဆေးပြန်သည်။ ကျွန်ုပ်တို့ညသည်များ အားနာလောက်အောင်ပင် ဦးမြင့်အောင်နှင့်ဒေါ်ချိုတို့ဇနီးမောင်နှံမှ ဧည့်ဝတ်ကျေပွန်လွန်းလှပါသည်။

အိမ်ရှင်များ ညဉ့်နက်၍ အခန်းထဲမှပြန်သွားမှ ကျွန်ုပ်တို့ မမြစိမ်းအကြောင်း ဝေဖန်ကြသည်။ မောင်ညိုမှိုင်းက ယခင်က ဓာတ်ဆရာဖြစ်၍ မမြစိမ်းဓာတ်ကို သိနေသည်။ ယနေ့ တိုက်တိုက်ဆိုင်ဆိုင် ထူးဆန်းအံ့ဩဖွယ်အဖြစ်အပျက်နှင့်ကြုံမှ သူတို့လက်ခံကြသည်။





ထောင်ပိုင်ကြီးဇနီးသည် ဆရာမကြီးနှင့် ညီမ ဒေါက်တာတို့ကပင် စာရေးဆရာများကို သွေးစမ်းကြည့်ရှုသည်။
ကျန်းမာရေးစစ်ဆေးပေးခဲ့ကြသည်။

ကျွန်ုပ်တို့ ညဉ့် (၁၁) နာရီကျော်မှ အိပ်ရာဝင်ဖြစ်ကြသည်။ လုံခြုံအေးချမ်းသော Aircon အခန်းဖြစ်၍ နှစ်ခြိုက်စွာအိပ်ပျော်ကြသည်။

အိပ်ပျော်စဉ် အိပ်မက်မက်ရာ အိပ်မက်ထဲတွင် မမြစိမ်းနှင့်ဆုံသည်။ ရွှေဘုံသာမုနိဘုရားပေါ်၌လည်း မဟုတ်။ ရွှေဆံတော်ဘုရားပေါ်၌လည်း မဟုတ်ပါ။ ဂဝံလက်ရာဘုရားကြီးတစ်ဆူအနီးတွင် ဖြစ်သည်။ မှတ်မှတ်ရရ ထိုဘုရားကြီးမှာ ရွှေချထားခြင်း၊ ဆေးဖြူသုတ်ထားခြင်းမရှိ။ ဂဝံတိ အုတ်နီရောင်သာဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com





ဒွတ္တဘောင်မင်းကောင်းမှုတော် မင်းပေါင်းစုတည်စေတီ

ဘုရားဝင်းအတွင်း၌ မရိုးပင်ဖြူဖြူများနှင့် ပရန္နဝါပင်များ တောထ၍ ပေါက်နေသည်။ မမြစိမ်းမှာ ထုံးစံအတိုင်း အစိမ်းရောင်ဝတ်စုံ နှင့် တောစပယ်ဝန်းများကို ပန်ထားသည်။

မမြစိမ်း . . .

"စာရေးဆရာ . . . ဘာဖြစ်လို့ အစ်မတော်ပေးတဲ့ခါတ်ပုံကို မယူတာလဲ"

ကျွန်ုပ် . . .

"ကိုယ်ထိလက်ရောက်ပေးကမ်းတာ မဟုတ်တဲ့အတွက် ကျွန် တော်မယူရဲတာပါ။ ကျွန်တော်က သူရာမေရိယက်ကို တစ်ခါတလေကျူး လွန်တာကလွဲလို့ ကာငါးပါးကို အမြဲတမ်းလုံခြုံအောင် စောင့်ထိန်းပါတယ်။






သရေအကုံလည်း မြဲပါတယ်"

"အဲဒါကြောင့်လည်း အစ်မတော်က စာရေးဆရာကို စွန့်ကြဲ တာပါ။ စာရေးဆရာတို့ နောက်တစ်ခေါက် ပြည်မြို့ကို လာကြဦးမှာပါ။ အဲဒီတော့မှ ရဲရဲဝံ့ဝံ့ယူပါ။ အစ်မတော် အမှတ်တရစွန့်ကြဲတာပါ။ ဘဝ ဟောင်းက ပဋ္ဌာန်းဆက်တွေပဲလေ"

ကျွန်ုပ် အိပ်ရာကလန့်နိုးတော့ မနက် (၈) နာရီခန့်ရှိပါပြီ။ အခန်း ထဲတွင် စံပယ်ပန်းနံ့ ရနေသည်။ မျက်နှာသစ်၊ ဘုရားဝတ်ပြု၊ ပုတီးစိပ်ပြီး အမှုအတန်းဖေမိပါသည်။

ကျွန်ုပ်တို့ မနက်စာစား စားအပြီး ဆရာဦးမြင့်အောင်က ဘုရားတစ်ဆူအား ဖူးသွားရန် ခေါ်၍ လမ်းလျှောက်ကြရာ ငုံးတို့ချိရပ်



မင်းပေါင်းစုတည်စေတီတော်မှာ ပန်ထွာဘုရင်မကြီးကို ကြည်ညိုထားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကွက်ထိပ်တွင် ကျွန်ုပ် ညက အိပ်မက်ထဲတွင်ရောက်ခဲ့သောဘုရား ဖြစ်နေသည်။ အုတ်နီရောင်အုတ်ခဲများစီထားသည်။ ရွှေသင်္ကန်း ထုံးသင်္ကန်း ကပ်မထားပါ။

ဘုရားဘွဲ့တော်အမည်မှာ မင်းပေါင်းစုတည်ဘုရား။ ကုသိုလ်ရှင်မှာ ဒွတ္တဘောင်။ မင်းကြီးက မိဖုရားအတွက် အမှတ်တရတည်ထားကြောင်း ကျောက်စာရေးထိုးထားသည်။ ဘုရားဝင်းထဲတွင် တောင်မရိုးပင်များနှင့် ပရန္ဒဝါပင်များ တောထနေသည်။ ■

ထောင်မှူးကြီးသိန်းဝင်း

BURMESE CLASSIC
www.burmeseclassic.com